


www.burmeseclassic.com
ဂမ္ဘီရ ဆန်းကြယ် လုံးချင်း ဝတ္ထု။
လာဒ်ဆေါ် ဘကောင်းနှင့် မြွေခေါင်းတောင်
BURMESE CLASSIC
MYATLINN
www.burmeseclassic.com

www.burmeseclassic.com

ပဉ္စ ဂုဏ် အဟံ ဝန္ဒာမိ

လာဘ်ခေါ်ဘကောင်းနှင့် မြွေခေါင်းတောင်

ထုတ်ဝေခြင်း – ပထမအကြိမ်
၂၀၁၇ ခုနှစ်၊
အုပ်ရေ – ၅၀၀
တန်ဖိုး – ၁၃၀၀ ကျပ်
အဖုံးနှင့်အတွင်းပုံနှိပ်သူ – ဒေါ်ခင်ရွှေရှိမြင့်
ကောင်းဆုအော့ပ်ဆက်
အမှတ်(၅၂/ခ) ရွှေသင်းမာလမ်း၊
၁၃ ရပ်ကွက်၊ ရန်ကင်း။
ထုတ်ဝေသူ – ဦးလှနိုင် (မြိတ်စာပေ)
အမှတ်(၆၆) ဗိုလ်ဥတ္တမလမ်း၊
ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။
ဖြန့်ချိရေး – မြိတ်စာပေ (ဖုန်း-၀၉၇၃၂၄၅၀၄၈)
၂၂၁၊ ၃၀-လမ်း(အထက်)
ရန်ကုန်။
စီစဉ်သူ – ကိုလှနိုင် (မြိတ်)
ဖုန်း-၀၉ ၅၀ ၃၀၀၃၄

မင်းစက္က ၃၉၈ .၂

လာဘ်ခေါ်ဘကောင်းနှင့် မြွေခေါင်းတောင် – ရန်ကုန်
မြိတ်စာပေ၊ ၂၀၁၇။
၂၄၆-စာ၊ ၁၂ × ၁၈ စင်တီ
လာဘ်ခေါ်ဘကောင်းနှင့် မြွေခေါင်းတောင်

# မင်းစက္က

## လာဘ်ခေါ်ဘကောင်းနှင့် မြွေခေါင်းတောင်

မြိတ်စာပေ

အမှတ်(၂၂၁) ၃၀-လမ်း(အထက်) ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။
Ph : 09-732 45048, 09-503 1034

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


၁။ ထူးဆန်းသော လူတစ်ယောက်
၂။ ဒုတိယအကြိမ်ဆုံခြင်း
၃။ ရာဇဝင်နောက်ကြောင်း
၄။ ခရီးဆက်ပြီး သွားကြပြီ
၅။ လုပ်သားများ၏ ကြမ္မာဆိုး
၆။ လူစွန့်စား ၅ ဦး
၇။ လူပိတ်ပွဲနေ့ (သို့) ကြမ္မာဆိုးနေ့
၈။ နောက်ကြောင်းမအေးနိုင်သူ
၉။ ခရီးအစ သထုံက
၁၀။ အိပ်မက်ထဲက ကယ်တင်ရှင်
၁၁။ ခရီးဆုံးရဲ့ အစ
၁၂။ ဓာတ်ကြောင်းပြန်အတိတ်
၁၃။ ချိန်းထားသော နေရာ
၁၄။ တစ်ခန်းရပ် ဓာတ်လမ်းလေး ပြန်စပြီ
၁၅။ အဝတ်ဖြူစင်နဲ့ အဘ
၁၆။ အိပ်မက်လေလား၊ တကယ်လား
၁၇။ တောခြောက်တာလား၊ ငရဲလား
၁၈။ ကြွင်နှာခြင်းအစ မျက်စိက
၁၉။ အိပ်မပျော်သော ည
၂၀။ မြွေဦးခေါင်းတောင်သို့
၂၁။ မြွေတွေပေါ်တဲ့ မြွေခေါင်းတောင်
၂၂။ ဂူမွှင့်ပွဲ
၂၃။ လောဘသားများ အပြစ်
၂၄။ ရှေးဟောင်းစေတီနဲ့ သူတို့


## အခန်း (၁)

# ထူးဆန်းသော လူတစ်ယောက်

BURMESE CLASSIC

တစ်နေ့သ၌ ဘကောင်းတစ်ယောက် သယ်န်းကျွန်းဘုရားပေါ်သို့ ရောက်လာသည်၊ ဘကောင်းတွင် အဖော်ဆိုလို့ လွယ်အိတ်တစ်လုံးသာ ပါသည်။ လွယ်အိတ်မှာလည်း အညိုရောင် အနားပြားကြီးကြီးဖြင့် ပြုလုပ်ထားသည်။ တစ်ကိုယ်လုံးမှာလည်း ယောဂီအဝတ်အစား ဝတ်ထား၍ ယောဂီလားဟု လူတိုင်းက ထင်ချင် ထင်လိမ့်မည်။ ဒါပေမဲ့ ဘကောင်းက ယောဂီတော့ မဟုတ်ပါ၊ သူ့မှာက ဝတ်စရာဆိုလို့ ဒီဝတ်စုံသာ ရှိလို့ပါ။ ဒါတောင်ဒီဝတ်စုံကိုယောဂီတစ်ဦးကစွန့်ကြဲလို့သာဝတ်ရသည်။

သူ့ အရင် ဝတ်ထားသော အဝတ်အစားများမှာ ဖြင့်မ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းအောင် စုတ်နေသောကြောင့် ယောဂီတစ်ဦးက ပေးလိုက်ခြင်းဖြစ်သည်၊ ယောဂီနဲ့တွေ့ခဲ့သော နေရာကလည်း တောင်ဥက္ကလာဘုရားမှာ ဖြစ်သည်၊ အမြင်မတော်၍ ပေးလိုက်ခြင်းဖြစ်သည်၊ ဘကောင်းက ဘုရားတကာ လှည့်ကာသွားနေသော ခြေသလုံးအိမ်တိုင်တစ်ဦးဖြစ်သည်၊

ယခုလည်း သဃ်န်းကျွန်းဘုရားသို့ မထင်မှတ်ဘဲ ရောက်လာခဲ့သည်၊ ဒါကလည်း ဘကောင်းစိတ်ထဲရှိတဲ့ သွားချင်တဲ့နေရာသို့ရောက်အောင် သွားတတ်သော သူရဲ့ စိတ်ကို တားဆီးလို့ မရပါ၊ သူကိုယ်တိုင်ကလည်း စိတ်အလိုကို လိုက်တဲ့သူဆိုတော့ ရောက်ချင်တဲ့နေရာ၊ သွားချင်တဲ့နေရာကို သွားနေတယ်၊ သူ့ဖို့... နေရာအတည်တကျ မရှိပါ၊ ယခုလည်း သဃ်န်းကျွန်းဘုရားရဲ့ရှေ့လှေကားမှ တက်ခဲ့သည်၊

ဘုရားပေါ်သို့ ရောက်တော့ သူ ပထမဦးစွာတွေ့သော ဘုရားသို့ ဦးသုံးကြိမ်ချလိုက်သည်၊ ပြီးနောက် ဘုရားရဲ့အရိပ်ကောင်းသော နေရာတစ်ခုတွင် ထိုင်ကာ ပတ်ဝန်းကျင်ကို လှေ့လာနေမိသည်၊ ဘကောင်း ထိုင်နေသော နေရာရဲ့မျက်စောင်း





ထိုးတွင် လူငယ်လေးတစ်ယောက် ငေးငိုင်ကာ ထိုင်နေတာ တွေ့ရသည်၊ ဦးခေါင်းကို အောက်သို့စိုက်ကာ ထိုင်နေသည်၊ မျက်နှာကလည်း ပြုံမယောင်နဲ့ မကျေနပ်သော အမူအရာများ ဖြစ်နေသည်၊ တစ်ခါတစ်ခါ တောက်ခေါက်လိုက်သည်၊ တစ်ကြိမ်နှစ်ကြိမ်မကပါ၊ သုံး၊ လေးကြိမ်လောက်ရှိလိမ့်မည်ဟု ထင်ပါသည်၊

ဘကောင်းက ၎င်းလူငယ်လေးကိုမသိမသာအကဲခတ်နေမိသည်၊ လူငယ်လေးရဲ့ စိတ်ထဲမှာ မကျေနပ်မှုများ ဖြစ်နေတာ တွေ့ရသည်၊ ဘာတွေ မကျေမနပ်ဖြစ်နေသလဲ ဆိုတာတော့ သူလည်း သိချင်နေမိသည်၊ ဒါပေမဲ့ မမေးသင့်၊ မေးသင့် စဉ်းစားနေသည်၊ သူ့အနေနဲ့ ကူညီနိုင်ရင် ကူညီပေးရမည်မဟုတ်ပါလား၊ ဒါပေမဲ့ သူ ကူညီနိုင်တာကလည်း အားပေးစကားကလွဲပြီး ဘာမှ မတတ်နိုင်ပါ၊ သူ့အနေနဲ့ သွားမေးချင်နေမိသည်၊ ကောင်လေးကတော့ သူ့ကို သတိမထားမိပါ၊ သူ့အပူနှင့် သူမို့ ပတ်ဝန်းကျင်ကို မလေ့လာမိပါ၊

ထိုအခါ ဘကောင်းလည်း မနေနိုင်၍ ကောင်လေးနားသို့ ထလာခဲ့သည်၊ ဘကောင်း ကောင်လေးနားသို့ ရောက်လာသည်၊ ကောင်လေးထိုင်နေသော ရှေ့တွင် ရပ်လိုက်သည်၊ ဘကောင်း လာရပ်သောအခါ ကောင်လေးက ခေါင်းမော့ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သည်၊ ပြီးနောက် နှုတ်ခမ်းလေးမဲ့ကာ ခေါင်းခါလိုက်သည်၊ ဘကောင်းကို အထင်သေးသောအကြည့်၊ ဘာလာရှုပ်တာလဲ အတွေးမျိုး ဖြင့် ဘကောင်းကို အကြည့်ဖြင့် ကြည့်လိုက်သည်၊

"ဘာလာလုပ်လာလဲဗျာ၊ ကိုယ့်နေရာ ကိုယ်နေပါ၊ ဒီမှာ စိတ်ရှုပ်ရတဲ့အထဲ..."

ဘကောင်းလည်း ကောင်းလေးပြောသော စကားကို ဂရုမစိုက်ဘဲ သူ့ရှေ့မှာ ရပ်နေမြဲရပ်လျက် ကောင်လေးကို ပြောလိုက်ပုံက...

"ဒီမှာကောင်လေး... မင်းစီးပွားရေး မပြေလည်လို့ စိတ်ညစ်နေတယ် မဟုတ်လား၊ အိမ်က မင်းကို နှင်ချလိုက်တယ် မဟုတ်လား"

ထိုအခါ ကောင်လေးက ဘကောင်းကို ဒီတစ်ခါ မော့ကြည့်လိုက်ပုံက အထင်ကြီးသောအကြည့်ဖြင့် ကြည့်လိုက်သည်၊ ပြီးတော့ လေးစားသမှုဖြင့် ...

"ဦးလေးဘယ်လိုသိတာလဲ၊ အိမ်က နှင်ချလိုက်တယ်ဆိုတာကလည်း ဘယ်လိုကြောင့် ပြောရတာလဲ"

ထိုအခါ ဘကောင်းက -





"ဒီမှာကောင်လေး၊ ငါပြောတာ ဟုတ်တယ် မဟုတ်လား၊ မှန်ရင် မှန်တယ်ပြောပါ"

"ဟုတ်လို့ ဦးလေးကို ပြန်မေးနေတာပေါ့"

ကောင်လေးလည်း စိတ်တိုပြီး ဘုပြန်ပြောလိုက်သည်၊

"အေး...ဒါဆိုင့်ါနာမည်မှတ်ထား လာဘ်ခေါ်ဘကောင်းဆိုတာငါပဲ၊ လာဘ်ခေါ်ဘကောင်းဆိုတာ ဘယ်လို ဖြစ်လာရသလဲဆိုတာတော့ ငါမပြောဘဲ၊ မင်းရဲ့အကြောင်း ငါ့ကို ပြောပြ၊ ဒါဆို ငါမင်းကိုကူညီသင့်သလောက် ကူညီပေးမယ်... ဘယ်လိုလဲ ပြောပြမှာလား"

ကောင်လေးလည်း ဘကောင်းကို သေသေချာချာ ကြည့်လိုက်သည်၊ ဆံပင်ကတော့ မဖြူသေးပါ၊ အကျီအဝတ်အစားက ယောဂီဆိုတော့ ယောဂီကျင့်တဲ့လူလားလို့ ထင်မိသည်၊ ဒါပေမဲ့ သူက မမေးရဲပါ၊ သူထင်သည့်အတိုင်း စိတ်ထဲမှာပဲ ဝတားလိုက်သည်၊ ဒါပေမဲ့ ယခုအထိတော့ အထင်မကြီးသေးပါ၊ သူ့အကြောင်း တစ်စွန်းတစ်စ ပြောလိုက်လို့ နည်းနည်းတော့ အထင်ကြီးသွားသည်၊ ပြီးတော့ ယောဂီသမားတွေဟာ ရှေ့ကို ကြိုမြင်တတ်တယ်ဆိုတာတော့ သူ သိထားသည်၊ ဒါကြောင့်ပြောပြမယ်လို့ ဆုံးဖြတ်လိုက်သည်၊



www.burmeseclassic.com

www.burmeseclassic.com



ဘကောင်းလည်း ကောင်လေးရဲ့ဘေးတွင် ဝင်ထိုင်လိုက်သည်။ ပြီးနောက် ကောင်လေး ပြောပြမယ်ဆိုတဲ့ အကြောင်းကို စိတ်ဝင်စားမိသည်။ ထိုအခါ ကောင်လေးက -

"ကျွန်တော့် နာမည် သံလုံးပါ၊ ကျွန်တော့်အသက်က အခုမှ နှစ်ဆယ့်လေးပဲရှိသေးတယ်၊ မိန်းမရှိတယ်၊ ကလေးတော့ မရှိသေးပါဘူး၊ အခု ကျွန်တော်နေတာက ယောက္ခမ အိမ်မှာပါ။ အခုထိ ကျွန်တော် ဘာပဲလုပ်လုပ် အဆင်မပြေဘူး၊ လုပ်တိုင်းလည်း အလွဲလွဲအချော်ချော်ဖြစ်နေတယ်၊ ဒါ ဘာကြောင့်လဲဆိုတာ ကျွန်တော် ကိုယ်တိုင်လည်း စဉ်းစားလို့မရဘူး၊ မိန်းမ ကလည်းမကြည်ဘူး၊ ယောက္ခမကလည်းအိမ်က ခဏခဏ နှင်ချတယ်၊ ယောက္ခမ နှင်ချတိုင်း မိန်းမက ဘာမှမပြောဘူး၊ ကျွန်တော့်ဘက်မှမပါဘဲ သူ့အမေတွေဘက်ကပဲ ပါတယ်... ဒါကြောင့် ကျွန်တော်စိတ်ညစ်ပြီး ဘုရားမှာ လာထိုင်နေတာပေါ့"

ဘကောင်းလည်း သံလုံးပြောပြသော ဇာတ်လမ်းကို နားထောင်ပြီး -

"မင်းရဲ့ဇာတ်လမ်းက ရိုးပါတယ်၊ တကယ်တော့ မင်းက ငွေရှာတာ မကောင်းတော့ မိန်းမကလည်း မကြည်၊ ယောက္ခမ က မလိုချင်တာ မဆန်းပါဘူး၊ ဒါပေမဲ့ မင်း အားမလျော့ပါနဲ့၊





ယောက်ျားပဲ... ယောက်ျားဆိုတာ နလုံးရည် မင်းမှာမရှိရင် လက်ရုံးရည်တော့ ရှိတာပဲ၊ ဘာမဆို ကြိုးစားရင် ဖြစ်ပါတယ်၊ အရင်းအနှီးမရှိလည်း အကြံဉာဏ်တော့ ရှိရမယ်... အကြံဆိုတာ မကောင်းတဲ့ အကြံကို ပြောတာမဟုတ်ဘူးနော်၊ ဘာလုပ်ရမလဲ ဆိုတာ စဉ်းစားချင့်ချိန်တဲ့အကြံကို ယူရမယ်"

"ဒီတော့ မင်း ဒီနေ့ ဒီအချိန်ကစပြီး မင်းမှာ ပျော့ညံ့တဲ့ စိတ်တွေ ဖျောက်ဖျက်ရမယ်...၊ ဘကောင်းနဲ့တွေ့ရင် မင်းကံကောင်းစေရမယ်၊ ဒီတော့ ငါ ပြောတဲ့အတိုင်းလုပ်ရမယ်၊ မင်းကော လိုက်လုပ်နိုင်ပါ့မလား"

ထိုအခါ သံလုံးက ခဏတော့ စဉ်းစားလိုက်သည်။ ပြီးနောက် အသံမာမာဖြင့် ....

"လိုက်လုပ်မယ်ဗျ၊ ပြော... ဘယ်လိုလုပ်ရမလဲဆိုတာ သာ ပြောပါ"

"အေး... ဒါဆို ပြောပြမယ်"

"မင်း စွန့်စားချင်တဲ့စိတ် ရှိရဲ့လား၊ ဇွဲလည်း ရှိရဲ့လား၊ ဘာမဆိုကြံ့ကြံ့ခိုင်ခိုင်နိုင်တဲ့စိတ် ရှိရဲ့လားဆိုတာတွေ ကိုယ့်ကိုယ်ကို ပြန်ဆန်းစစ်ပါ၊ လုပ်နိုင်တယ်ဆိုမှ ဆုံးဖြတ်ချက်ကိုချပေါ့... ဒါတွေ ကို မင်း လုပ်နိုင်အောင် ကြိုးစားရမယ်၊ ပြီးတော့ ရှေ့တိုးပြီးရင်



www.burmeseclassic.com

www.burmeseclassic.com



နောက်မဆုတ်ရဘူး၊ ဒီအလုပ်ကိုပါ ပြီးဆုံးအောင် အောင်မြင် အောင် ကြိုးစားရမယ်လို့ ဆုံးဖြတ်ချက်ချပြီး လုပ်ရမယ်... ဘယ် လိုလဲ၊ မင်း လုပ်နိုင်ပါ့မလား"

"လုပ်မယ်ဗျာ၊ ကျွန်တော် ဖြစ်အောင်လုပ်ပါမယ်"

"အေး... ဒါဆိုရင် မနက်ဖြန် ငါ လိပ်စာပေးလိုက်မယ်၊ စာတစ်စောင်ပါ ရေးပေးလိုက်မယ်... မင်းသွားတော့၊ နောက်ဆံ မတင်းရဘူး... အားလုံးကိုစွန့်လွှတ်ပြီး အောင်မြင်အောင် လုပ် မယ်လို့ ဆုံးဖြတ်ချက်ချပြီး သွားရမယ်နော်..."

"ဟုတ်ကဲ့ပါဦးလေး...ကျွန်တော်ပြန်လာရင် အောင်မြင် တဲ့လူတစ်ယောက်အဖြစ်နဲ့ ပြန်လာတာ ဦးလေး မြင်တွေ့ စေရမယ်... ဒါနဲ့ ဦးလေးကို ပြန်လာရင် ဘယ်မှာရှာရမလဲ"

"ငါ့ကို ရှာရင် ဘုရားတွေမှာသာ ရှာပါ...ငါကတော့ အား လုံးကို ကူညီနေတဲ့သူပါ၊ ငါနဲ့တွေ့တဲ့လူတိုင်း မအောင်မြင်တာ မရှိ စေရဘူး၊ ငါ့ကို သိတဲ့သူတိုင်းက လာဘ်ခေါ်ဘကောင်းလို့ နာမည် ပေးထားတာပါ၊ မင်းလည်း အောင်မြင်စေရမယ်၊ မနက်ဖြန် ဒီနေရာ၊ ဒီအချိန်မှာ လိပ်စာလာယူပါ... အိမ်ကိုလည်း သွားပြီလို့ ပြောခဲ့..."

ဒီလိုနဲ့ လာဘ်ခေါ် ဘကောင်းနဲ့ သံလုံးတို့ လမ်းခွဲခဲ့ကြ





သည်။ အပြန်တွင် သံလုံးတစ်ယောက် ဘကောင်းရဲ့ဆုံးမဩဝါဒ အပေါ် နာခံခဲ့ရ၍ တက်ကြွရွှင်လန်းလာသည်။ အိမ်သို့ရောက် သော် မိန်းမက သံလုံးကို ကြည့်ပြီး အံ့ဩနေသည်။ မျက်နှာတွင် တက်ကြွရွှင်လန်းနေသည်။ သွားတုန်းကနှင့်မတူဘဲ အားမာန် အပြည့်ဖြင့် ပြန်လာတာ တွေ့လိုက်ရ၍ တစ်မျိုးဖြစ်နေမိသည်။ မိန်းမက သံလုံးကို မသင်္ကာဖြစ်လာသည်။ သွားတုန်းက မျက်နှာက တစ်မျိုး ပြန်လာတော့ ရွှင်လန်းလာ၍ စိတ်များဖောက် သွားပြီလားလို့ စိုးရိမ်နေမိသည်။

သံလုံးလည်း ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ အိပ်ယာထဲ ဝင် သွားသည်။ တစ်ညတာ အချိန်လေးသည် ကြာသလိုပဲလို့ ထင်မိ သည်။ မနက်ဖြန် မြန်မြန်ရောက်စေချင်မိသည်။ ဘကောင်းရဲ့ ဆုံးမဩဝါဒနဲ့ ဘ ပေးတဲ့လိပ်စာရရင် ငါတော့ အလုပ်ရပြီပေါ့။ ငါ စွန့်စားရမယ်။ ဒါမှလည်း ကြီးပွားမည် မဟုတ်ပါလား။ ဘာပဲ ဖြစ်ဖြစ် လာဘ်ခေါ်ဘကောင်းပြောသလို အောင်ကိုအောင်မြင်ရ မယ်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

# ဒုတိယအကြိမ်ဆုံခြင်း

သံလုံးတစ်ယောက် မနေ့က ထိုင်ခဲ့သောဘုရားသို့ ဒီနေ့ စောစောရောက်လာသည်။ ဘုရားပေါ်သို့ ရောက်သော် ပတ်ဝန်းကျင်သို့ မျက်လုံးနှစ်လုံးဖြင့် ဘကောင်းကို လိုက်ရှာနေသည်။ ဒါပေမဲ့ ဘကောင်းကို မတွေ့ပါ။ ဘကောင်း သူ့ကို လိမ်သွားပြီလို့ ထင်လိုက်သည်။ ဒါပေမဲ့ ယောဂီဝတ်ကြီးနဲ့တော့ မလိမ်တန်ကောင်းပါဘူး။ သူနောက်ကျနေတယ်လို့ပဲ ထင်မိသည်။ ဒါနဲ့ သံလုံးလည်း စောင်းတန်းအတက် လှေကားထိပ်တွင် ထိုင်ခုံတစ်ခု၌ ထိုင်လိုက်သည်။ ပြီးနောက် လမ်းမဘက်သို့ တစ်ချက်တစ်ချက် လှမ်းလှမ်းကြည့်နေမိသည်။



ထိုအခါ သံလုံးနားသို့ လူတစ်ယောက် လာရပ်နေတာ သံလုံးက သတိမထားမိပါ။ လမ်းမဘက်သို့သာ ကြည့်ကြည့်နေသည်။ ထိုအခါ....

"ကောင်လေး... သံလုံး၊ မင်း ရောက်လာပြီလား"

"ဟင်... ဦးဘကောင်းပါလား၊ ဘယ်က ဘယ်လို ရောက်လာတာလဲဟင်၊ ကျွန်တော် ဘုရားပေါ်မှာ လိုက်ရှာတာလည်း မတွေ့ပါလား"

"ရှိပါတယ် ကောင်လေးရယ်... တရားထိုင်နေလို့ပါ၊ ဒါကြောင့် မင်းမတွေ့တာပါ၊ ဦးက တရားထိုင်ရင် လူမြင်ကွင်းမှာ မထိုင်တတ်ဘူး၊ ဟို... ဘုရားဆင်းတုတော်ကြားမှာ ထိုင်နေကြတွဲ"

ဦးဘကောင်းလဲ စကားပြောယင်း သံလုံးနဲ့ အနီးဆုံးနေရာတွင် ဝင်ထိုင်လိုက်သည်။ ပြီးနောက် သံလုံးကို သူ၏ လွယ်အိတ်ထဲမှ စာအိတ်တစ်လုံးထုတ်ယူကာ သံလုံးကို ပေးလိုက်သည်။ ထိုအခါ သံလုံးလည်း ဦးဘကောင်းပေးလိုက်သော စာအိတ်ကို ယူလိုက်သည်။ ပြီးနောက် စာအိတ်ကိုဖွင့်ကာ အထဲမှစာကို ဖတ်လိုက်သောအခါ...

"ဟင်..."



www.burmeseclassic.com

www.burmeseclassic.com



ဟု တစ်လုံးသာ ပြောလိုက်ပြီး အံ့ဩသွားသည်၊ စာထဲမှာ ဘာပါသလဲဆိုတာ သူကိုယ်တိုင်ကလည်း အံ့ဩသွားသည်၊ ဘာကြောင့်လဲဆိုတော့ စာထဲမှာပါတာက မြသပိတ်တောင် ဘုရားကိုလာခဲ့ပါဟု တစ်ကြောင်းတည်းသာ ရေးထား၍ အံ့ဩသွားသည်။

သံလုံးထင်ထားတာက သူ့ကိုအလုပ်လုပ်ရမည့် လိပ်စာပေးမည်၊ တစ်ဦးဦးနှင့်တွေ့အောင် လုပ်ပေးလိုက်မည်ဟု ထင်ထားသည်။ အခုတော့ မြသပိတ်တောင်ဘုရားသို့ ဘာကြောင့် ခေါ်ရတာလဲ မသိဘူး၊ ဘယ်သူနှင့် တွေ့ရမည်ဟုလဲ ဘာမှ ရေးမထားဘူး၊ ငါ သွားရင် ကောင်းမလား၊ မသွားရင် ကောင်းမလားဟု စဉ်းစားရင်း ဦးဘကောင်းကို သတိရ၍ လှည့်ကြည့်လိုက်သောအခါ ဦးဘကောင်းက မရှိတော့ပါ။ ဘယ်အချိန်က ဘယ်လို ပြန်သွားမှန်း မသိလိုက်ပါ။ ဟိုဟိုဒီဒီ လိုက်ရှာသေးသည်။ သို့သော် မတွေ့ပါ။ ဒါပေမဲ့ ဘုရားရင်ပြင်ပေါ်သို့ တစ်ပတ်ပြည့်အောင် လှည့်ကာ ရှာနေမိသည်။

ဒါပေမဲ့ လုံးဝ မတွေ့တော့ပါ။ တစ်ပတ်ပြည့်အောင် ရှာခဲ့၍ ညောင်းလှပြီ၊ တစ်နေရာတွင်ထိုင်ကာ စဉ်းစားနေမိသည်။ ဦးဘကောင်း ခေါ်တဲ့နေရာ သွားရင်ကောင်းမလား၊ မသွား





ရင်ကောင်းမလားဆိုတာ စိတ်ထဲ၌ ဒွိဟဖြစ်နေမိသည်။

ဆုံးဖြတ်ရ ခက်နေမိသည်၊ ဘာပဲဖြစ်ဖြစ် အိမ်ပြန်ပြီး ဆုံးဖြတ်တာ ကောင်းပါတယ်လေ။

ဒီလိုနဲ့ သံလုံးလည်း အိမ်သို့ ပြန်လာခဲ့လေတော့သည်၊ အိမ်သို့ရောက်သော် မျက်နှာလေး ညှိုးငယ်ကာ ပြန်လာသောကြောင့် မိန်းမက သတိထားမိသည်၊ သံလုံးကတော့ သူ့စိတ်ထဲခံစားလာရတာ သူသာ သိသည်၊ သူကိုယ်သူလည်း ပြန်မေးမိသည်၊ မနေ့က ငါ ဆုံးဖြတ်ချက် ချထားသည်၊ ဦးဘကောင်းကိုလည်း ကတိပေးထားသည်။ ယခု ငါထင်ထားတဲ့အရာနဲ့ တစ်ခြားစီဖြစ်နေသည်၊

"ငါ မသွားရင် ကောင်းမလား... သွားရင်ကော ဘာအကြောင်းထူးမှာလဲ"

သံလုံး သူ့ကိုယ်သူ ပြန်မေးမိသည်၊ ငါ လူတစ်ယောက်ကို ကတိတော့ပေးလိုက်သည်၊ ဘာပဲဖြစ်ဖြစ်လေ စာအိတ်ထဲမှာ ပါတဲ့နေရာကို ငါရောက်အောင် သွားကြည့်မယ်၊ ဖြစ်ချင်တာ ဖြစ်ပါစေ၊ ဖြစ်လာတော့မှပဲ ကြည့်ပြီး စီစဉ်တော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်လေတော့သည်၊

❖



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ သံလုံးလည်းအချိန်ရှိနေသေး၍ အိမ်သို့ပြန်ခဲ့သည်၊ အိမ်ရောက်တော့ လွယ်အိတ်ထဲသို့ အင်္ကျီ နှစ်စုံ၊ သုံးစုံခန့် ထည့်သည်၊ ပြီးတော့ မိန်းမကိုရှာသည်၊ အိမ်ရှေ့တွင် ထိုင်နေတာ တွေ့ရသည်၊ ဒါနဲ့ သူလည်း မိန်းမကို ကြည့်ပြီး (သွားတော့မည်ဟု ပြောရင် ကောင်းမလား၊ မပြောဘဲ သွားရင် ကောင်းမလား ဟု) စိတ်ထဲ တွေးမိသည်၊ ထိုအခါ မိန်းမက သူလာတာတွေ့၍ တစ်ဘက်သို့ လှည့်သွားသည်၊ သံလုံး စိတ်ထဲ ထင့်ခနဲ ဖြစ်သွားသည်၊ စိတ်လည်း တိုသွားသည်၊ သူ့ကိုတောင် မကြည့်ချင်လောက်အောင် ဖြစ်သွားပြီးလားလို့ စိတ်ထဲထင်ကာ သံလုံးလည်း ဘာမှ မပြောတော့ဘဲ လွယ်အိတ်လွယ်ကာ ဆင်းလာခဲ့တော့သည်၊

❖

သယ်န်းကျွန်းမှ အဝေးပြေးကားဆီသို့ လိုင်းကားစီးကာ လာခဲ့သည်၊ အဝေးပြေးသို့ ရောက်သော် မော်လမြိုင်သို့ ထွက်မည့်ကားကို ရှာဖွေကာ စီးခဲ့သည်၊ သထုံသို့ ညနေ သုံးနာရီတွင် ရောက်သည်၊ သထုံမှ မြသပိတ်တောင်တော်သို့ မြင်းလှည်းငှား လာခဲ့သည်၊ ညနေ လေးနာရီရှိနေ၍ ဘုရားပေါ်သို့တက်မည့်သူများ ရှင်းနေသည်၊ သူနဲ့အတူ တက်နေသော လူကြီးတစ်ဦးသာ ရှိနေတာ တွေ့ရသည်၊





မြသပိတ်တောင်သည် တောင်ပေါ်အထိ နတ်လှေကား တောက်လျှောက်ပြုလုပ်ထားသည်၊

လှေကားက မတ်စောက်နေသောကြောင့် တက်ရတာ မောသလိုဖြစ်မိသည်၊ သူက လူငယ်ပေမယ့် လှေကားပေါ် ခြေထောက်မြှောက်ကာ တက်တာများလာတော့ မောတာပေါ့၊ ထိုအခါ ဘေးရှိခုံပေါ် ခဏနားသည်၊ ထိုအခါ လူငယ်လေး နှစ်ယောက် တက်လာတာ တွေ့ရသည်၊ ထိုလူငယ်လေးနှစ်ယောက်လည်း သူ့လိုပဲ မော၍ ခဏနားနေကြသည်၊ သံလုံးလည်း ထိုလူငယ်လေးနှစ်ယောက်ကို ကြည့်လိုက်သည်၊ ထိုလူငယ်လေးနှစ်ယောက်ကတော့ သံလုံးကို ဂရုတောင်မစိုက်ပါ၊ သူတို့သူငယ်ချင်းနှစ်ယောက်သာ စကားပြောနေကြသည်၊

ခဏကြာတော့ သံလုံးလည်းအမောပြေသွား၍ ဆက်ပြီး တက်လာခဲ့ကြသည်၊ အပေါ်သို့ ရောက်လာသည်၊ အပေါ်သို့ ရောက်ရောက်ခြင်း တွေ့တဲ့ ဘုရားတစ်ဆူကို ကန်တော့လိုက်လေသည်၊ ပြီးနောက် ခဏနားကာ ဟိုဟိုဒီဒီ ရှာဖွေနေမိသည်၊

ပြီးနောက် တန်ဆောင်းတစ်ခု၏ အောက်တွင် ဝင်၍ နားလိုက်သည်၊ ခဏကြာတော့ လမ်း၌တွေ့ခဲ့သော လူငယ်လေးနှစ်ယောက်လည်း ရောက်လာခဲ့သည်၊ သူ့လိုပဲ ဘုရားဝင်ဖူးပြီး



www.burmeseclassic.com

www.burmeseclassic.com



သူနားနေသောနေရာနှင့်မလှမ်းမကမ်းတွင် နားနေကြသည်၊

သိပ်မကြာခင်မှာပဲ နောက်ထပ် လူငယ်လေးနှစ်ယောက် ထပ်ရောက်လာခဲ့သည်၊ ဒုတိယ ရောက်လာသောလူငယ်က ဘုရားပတ်ဝန်းကျင်သို့ လှည့်ပတ်ကာ တစ်ယောက်ယောက်ကို လိုက်ရှာနေသလို ဟိုကြည့် ဒီကြည့်လုပ်နေသည်၊ မကြာခင်မှာပဲ ဘယ်သူမှမတွေ့တာနဲ့ သံလုံးထိုင်နေသောတန်ဆောင်းနားတွင် ဝင်ထိုင်လိုက်သည်။ ပထမလူငယ်လေးနှစ်ယောက်နှင့် ခပ်လှမ်းလှမ်းတွင် ထိုင်နေကြသည်။

ထိုအခါ ဒုတိယလူငယ်လေးနှစ်ယောက်ထဲမှ တစ်ယောက်က ...

"မောင်ချို... ဘယ်လိုလဲကွ၊ တို့ကို ချိန်းထားပြီး မင်းရဲ့အဘိုးကြီး မတွေ့ပါလား၊ တို့ကိုများ လိမ်ပြီး ခေါ်လိုက်သလားပဲ"

ထိုအခါ မောင်ချိုက ...

"ဟာ... မဖြစ်နိုင်ပါဘူးကွ၊ ခဏစောင့်ပါအုံး၊ ဘုရားပေါ်မှာလည်း လူက သိပ်မရှိဘူး၊ ခဏတော့ စောင့်ကြည့်ရအောင်"

မောင်ချိုနဲ့အတူပါလာသော ဇော်အောင်က ဘာမှ ထပ်မပြောတော့ဘဲ မောင်ချိုပြောတာ ထောက်ခံသည့် သဘောဖြစ်





ငြိမ်နေလိုက်သည်။ ထိုအခါ သူတို့နားသို့ ပထမ လူငယ်လေးနှစ်ယောက်က သူတို့နှင့် မလှမ်းမကမ်းတွင် လာထိုင်သည်။ ထိုအခါ တစ်ယောက်က ...

"မောင်လွင် ဘယ်လိုလဲကွ၊ ရှာလို့လည်းမတွေ့ပါလား၊ လူကြီးနဲ့တူတာဆိုလို့တစ်ယောက်မှမတွေ့ဘူး၊ တို့အရွယ် လူငယ်လေးတွေပဲ တွေ့တယ်၊ ထူးဆန်းတာတော့ အမှန်ပဲကွ"

ထိုအခါ မောင်လွင် က ...

"ဘာတွေများ ထူးဆန်းပြန်ပြီလဲ ဇော်ကြီး"

"အခု ဘုရားပေါ်မှာ လူငယ်လေးတွေပဲ တွေ့တယ်... လူကြီးဆိုလို့ တစ်ယောက်မှ မတွေ့ဘူး၊ ဟိုမှာ ထိုင်နေတဲ့ လူ သုံးယောက်ကို မင်းကြည့်စမ်း၊ တို့အရွယ်တွေပဲ၊ အဲဒါ မထူးဆန်းဘူးလား၊ သူတို့ကိုကြည့်ရတာလည်း တစ်ဦးဦးကို စောင့်နေသလိုပဲ၊ နှစ်ယောက်က သီးသန့်၊ တစ်ယောက်ထဲက သီးသန့်၊ သူတို့ကို ကြည့်ရတာ တစ်ဖွဲ့တည်းတော့ မဖြစ်နိုင်ဘူး..."

ထိုအခါမောင်လွင်က ဆက်ပြီး ဇော်ကြီးက ဘာပြောချင်တာလဲ သိချင်တာနဲ့ ...

"အဲဒါ... ဘာလုပ်ချင်လို့လဲ"

"ငါ သူတို့ကို နည်းနည်းပါးပါး သွားမေးကြည့်မလားလို့"



www.burmeseclassic.com

www.burmeseclassic.com



"သွားလေ... အဲဒါကောင်းတာပေါ့"

ထိုအခါ ဇော်ကြီးနဲ့ မောင်လွင်တို့နှစ်ယောက် သံလုံး တစ်ယောက်ထဲ ထိုင်နေတာ အရင်တွေ့၍ သူ့ဆီသို့ ပထမဦးဆုံး အနားကပ်ကာ ဇော်ကြီးက မေးလိုက်သည်။

"ဒီက အစ်ကိုကြီးက ဘုရားလာဖူးတာလား"

သံလုံးလည်း သူတို့နှစ်ယောက် တိုးတိုး တိုးတိုး ပြောနေတာ အကဲခတ်နေတာ ကြာပါပြီ။ ယခုတော့ သူ့ဆီကို အရင်လာမေးနေပါလားဆိုတဲ့ အသိနဲ့ သူ့ကို လာမေးသော မေးခွန်းကို ကောင်းကောင်း မွန်မွန်ပဲ ပြန်ဖြေပေးလိုက်သည်။

"ဟုတ်တယ်... ညီလေး၊ ဒါပေမဲ့ ဘုရားဖူးယင်း လူတစ်ယောက်ကို လာစောင့်တာပါ၊ ဒါနဲ့ ညီလေးတို့လည်း ဘုရားဖူးလာတာပဲလား"

"မဟုတ်ပါဘူး... ကျွန်တော်တို့ကို လူတစ်ယောက်က ဒီဘုရားမှာ ဆုံဖို့ချိန်းထားလို့ပါ"

"ဘယ်သူများလဲကွဲ့၊ လူကြီးပိုင်းကပဲလား"

ထိုအချိန်တွင် ဘေးတွင်ထိုင်ကာ နားထောင်နေသော မောင်ချိုနဲ့ ဇော်အောင်က သံလုံးမေးလိုက်သောစကားကို စိတ်ဝင်စားသွားသည်။ မောင်လွင်တို့ကို ပြန်ဖြေမယ့် စကားကို စိတ်





ဝင်စားစွာ နားထောင်လိုက်သည်။ ထိုအခါ ဇော်ကြီးက...

"လူကြီးပိုင်းကပါ၊ သူ့နာမည်က ဦးဘကောင်း... လာဘ်ခေါ် ဘကောင်းလို့ ပြောတာပဲ"

"ဟင်... ဟင်..."

"ဟာ..."

ဇော်ကြီးဖြေလိုက်သော စကားကြောင့် သံလုံး၊ မောင်ချို၊ ဇော်အောင်တို့အားလုံး အံ့သြကာ ဟင်ခနဲ ဖြစ်သွားကြသည်။ ထိုအချိန်တွင် သံလုံးက...

"မင်းတို့လည်း ဦးဘကောင်းခေါ်လို့ လာရတာပေါ့နော်၊ မင်းတို့မှာ အလုပ်အကိုင်မရှိကြဘူးလား၊ ငါကတော့ အလုပ်လိုချင်လို့၊ အလုပ်ရမယ်ပြောလို့၊ ကိုဘကောင်းက ငါ့ကိုလည်း ဒီဘုရားမှာ လာစောင့်ဖို့ ချိန်းလိုက်တာပဲ"

ထိုအချိန်တွင် တစ်ချိန်းလုံး နားထောင်နေသော မောင်ချိုနဲ့ ဇော်အောင်တို့လည်း မနေနိုင်၍ သူတို့ပါ အနားသို့ တိုးလာပြီး...

"ဒီက အစ်ကိုတို့က ဦးဘကောင်း ချိန်းလို့ ဒီကိုလာကြတာလား"

မောင်ချိုက အနားသို့တိုးလာပြီး လာမေးလိုက်သော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သံလုံးက သူတို့နှစ်ဦးကိုပါ အကဲခတ်လိုက်သည်။ ပြီးနောက် ...

"ညီလေးတို့လည်း ဦးဘကောင်းချိန်းလို့ လာစောင့်တာပဲလား"

"ဟုတ်ပါတယ်... အစ်ကို"

"ကျွန်တော့်နာမည်က မောင်ချိုပါ၊ ကျွန်တော့် သူငယ်ချင်းနာမည်က ဇော်အောင်ပါ။ ကျွန်တော်တို့လည်း ဦးဘကောင်းချိန်းလို့ လာစောင့်တာပါ"

ထိုအခါ သံလုံးက ခေါင်းတညိမ့်ညိမ့်ဖြင့် သဘောကျ၍ ပြုံးလိုက်မိသည်။ ထိုအခါ မောင်လွင်က ...

"အစ်ကိုက ဘာကြောင့်ပြုံးတာလဲ"

"ဦးဘကောင်းကို သဘောကျလို့ပါ၊ ဘာကြောင့်တို့အရွယ် လူငယ်လေးတွေကိုမှ ရွေးပြီး ဒီဘုရားမှာ ချိန်းရတာလဲ"

တကယ်တော့ လူငယ်လေးငါးယောက်ထဲမှာ သံလုံးကကျန် လေးယောက်လုံးထက် အသက်နည်းနည်းပိုကြီးသည်။ ပြီးတော့ ဗလလည်း တောင့်၊ အရပ်အမောင်းကလည်း ကောင်းတော့၊ ကျန်လေးယောက်စလုံးက လေးစား၍ အစ်ကိုတတ်ခေါ်





ကြသည်။ သံလုံးက စကားများပြောနေတာခဏရပ်ပြီး စဉ်းစားနေတုန်း၊ ဇော်ကြီးက ...

"အစ်ကို့နာမည် ဘယ်လိုခေါ်လဲဟင်"

"အစ်ကို့နာမည်က သံလုံးပါ၊ အစ်ကိုလည်း ညီလေးတို့လိုပဲ အလုပ်ရမယ်ဆိုလို့ ဦးဘကောင်း ချိန်းလို့လာရတာပါ"

ဇော်ကြီးက အံ့ဩသော အမူအရာဖြင့် ...

"ကျွန်တော်တို့အားလုံး ဘဝတူတွေပေါ့"

ထိုအချိန်တွင် မြသပိတ်တောင် ဘုရားသို့ အနောက်ဘက်စောင်းတန်းမှ လူတစ်ယောက် တက်လာနေတာ ဘယ်သူမှ မတွေ့လိုက်ပါ။ သူတို့ငါးဦး ဆုံနေရာသို့ လူကြီးက ယောဂီရောင် လွယ်အိတ်ကြီးကို ပိုက်ကာ လျှောက်လာနေတာ တွေ့ရသည်။ သူတို့ ငါးဦးစလုံးကတော့ ရင်းလူကြီးကို သတိမထားနိုင်ကြဘဲ တစ်ယောက်အကြောင်းတစ်ယောက် ပြောလို့မဆုံး ဖြစ်နေကြသည်။

ရင်းလူကြီးသည် အနားသို့ရောက်လာခဲ့သည်။ ထိုအခါ သံလုံးက ပထမဦးစွာ မြင်လိုက်၍ ...

"ဟော... ဟိုမှာ ဦးဘကောင်း ရောက်လာပြီ"

ကျန် လေးယောက်လည်း သံလုံးပြောလိုက်သော



www.burmeseclassic.com

www.burmeseclassic.com



စကားကြောင့် အားလုံး နောက်သို့လှည့်ကြည့်လိုက်ကြသည်။ ထိုအခါဦးဘကောင်းက…

"မင်းတို့က မိတ်ဆွေတောင် ဖြစ်နေကြပြီကိုး၊ ငါ မိတ်ဆက်ပေးစရာ မလိုတော့ဘူးပေါ့၊ ကောင်းတယ်…ကောင်းတယ်"

ဦးဘကောင်းက သဘောကျစွာဖြင့် ပြောလိုက်သည်။ သူတို့ ငါးဦးစလုံးလည်း ဦးဘကောင်းဆီမှ ဘာများဆက်ပြီး ပြောလာမလဲဆိုတာ နားထောင်နေလိုက်ကြသည်။ ထိုအခါ ဦးဘကောင်းက…

"မင်းတို့အားလုံးကို အလုပ်ပေးဖို့ ငါက ခေါ်လိုက်ကြတယ်နော်၊ ဒါကိုမင်းတို့ လက်ခံကြတယ် မဟုတ်လား"

"ဟုတ်ကဲ့…လက်ခံပါတယ်"

သံလုံးက အရင်ဖြေလိုက်သည်။ ကျန်လူများကတော့ ခေါင်းပဲ ညိတ်ကြသည်။

"အခု မင်းတို့ ငါးယောက်စလုံးက တစ်လှေထဲစီး၊ တစ်ခရီးထဲ သွားရမယ့် သူတွေဆိုတော့ အေးအတူ ပူအမျှ ခံစားနိုင်ပါ့မလား"

"ခံစားနိုင်ပါတယ်… ခံစားနိုင်ပါတယ်"

ဒီတစ်ခါတော့ ကျန်လေးယောက်စလုံးက ဖြေလိုက်





သည်။ ဒါနဲ့ သံလုံးက မနေနိုင်၍ ဦးဘကောင်းကို မေးလိုက်သည်။

"ကျွန်တော်တို့က ဘာလုပ်ရမှာလဲ ဦးဘကောင်း၊ မတရားတဲ့ အလုပ်ဆိုရင် ကျွန်တော်တော့ မလုပ်ဘူးနော်"

ထိုအခါ ကျန်လေးယောက်ကလည်း…

"ဟုတ်တယ်… ဟုတ်တယ်… ကျွန်တော်တို့လည်း မလုပ်ဘူး"

ထိုအခါ ဦးဘကောင်းက သူတို့ ငါးယောက်စလုံးရဲ့ စိတ်ဓာတ်ကို သဘောကျသွားသည်။ သူတို့ဖြေလိုက်သော စကားကိုလည်း သဘောကျ သွားသည်။ ထို့နောက် ဦးဘကောင်းက ဆက်ပြီး…

"မင်းတို့တွေ အခုလုပ်ရမှာက တရားနည်းလမ်းလဲ ကျတယ်၊ တိုင်းပြည်အတွက်ပါ အကျိုးရှိမယ်၊ မင်းတို့အတွက်လည်း ထိုက်သင့်သလောက် ခံစားရမှာပဲ၊ ဒါပေမဲ့ လောဘ၊ ဒေါသ၊ မောဟတော့ မရှိရဘူး၊ လောဘရှိရင် ဒီလူကတော့ ပြန်လမ်း မကောင်းဘူး"

"ဦးပြောချင်တာကတော့ အခု ဦးတို့လုပ်ရမဲ့အလုပ်က ဘုရားရဲ့ပစ္စည်း၊ တိုင်းပြည်ရဲ့ ရတနာဆိုလည်း မမှားဘူးပေါ့၊ အဲဒီ အကြောင်းနဲ့ပတ်သက်ပြီး ဦး စကားနည်းနည်းပြောချင်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီစကားပြောပြီး ငါ့တူတို့အားလုံး သဘောတူမှ လုပ်ဆောင်ပါ၊ ပါဝင်ပါ၊ ကူညီပါလို့ ဦးကတော့ တောင်းဆိုတာပါ"

"တကယ်တော့ ဒီအကြောင်းအရာကို ဦးက တစ်ဦးတည်း လုပ်ဆောင်လို့မရလို့ပါ၊ အခုလို မင်းတို့တွေကို အကူအညီတောင်းရတာပဲ၊ အကူအညီတောင်းရတယ် ဆိုတာကလဲ၊ မင်းတို့အတွက် အကျိုးမယုတ်စေရပါဘူး"

ထိုအခါသံလုံးက...

"ဒါနဲ့ ဦးလေး ကျွန်တော်တို့ လုပ်ရမယ့် အလုပ်အကြောင်းလေး နည်းနည်းပါးပါးလောက် မသိရဘူးလား"

"သိရမှာပေါ့၊ ဦးလည်း ပြောပြပြီးမှ ငါ့တူတို့သဘောတူမှ လုပ်ပါ"

"တကယ်တော့ ဒီအကြောင်းကို မေ့ထားခဲ့တာ ကြာခဲ့ပြီ၊ လွန်ခဲ့တဲ့ နှစ်ခြောက်ဆယ်ကျော်ကပေါ့..."

❖ ❖ ❖



# အခန်း (၃)

# ရာဇဝင်နောက်ကြောင်း

သပြုရွာ.... ဂျပန်များ အုပ်စိုးနေသောအချိန်....

ရင်းရွာသည် သထုံမြို့အနီးရှိ ရွာလေးတစ်ရွာတွင် ဖြစ်သည်၊ ထိုရွာတွင် ဂျပန်တပ်တစ်တပ် တပ်စွဲထားလေသည်၊ ရင်းဂျပန်များ တပ်စွဲထားရခြင်းမှာ သူတို့သယ်ဆောင်လာသော သေတ္တာငါးလုံးကြောင့် ဖြစ်သည်၊ သေတ္တာဆိုပေမယ့် ထင်းရှူးသေတ္တာများဖြစ်သည်၊ ထင်းရှူးသေတ္တာငါးလုံးကို ဂျပန် လူဆယ်ယောက်ခန့်က အုပ်ချုပ်ကာ သပြုရွာတွင် ခေတ္တခဏ တပ်စွဲထားသည်၊

ထို့ပြင် ဂျပန်စကားပြန်ကစ်ဦးလည်း ပါလာသည်၊ ၎င်း

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်ဘာသာပြန်က ရွာထဲတွင် လူငယ် နောက်ထပ် ငါးယောက်ခန့် လိုကြောင်း၊ ရွာသူကြီးဆီမှာ ကူညီတောင်းခံခဲ့သည်။ ရင်း လူငယ် ငါးယောက်က သူတို့နဲ့အတူလိုက်ပါလိုပါက အခကြေးငွေ များ ပေးမည်ဟု ပြောကြားထားသည်။ ထိုအခါ သူကြီးက ဂျပန်များဖြစ်နေ၍ မလုပ်ဆောင်ပေးပါက သူတို့ရွာကို ရန်လိုဒေါသဖြစ်ကာ ရန်ပြုမှာလည်း ကြောက်ကြသည်။

ဒါကြောင့် ရွာထဲမှ လူငယ်များခေါ်ကာ ဆွေးနွေးပွဲလေး လုပ်ကြသည်။ ရွာထဲမှ လူငယ်များကလည်း အခကြေးငွေ ရမည်ဟုပြောသောကြောင့် စိတ်ဝင်စားသွားသည်။ လူငယ်များထဲမှ ကိုဘကောင်းဆိုသူက ထပြီး မေးလေသည်။

"သူကြီး သူတို့က ဘယ်လောက်ပေးမှာလဲ မေးပေးပါ၊ ကျွန်တော် စိတ်ဝင်စားလို့ပါ"

ထိုအခါ သူကြီးဘေးတွင် ထိုင်နေသော ဂျပန် စကားပြန်က ထပြီး ပြောလေသည်။

"ညီလေးနာမည်က ဘယ်လိုခေါ်လဲ"

"ကျွန်တော့်နာမည် မောင်ဘကောင်းပါ"

"အေး…ညီလေးမေးတာ သဘာဝကျပါတယ်၊ အစ်ကိုတို့ရဲ့မာစတာက ပထမ လိုက်လိုက်ခြင်း ငွေကျပ် သုံးရာ ပေးမယ်လို့





ပြောပါတယ်၊ လုပ်ငန်းပြီးလို့ ပြန်ရင် ထပ်ပြီး ပေးအုံးမယ်လို့ ပြောတယ်"

မောင်ဘကောင်းလည်း ငွေကျပ်သုံးရာဆိုလို့ သဘောကျသွားသည်။ စိတ်ထဲမှာလည်း ဝမ်းသာသွားသည်။ တကယ်တော့ မောင်ဘကောင်းတို့မှာက အမေတစ်ခု သားတစ်ခုသာ ဖြစ်သည်။ အမေ့ကို ငွေသုံးရာပေးပြီး သူက ဂျပန်တွေနောက်လိုက်သွားရင် ကောင်းမည်ဟု ဆုံးဖြတ်လိုက်သည်။

"ကျွန်တော် လိုက်မယ်ဗျာ၊ ငွေကိုတော့ ကျွန်တော်လိုက်တာနဲ့ ပေးရမှာနော်၊ ဒါမှ ကျွန်တော်က အမေ့အတွက် စိတ်ချရမှာ"

ထိုအခါ စကားပြန်က …

"စိတ်ချညီလေး အစ်ကိုတို့ ခရီးစထွက်တာနဲ့ ပေးမှာပါ"

ထိုအခါ ရွာထဲမှ လူငယ်များကလည်း မောင်ဘကောင်း လိုက်မယ်ပြောလို့ သူ့ရဲ့ အပေါင်းအသင်း သူငယ်ချင်းများကလည်း လိုက်ကြမည်ဟု ပြောကြလေသည်။

စကားပြန်လည်း လူခေါ်ကိစ္စ စကားအောင်မြင်သွား၍ မာစတာဗိုလ်ကြီးကို အကြောင်းကြားလေသည်။ ထိုအခါ မာစတာ ဗိုလ်ကြီးက ရိက္ခာများငှ ဆောင်းစေပြီး သန်ဘက်ခါခရီး



www.burmeseclassic.com

www.burmeseclassic.com



စထွက်မည်ဟု ပြန်ပြောလေတော့သည်။

မောင်ဘကောင်းနဲ့ လိုက်မည့်သူများဖြစ်တဲ့ မောင်နီ၊ ဖိုးလုံး၊ ကြွက်နီ၊ ခေါင်းကြီး၊ သူတို့ လေးယောက်ဖြစ်ကြသည်။ သူတို့က မောင်ဘကောင်းနဲ့ဆို သေတူရှင်ဖက် ကစားဖော်များ ဖြစ်ကြသည်၊ ရွာထဲမှာဆိုလည်း ကူညီလုပ်ကိုင်ပေးသော လူငယ်များလည်းဖြစ်ကြသည်၊ သူတို့ လေးဦးက မောင်ဘကောင်းနဲ့ မခွဲနိုင်၍ လိုက်ကြသည်၊ တကယ်တော့ သူတို့က ငွေလိုချင်၍ မဟုတ်ပါ၊ သူတို့က စားနိုင်သောက်နိုင်ကြသူများဖြစ်ကြသည်၊ မောင်ဘကောင်းကို ခင်ကြလွန်းလို့သာ လိုက်ကြခြင်းဖြစ်သည်၊ မောင်ဘကောင်းကလည်း သူတို့လေးဦးလိုက်မည်ပြော၍ ဝမ်းသာနေမိသည်၊ ဒီလိုနဲ့ သန်ဘက်ခါဆိုတဲ့နေ့ ရောက်လာခဲ့ကြသည်။

❖

ယနေ့ ခရီးထွက်သောနေ့ဖြစ်သည်၊ ဂျပန်များနဲ့ လူငယ်များ ငါးဦး၊ လူလတ်ပိုင်းက ဆယ်ဦး၊ ဂျပန် ဆယ်ဦး၊ စကားပြန် တစ်ဦး၊ အားလုံးစုစုပေါင်း နှစ်ဆယ့်ခြောက်ဦး ခရီးစထွက်ခဲ့ကြလေသည်၊ သူတို့ရောက်နေသောနေရာမှာ သထုံမြို့နယ်ထဲ ဖြစ်သည်၊ သူတို့က ယိုးဒယားနယ်ထဲ သွားကြမည် ဖြစ်သည်၊ တော





လမ်းအတိုင်း သွားရမည် မဟုတ်ပါလား၊

တကယ်တော့ ရင်းဂျပန်များသည် ပဲခူးတပ်ထဲမှ ထွက်လာခဲ့သူများဖြစ်၍ ပစ္စည်းများ ယူဆောင်ကာ ရွာထဲမှ တောလမ်းအတိုင်း သွားမည်ဟု စိတ်ကူးထားကြသည်၊ သူတို့တပ်စွဲထားတဲ့ နေရာကနေပြီး ဒီရွာထိ လာခဲ့တာ သုံးရက်တိုင် ရှိခဲ့ပြီ မဟုတ်ပါလား၊

သူတို့ စထွက်လာခဲ့တာ ခရီးတော်တော်ပေါက်နေပါပြီ၊ ထိုအခါ မမျှော်လင့်ဘဲ ရှေ့တွင်သွားနေသော လမ်းပြလည်းဖြစ်၊ စကားပြန်လည်းဖြစ်တဲ့ ဦးအောင်နိုင်သည် ရုတ်တရက် ရပ်လိုက်သည့်၊ ထိုအခါ ဂျပန်ဗိုလ်ကြီးက ဂျပန်လို ပြောလိုက်သည်၊ ထိုအခါ ကိုအောင်နိုင်က ဂျပန်လိုဖြင့် ပြန်ဖြေလိုက်သည်၊

"ဘာဖြစ်လို့လဲ ဘိရှမာ"

ထိုအခါ ကိုအောင်နိုင်က…

"ရှေ့မှာ လှုပ်လှုပ်နဲ့ အပင်တွေ လှုပ်နေတာ တွေ့ရလို့ပါ၊ သားကောင်ကြီးတွေဆိုရင် ကျွန်တော်တို့မှာ အန္တရာယ်ရှိလို့ပါ"

ထိုအခါ မာစတာက ကိုအောင်နိုင် ပြလိုက်သော နေရာသို့ ကြည့်လိုက်သည်၊ ပြီးနောက် သူ၏ လူများကို ဂျပန်လို ပြောလိုက်သည်၊ ထိုအခါ ဂျပန်များက အပင်များလှုပ်နေသော နေရာ



www.burmeseclassic.com

www.burmeseclassic.com



သို့ သေနတ်ဖြင့် လှမ်းချိန်ထားလိုက်ကြသည်။ ထိုအခါ အပင်များ လှုပ်နေတာ ငြိမ်သွားသည်။

ထိုအခါ ဂျပန်များထဲမှ တစ်ယောက်ကို သွားကြည့်ခိုင်းသည်။ ဂျပန်စစ်သားလည်း ၎င်းအပင်နားသို့ တဖြည်းဖြည်း အနားတိုးသွားပြီး ကြည့်လိုက်သောအခါ တောဝက်တစ်ကောင်ကို စပါးကြီးမြွေက မျိုနေတာ တွေ့လိုက်ရသည်။ မြွေကြီးက မျိုဖို့ အတွက် တောဝက်ကြီးကို ရစ်ပတ်ကာ လိမ်နေသည်။

ဂျပန်စစ်သားလည်း သူ၏ ဂျပန်စစ်ဗိုလ်ကြီးကို ပြန်လာပြောပြသည်။ ထိုအခါ ဂျပန်စစ်ဗိုလ်က မြွေကြီးကို ပစ်သတ်ခိုင်းသည်။

ထိုစစ်သားလည်း မြွေကြီးကို သေနတ်ဖြင့် ပစ်သတ်လိုက်လေသည်။ သူတို့အဖွဲ့တစ်ခါထဲနှင့် သားကောင်နှစ်ကောင် ဟင်းစားရလိုက်၍ ပျော်သွားကြသည်။ သူတို့အားလုံးလည်း နေရာတစ်ခုရှာကာ စခန်းချဖို့ ပြင်ဆင်ကြလေတော့သည်။

ဒီနေ့အဖို့တော့ သူတို့အားလုံး မြွေသားနဲ့ တော ဝက်သားကိုဝိုင်းဖွဲ့၍စားကြလေတော့သည်၊ စားသောက်ပြီး၍ သူတို့ အားလုံးနားကြလေသည်။

ကိုဘကောင်းတို့အုပ်စုကတော့ သီးသန့်တစ်နေရာ





ယူကာ စကားတပြောပြောဖြင့် အိပ်ဖို့နေရာ ရှာကြသည်။ ဂျပန်များကတော့ သီးသန့်တစ်ဝိုင်းဖွဲ့ကာ စားသောက်တုန်းဖြစ်သည်။

ထိုအခါ ဖိုးလုံးက...

"ကိုဘကောင်း သေတ္တာထဲမှာ ဘာတွေလဲ မသိဘူး၊ ကျွန်တော်တို့ ထမ်းတာတော့ တော်တော်လေးတယ်"

"လက်နက်တွေဖြစ်မှာပေါ့... ကျည်ဆံတွေလား မသိဘူး"

ထိုအခါကြွက်နီက...

"မဖြစ်နိုင်ဘူး၊ ကျွန်တော်တို့ထမ်းတဲ့သေတ္တာကျတော့ နည်းနည်းပေါ့တယ်၊ လက်နက်သေတ္တာဆိုရင် လေးနေရမယ်"

ထိုအချိန်တွင် ခေါင်းကြီးကလည်း ဝင်ပြောလေသည်။

"ဟုတ်တယ် ကိုဘကောင်း၊ ကျွန်တော်တို့ ထမ်းတဲ့ သေတ္တာဆိုရင် လေးလည်း သိပ်မလေးဘူး၊ တစ်ခါတစ်ခါ အသံတွေတောင် ကြားနေရတယ်"

"ဘာသံတွေလဲကွ"

ကိုဘကောင်းက သိချင်၍ မေးလိုက်သည်။

"အထဲမှာ ပစ္စည်းတွေက ချောင်နေသလိုပဲ၊ ပစ္စည်းတွေ တစ်ခုနဲ့တစ်ခု ရိုက်မိတဲ့အသံတွေ ကြားနေရတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုဘကောင်းလည်း သူ့ရဲ့ သူငယ်ချင်းတွေ တစ်ယောက်တစ်ခွန်း ပြောတဲ့စကားတွေကြောင့် နည်းနည်းစဉ်းစားသွားသည်။ သူ့စိတ်ထဲမှာတော့ ထင်လိုက်မိသည်။ ဒီကောင်တွေ မဟုတ်တာတွေများ လုပ်လာကြပြီလား။ ဂျပန်တွေလာတာက လည်း ပဲခူးဘက်ကဆိုတော့ ဘုရားပစ္စည်းတွေများ ဖြစ်နေမလားလို့ စိတ်ထဲမှာ ထင်လိုက်မိသည်၊ ဒါပေမဲ့ သူ့ရဲ့သူငယ်ချင်းတွေကိုတော့ မပြောဖြစ်သေးပါ။

သူတို့သူငယ်ချင်း ငါးယောက်လည်း စကားပြောရင်း အိပ်သွားကြလေတော့သည်။

❖ ❖ ❖



အခန်း (၄)

# ခရီးဆက်ပြီး သွားကြပြီ

"ဟေ့ကောင်တွေ ထကြ… သွားကြမယ်၊ နေမထွက်ခင် သွားရအောင်"

စကားပြန်က သူတို့အုပ်စုဆီသို့ အိပ်ရာမှထရန် လာနှိုးသည်။ သူတို့လည်းအမြန်ထကာ မျက်နှာကိုအမြန်သစ်ကြသည်၊ သေတ္တာထမ်းရန် ပြင်ရသည်။ အစားကတော့ သူတို့ထဲမှ လူတစ်ယောက်က ပြင်ထား၍ အမြန်စားကာ ခရီးစထွက်ခဲ့ရလေသည်။

ဘကောင်းနှင့် ဖိုးလုံးက သေတ္တာတစ်လုံး အတူထမ်းရသည်၊ ဘကောင်းလည်း စကားပြောဖော်ရ၍ ဝမ်းသာသွားသည်၊ ဖိုးလုံးက စပြီး…

www.burmeseclassic.com

www.burmeseclassic.com



"ကိုဘကောင်း… ဒီသေတ္တာက ပေါ့ပေါ့လေးပါလား၊ အထဲမှာ ဘာများဖြစ်မလဲ မသိဘူး"

"မင်းကလဲကွာ… အဖိုးတန်ပစ္စည်းတွေမို့လို့သာ၊ ဒီလို သေတ္တာနဲ့ ထည့်လာတာနေမှာပေါ့"

"ကျွန်တော်တို့ကို ဘယ်အထိ ခေါ်သွားမလဲ မသိဘူးနော်"

"အေး… ငါလည်း သိချင်တာပေါ့၊ ဒါပေမဲ့ သူတို့ပေးထားတဲ့ငွေ ယူမိတော့ သူတို့ခေါ်တဲ့နေရာထိ လိုက်ရတော့မှာပဲ"

ထိုအခါ သူတို့ရှေ့မှ လူများ ရပ်သွားတာတွေ့၍ ဘကောင်းတို့လည်းရပ်လိုက်ရသည်။ ဖိုးလုံးက…

"ဘာဖြစ်တာလဲမသိဘူး"

သူတို့က နောက်နားရောက်နေ၍ ရှေ့မှ ဘာဖြစ်မှန်း မမြင်ရ၍ ဖိုးလုံးက စပ်စုသလိုနဲ့ အနားမှလူကိုမေးလိုက်သည်။ သူ၏ အနားတွင်ရှိနေသူများက ဂျပန်စစ်သား ဖြစ်နေသည်။ ဂျပန်စစ်သားက မြန်မာလို နားမလည်၍ ဘာမှပြန်မဖြေပါ၊ သူ့ကိုတော့ မကြည်တဲ့ပုံစံဖြင့် ကြည့်လိုက်သည်။ ဘကောင်းက မနေနိုင်၍…

"ဖိုးလုံး ငြိမ်ငြိမ်နေစမ်းပါကွာ… ခဏကြာတော့ သိရမှာပေါ့"

ဟုတ်ပါပြီ… ခဏကြာတော့ ဂျပန်စကားပြန်ကြီးက…

"အားလုံး နားကြမယ်ဟေ့၊ ရှေ့က လူတစ်ယောက် ပိုးထိလို့ ပြုစုရအုံးမယ်"

ထိုအခါ ပစ္စည်းထမ်းလာသူများက ပစ္စည်းများ ဘေးနားသို့ကပ်၍ နားကြသည်။ ဂျပန်စစ်သားများထဲမှ လူများက ပတ်ပတ်လည်ကို ကင်းချ၍ စောင့်လိုက်သည်။

ပိုးထိသောသူမှာ မသက်သာ၍ အော်နေသည်။ ပိုးထိလို့ ပြုစုပေးဖို့လူများကလည်း မရှိဖြစ်နေသည်။ ဒါကို ဂျပန်စစ်ဗိုလ်က မကျေမနပ်ဖြစ်ကာ သူသွားရမည့်လမ်းကြောင်းတွင် ခရီးဖင့်၍ မကျေမနပ်ဖြစ်နေမိသည်။ ထိုအခါ တခြားဂျပန်စစ်သားတစ်ဦးသို့ ဂျပန်လို ပြောလိုက်သည်။ ၎င်းဂျပန်စစ်သားလည်း ပိုးထိနေသော လူနားသို့သွားကာ မကျေမနပ်ပုံစံဖြင့် ကြည့်ပြီး လှံစွပ်ဖြင့် ထိုးသတ်လိုက်လေသည်။

ထိုအခြင်းအရာကို ဘကောင်းတို့ လူအုပ်စုကမြင်လိုက်၍ ဘကောင်းနဲ့ အပေါင်းအပါအားလုံးက မကျေမနပ်ဖြစ်ကာ ဘာမှပြန်မပြောနိုင်ပါ။ ဘကောင်းကတော့ စိတ်ထဲမှ ခံပြင်းနေရုံမှအပ ဘာမှပြန်မလုပ်နိုင်ပါ။ ထိုအခါ ဘကောင်းက…




မြတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"တောက်..."

"ရက်စက်လိုက်ကြတာကွာ... လူတွေကို တိရစ္ဆာန်ကောင်လိုပဲ သဘောထားကြတယ်"

ဘကောင်း ဂျပန်စစ်သားများအပေါ် မုန်းတီးကာ သူ့လူများကို သတိပေးရန် စိတ်ထဲမှ တေးထားမိသည်။ ဒီတစ်ခါ နားနေစခန်းကျရင် အားလုံးကို ပြောပြမှဖြစ်မယ်။

သူတို့အားလုံး ပိုးထိ၍ သေဆုံးသွားသောသူကို ဘာမှ မလုပ်နိုင်ဘဲ ဒီအတိုင်းထားခဲ့ကြလေသည်။ မြေမြှုပ်ဖို့ပင် မလုပ်ကြတော့ပါ။

သူတို့အားလုံး ပိုးထိ၍ သေဆုံးသွားသော အလုပ်သမားကို ရှေ့မှဖြတ်သွား၍ မြင်လိုက်ရသူတို့မှာ ရင်ထဲမကောင်း ဖြစ်မိကြသည်။

သေဆုံးသွားသူမှာ ပထမ မျက်လုံးဖွင့်လျက် အံ့သြသောစိတ်ဖြင့် သေဆုံးနေသည်။ ဒါကို မျက်လုံးလေးပါ မပိတ်ပေးခဲ့ပါလားဟု ဘကောင်းက စိတ်ထဲ မကောင်းဖြစ်မိသည်။ သူ့ အနေနဲ့ မျက်လုံးသွားပိတ်ပေးချင်ပေမယ့် သူ့မှာလည်း အထမ်းကြီးနဲ့မို့ ဘေးမှ ဂျပန်စစ်သားများက ခြံရံထား၍ သူလည်း မလုပ်ပေးနိုင်ပါ။





ဘကောင်း စိတ်ထဲမှာတော့ တကယ်သေတာမှ ဟုတ်ရဲ့လားလို့ ထင်မိသည်။

❖

သူတို့အုပ်စုများ ခရီးတော်တော် ရောက်လာကြသည်။ တောင်ကမူလေးနှစ်လုံးကြားအရောက်တွင် ညနေ နေဝင်ခါနီးနေပြီမို့ နားကြရန်ပြင်ဆင်ကြသည်။ တောင်ကမူလေး နှစ်လုံးကြားဆိုပေမယ့် ပတ်ဝန်းကျင်ကတော့ သစ်ပင်များက အုပ်အုပ်ဆိုင်းဆိုင်းလေး ရှိနေသည်။ ရေစီးသံလေးပါ ကြားနေ၍ ချောင်းနားနီးနေသည်ဟုလည်း ထင်မိသည်။

ဘကောင်းတစ်ယောက် ပတ်ဝန်းကျင်လေ့လာချင်၍ ထရပ်လိုက်သည်။ ဂျပန်စစ်သားက လက်ဟန်ခြေဟန်ဖြင့် ပြန်ထိုင်ခိုင်းသည်။ ထိုအခါ ဘကောင်းက ဖင်ကို ပုတ်ပြလိုက်သည်။ ထိုအခါ ဂျပန်စစ်သားက သဘောပေါက်သွား၍ ခေါင်းညိတ်ပြသည်။

ထိုအခါ ဘကောင်းလည်း အနီးအနားသို့သွား၍ အန္တရာယ်ကို ရှင်းရန်နေရာရှာသည်။ ဘကောင်းက အန္တရာယ်ကို ရှင်းနေတုန်း ပတ်ဝန်းကျင်ကို လေ့လာနေမိသည်။ သူ အန္တရာယ်ကို ရှင်းနေတုန်း သူ၏ဘေး သစ်ပင်ချုံပုတ်များကြား တောင်ကမူ



www.burmeseclassic.com

www.burmeseclassic.com



လေးထဲမှ ဖောဝက်တစ်ကောင် ထွက်လာသည်ကို တွေ့လိုက်သည်။ သူလည်း အသံမပေးဘဲ ငြိမ်၍ နေလိုက်ရသည်။ နောက်ထပ်များ ထွက်လာအုံးမလားဆိုတာ ငြိမ်ပြီး ကြည့်နေသေးသည်။ ဘာမှ ထွက်မလာတာတွေ့မှ သူလည်း ထပြန်လာခဲ့သည်။

ထိုအခါ ဂျပန်စစ်သားက သူ့ကို သိပ်မကြည့်ပါ။ သူ အိမ်သာသွားတာ ကြာတဲ့အတွက် သူ့ကို ဘုကြည့် ကြည့်သည်။ သူလည်း မသိသလို နေလိုက်သည်။

သူတို့အားလုံး စားသောက်ပြီး၍ အိပ်ဖို့အတွက် ပြင်ဆင်ကြလေတော့သည်။

❖

ဖောဖ၏အရိပ်ကြောင့် ချမ်းအေးမှုဒဏ်ကို အားလုံး ခံစားနေရသည်။ ဒီဇင်ဘာလဖြစ်၍ ချမ်းအေးမှုကြောင့် အားလုံး ကွေးကာ အိပ်ပျော်နေကြလေသည်။

ထိုအခါ အိပ်မပျော်နိုင်ဘဲ မျက်စိကြောင်ကာ ဖြစ်နေသူနှစ်ဦးကတော့ ဂျပန်စစ်သားတစ်ဦးနှင့် ဗိုလ်ကြီးတို့ဖြစ်သည်။ ဂျပန်စစ်ဗိုလ်ကြီးကတော့ ငိုက်ရင်း အိပ်မပျော်သောကြောင့် ပတ်ဝန်းကျင်ကို ဟိုကြည့်ဒီကြည့် လိုက်ကြည့်မိသည်။ ကင်းစောင့်နေသော ဂျပန်စစ်သားနှစ်ဦးကတော့ စကားတပြောပြော





ဖြင့် ကင်းစောင့်နေသည်။

ထိုအချိန်တွင် ဂျပန်စစ်ဗိုလ်ကြီးက သူ၏ဘေးသို့ ချုံပုတ်လှုပ်သံကြောင့် လှည့်ကြည့်မိသည်။ ထိုအခါ လူတစ်ယောက်က သူ့ကို မျက်လုံးပြူးကာ စိမ်းစိမ်းကြည့်နေတာ တွေ့လိုက်ရသည်။ ၎င်းလူရဲ့ အဝတ်အစားများက တစ်ကိုယ်လုံးဖြူဖွေးနေတာ တွေ့လိုက်ရသည်။ ဂျပန်စစ်ဗိုလ်လည်း ဒီအချိန်ကြီးကျမှ ဘယ်လူကများ သူ့ကို လာတွေ့ရသလဲလို့ စိတ်ထဲမှ တွေးလိုက်မိသည်။ ထိုအခါ သူက ဂျပန်လို ပြောလိုက်သည်။ စကားများ တစ်ခွန်းပြီး တစ်ခွန်း ဆက်တိုက်ပြောနေသောကြောင့် ကိုဘကောင်းက အသံကြား၍ ကြည့်လိုက်သောအခါ ဂျပန်စစ်ဗိုလ်တစ်ဦးတည်း စကားပြောနေတာ တွေ့လိုက်ရသည်။ ပထမတော့ သူ၏ဘေးမှ လူကို ပြောနေသလားလို့ ထင်မိသည်။ ခဏကြာတော့ ဂျပန်စစ်ဗိုလ်က ဒေါသကြီးပြီး ချုံပုတ်နားသို့သွားပြီး စကားများ ထပ်ပြောနေတာ၊ ဒေါသဖြစ်နေတာ တွေ့လိုက်ရမှ ကိုဘကောင်း ထပြီး ကြည့်နေလိုက်သည်။ ဂျပန်စစ်ဗိုလ်ကြီး ပြောနေသောနေရာသို့ ကြည့်လိုက်သောအခါ ဘယ်သူ့ကိုမှ မတွေ့ရပါ။

ထိုအချင်းအရာကြောင့် စကားပြန်လည်း နိုးလာသည်။ ကင်းစောင့်နေသော လူနှစ်ယောက်လည်း ဂျပန်ဗိုလ်နားသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသည်။ ဂျပန်လို ပြောလိုက်သည်။

"မာစတာ ဘယ်သူနဲ့ စကားပြောနေတာလဲ"

"ဟိုမှာ လူတစ်ယောက်လေ... ငါမေးနေတာ ဘာမှ ပြန်မပြောလို့ ဒေါသဖြစ်နေတာ..."

"ဘယ်မှာလဲ မာစတာ... ကျွန်တော်တို့လဲ မတွေ့ပါလား"

"ဟိုမှာလေ တစ်ကိုယ်လုံး အင်္ကျီဖြူဝတ်ထားတာ မတွေ့ဘူးလား"

ထိုအခါ စစ်သားနှစ်ယောက်လည်း ဂျပန်စစ်ဗိုလ်ကြီးကို ကြည့်ကာ နားမလည်သလိုဖြစ်မိသည်။ ထိုအခါ အနားသို့ စကားပြန်ရောက်လာပြီး ဂျပန်စစ်ဗိုလ်ကြီးကို မေးလိုက်သည်။

"မာစတာ ဘယ်သူနှင့် စကားပြောနေတာလဲ"

"လာပြန်ပြီ တစ်ယောက်... မင်းတို့တွေ မမြင်ကြဘူးလား၊ လူတစ်ယောက်လုံး ငါ့ရှေ့မှာ ရပ်နေတာ..."

ထိုအချိန်ကျမှ စကားပြန်က သဘောပေါက်လိုက်သည်။ ဂျပန်စစ်ဗိုလ်ကြီးကို သရဲလာချောက်တယ်ဆိုတာ နားလည်လိုက်သည်။ မနက်က ဗိုးထိတဲ့လူများ ဖြစ်နေမလားပဲ။ ဖြစ်ချင်လည်းဖြစ်မှာပေါ့။ သူ့ခမျာ ပိုးထိလို့ သေချင်မှသေမယ်။ ဂျပန်ဗိုလ်ကြီးသတ်လိုက်လို့ သေဆုံးခဲ့ရသည် မဟုတ်ပါလား။





စကားပြန်လည်း ဂျပန်ဗိုလ်ကြီးကို ဖျောင်းဖြကာ နေရာသို့ ပြန်ခေါ်လာခဲ့သည်။ ဂျပန်ဗိုလ်ကြီးကတော့ သိပ်ကျေနပ်ချင်ပုံမပေါ်ပါ။ ဂျပန်ဗိုလ်ကြီးလည်း နေရာသို့ ပြန်ရောက်ပြီး သိပ်မကြာခင်မှာပဲ "အား..." နောက်တစ်ယောက်က လန့်ပြီး ထအော်သည်။ ထိုအခါ အနားမှာရှိနေသော သူများက လန့်အော်သူကို ကြည့်လိုက်သောအခါ နေ့ခင်းက ဘက်နင်းဖြင့် ထိုးသတ်ခဲ့သော ဂျပန်စစ်သား ဖြစ်နေသည်။

ထိုအခါ စကားပြန်က အနားသို့လာပြီး....

"မာစတာ ... ဘာဖြစ်တာလဲ"

ထိုအခါ ဂျပန်စစ်သားသည် အနားပတ်ဝန်းကျင်သို့ လိုက်ကြည့်နေသည်။ သူ လိုက်ကြည့်သလို အနားမှာရှိနေသော စကားပြန်အပါအဝင် အားလုံးက လိုက်ကြည့်ကြသည်။

အလယ်က မီးပုံ ပုံထား၍ ပတ်ဝန်းကျင်ကိုတော့ အရိပ်အယောင် နည်းနည်းမြင်ရသည်။ ပတ်ဝန်းကျင်မှာက ဘာမှ မတွေ့ရပါ။ ဒါပေမဲ့ နောက်တစ်ခေါက်ထပ်ကာ သေသေချာချာ ကြည့်ပြန်သည်။

စကားပြန်က ဒုတိယအကြိမ် ထပ်ပြီး မေးရပြန်သည်။

"မာစတာ ဘာတွေ့လို့လဲဗျာ..."



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဂျပန်စစ်သားဖြေလိုက်ပုံက ...

"ကျွန်တော်ရဲ့ခြေထောက်ကို ဆောင့်ဆွဲသလို ခံလိုက်ရတယ်၊ ဒါကြောင့် ထအော်တာပါ"

"ဘယ်သူလဲ မြင်လိုက်လို့လား"

"အဲဒီလူက ခေါင်းမြီးခြုံထားတယ်၊ ဒါပေမဲ့ ကျွန်တော့်ကို တဖြည်းဖြည်းချင်း မော့ကြည့်လိုက်တော့ နေ့ခင်းက ကျွန်တော် လှံစွပ်ဖြင့် ထိုးသတ်လိုက်တဲ့လူ ဖြစ်နေတယ်၊ ဒါကြောင့် ထအော်မိတာပါ"

စကားပြန်ကတော့ သဘောပေါက်လိုက်ပါပြီ။ သူ့ကို သတ်ခဲ့သော လူနစ်ယောက်ကို ကျေမှာမဟုတ်ပါ။ ဒီလိုပဲ လိုက်ပြီး ခြောက်လှန့်နေလိမ့်မယ်ဆိုတာ သိလိုက်ပါပြီ။ ဒီအကြောင်းတွေကို ကျန်တဲ့လူများကို ပြန်ပြောပြလို့မဖြစ်ပါ။ အားလုံးကြောက်ကုန်ကြလိမ့်မည်။

တစ်ညတာ ကုန်ခဲ့သည်။ ဘယ်သူမှအိပ်မပျော်တော့ပါ။ အားလုံးရဲ့စိတ်ထဲမှာ တစ်ယောက်တစ်မျိုးစီ ထင်မြင်ချက်ပေးနေမိသည်။ ကိုဘကောင်းကတော့ သိလိုက်ပါသည်။ နေ့ခင်းက အသတ်ခံခဲ့ရသောသူက လိုက်ချောက်နေတယ်ဆိုတာ သိလိုက်ပါသည်။





အရုဏ်လင်းလာသည်။ အားလုံးလည်း အိပ်မပျော်ပေမယ့် အလင်းရောင်ကြောင့် ထကြသည်။

ဂျပန်ဗိုလ်ကြီးလည်း ညက အဖြစ်အပျက်ကြောင့် တစ်ညလုံး အိပ်မပျော်ပါ။ သူ့အနေနဲ့ အိပ်မပျော်၍ စဉ်းစားနေမိသည်။ မိုးလင်းမှပဲ အဖြေက ရလိုက်သည်။ ၎င်းအဖြေကို အကောင်အထည်ဖော်ဖို့ သူ ဆုံးဖြတ်ချက် ချလိုက်လေသည်။

ဂျပန်ဗိုလ်ကြီးလည်း နေထွက်လာပြီဖြစ်၍ ခရီးစထွက်ရန် ပြင်ဆင်နိုင်းလေသည်။ ၎င်းတို့အုပ်စုများ တောလမ်း၊ လျှိုမြောင်၊ တောင်ကြားများ အသီးသီးဖြတ်ကျော်လာခဲ့ကြသည်။ သူတို့လမ်းကြောင်းများကို ဂျပန်ဗိုလ်ကြီးက အမှတ်အသားများ ပြုလုပ်ခဲ့သလို၊ ကိုဘကောင်းကလည်း သူ့ရဲ့နည်းပညာဖြင့် အမှတ်အသားများ ပြုလုပ်လာခဲ့ကြသည်။

❖

သူတို့အားလုံး နေ့နဲ့ညကို ဖြတ်ကျော်ခဲ့ကြတာ သုံးရက်မြောက်သောနေ့တွင် ကျောက်တောင်ကြီးတစ်ခုကို တွေ့လိုက်ရသည်။ သူတို့ရောက်နေသောနေရာကလည်း ကရင်ပြည်နယ်ထဲဆိုတော့ ကျောက်တောင်များ ပေါများကြသည်။ လိုဏ်ဂူများလည်း တွေ့ခဲ့ကြသည်။ ထိုအခါ ဂျပန်ဗိုလ်ကြီးက အကြံတစ်ခု ရ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ သူတို့သာ ဒီပစ္စည်းတွေကို ယခုလိုသာ သယ်သွားမည်ဆိုလျှင် ဘာအန္တရာယ်များ တွေ့မလဲ။ ဘယ်သူတွေများ ပစ္စည်းများကို လုယက်ကြမလဲဆိုတာ တွေးရင်း စိတ်ပူလာမိသည်။ မိမိတို့ပစ္စည်းသယ်တဲ့အချိန်ကလည်း တိုင်းပြည်အခြေအနေက သိပ်မကောင်းပါ။ သို့အတွက်ကြောင့် သူတစ်ခုခု လုပ်ရမည်ဟု ဆုံးဖြတ်လိုက်လေသည်။

အမှတ်အသား ထင်ထင်ရှားရှားရှိရမယ့်နေရာတစ်ခုခုကို ရှာတွေ့ရင် ပစ္စည်းများကို မြှုပ်ထားခဲ့ပြီး နောက်မှ ပြန်လာဖော်ရင်ကောင်းမလားဟု စိတ်ထဲ၌ အတွေးတစ်ခု ပေါ်မိသည်။

ယခုလည်း သူတို့ဘယ်နေရာကိုရောက်နေမှန်းမသိဘဲ လာသာလာခဲ့ရသည်။ အိမ်မြှောင်ကို ကြည့်ပြီးသွားနေရတာလဲ အချိန်တွေလဲ ကုန်ခဲ့ပြီ မဟုတ်ပါလား။

ထိုအခါ ဂျပန်ဗိုလ်ကြီး ကျောက်တောင်တစ်ခုကို တွေ့လိုက်ရသည်။ ၎င်းကျောက်တောင်က အဝေးကပင် ကြည့်လျှင် မြွေခေါင်းသဏ္ဍာန်ဖြစ်နေတာ တွေ့လိုက်ရသည်။ ထိုတောင်၏ အနီးသို့ သူ၏လူများကို ခေါ်ခဲ့ကြသည်။ တောင်ခြေသို့ ရောက်သောအခါ ဂျပန်ဗိုလ်ကြီး ဝမ်းသာသွားသည်။ ဘာကြောင့်လဲဆိုတော့ ၎င်းတောင်၏အောက်ခြေတွင် လိုဏ်ဂူလေးတစ်ခု တွေ့





ရသောကြောင့်ဖြစ်သည်။ လိုဏ်ဂူလေးက လူနှစ်ဦးစာပဲ ဖြစ်သည်။ ဒါကြောင့် ဂျပန်ဗိုလ်ကြီးက တောင်ကိုပတ်ပြီးကြည့်လိုက်သည်။ ဒါပေမဲ့ သူလိုချင်သောအနေအထားမတွေ့ရ၍ နည်းနည်းတော့ စိတ်တိုသွားသည်။ ဒါပေမဲ့ အကြံတစ်ခု ရလိုက်သည်။ တောင်က ထင်ပေါ်ပြီး ရှေ့တည့်တည့်မှာ လိုဏ်ဂူဆိုတော့ တစ်ဦးဦး ဝင်ထွက်ရင် တွေ့နိုင်သည် မဟုတ်ပါလား။

ဒီလိုနဲ့ ဂျပန်ဗိုလ်ကြီးလည်း သေသေချာချာ လိုက်ပြီးကြည့်သည်။ တောင်၏ ညာဘက်တွင် လျှိုတစ်ခု တွေ့လိုက်ရသည်။ ပြီးနောက် တောင်ခါးပန်းတစ်ခုက လူနှစ်ယောက်၊ သုံးယောက်လောက် ရပ်လို့ရတာတွေ့လိုက်ရသည်။ ဒါကို တွေ့လိုက်၍ သူ့ အကြံတစ်ခုရသွားသည်။

သူ၏ စကားပြန်ကို ပြောပြီး အလုပ်သမားများကို နားနိုင်းလေသည်။ ပြီးနောက် စကားပြန်က အလုပ်သမားများဆီသို့ လာပြီး...

"ညီနောင်တို့ ဒီနားမှာ နားကြမယ်၊ ပြီးရင် အလုပ်လုပ်ဖို့ ပြင်ဆင်ကြမယ်"

ထိုအခါ ဂျပန်ဗိုလ်ကြီးက စကားပြန်ကို ပြန်ခေါ်ပြီး သူလုပ်ချင်သောအရာကို ဂျပန်လို ပြောပြလေသည်။ စကားပြန်က



www.burmeseclassic.com

www.burmeseclassic.com



လည်း ခေါင်းတညိမ့်ညိမ့်ဖြင့် လက်ခံလေသည်။ ထို အချင်းအရာကို ကိုဘကောင်းကမြင်လိုက်၍ စိတ်ထဲမှ တစ်မျိုးဖြစ်သည်။ သူတို့ ဘာများ ကြံစည်နေကြသလဲဆိုတာ သိချင်နေမိသည်။ မကြာခင်မှာပဲ စကားပြန်က သူတို့နားသို့ ရောက်လာပြီး ဂျပန်ဗိုလ်ကြီးရဲ့လုပ်ငန်းစဉ်ကို သေသေချာချာ ပြောပြလိုက်သည်။

ကျောက်တောင်ရဲ့အနောက်ဘက်မှာ ကျောက်ဂူတစ်ခု သူတို့ ထွင်းရမည်ဟု သိလိုက်ရသည်။ ကိုဘကောင်းနှင့် အလုပ်သမားများက စိတ်ထဲမှ တစ်မျိုးဖြစ်သွားကြသည်။ ကျောက်ဂူကို ဘာကြောင့်လုပ်ကြရတာလဲ၊ ဘာအတွက်လဲဆိုတာတော့ သူတို့ကို မပြောပြပါ။

ဒါပေမဲ့ သူတို့မှာကလည်း မေးပိုင်ခွင့်မှ မရှိတာ။ ဂျပန်များရဲ့ခိုင်းစေတဲ့အတိုင်း လုပ်ကြရမည် မဟုတ်ပါလား။

သူတို့အားလုံး ခဏနားကြသည်။ သူတို့ထဲမှ နှစ်ယောက် သုံးယောက်ကို ဝါးများ ခုတ်စေသည်၊ နွယ်ကြိုးများ ရှာစေသည်။ ကျန်လူများက အဆင်သင့်ပြင်ခိုင်းထားစေသည်။ ပတ်ဝန်းကျင်မှာကလည်း ဝါးများပေါသည်။ သိပ်မရှာလိုက်ရပါ။ တစ်နာရီ၊ နှစ်နာရီအတွင်း လိုချင်သော ဝါးများ၊ နွယ်ကြိုးများ ရလာကြသည်။





ဝါးများကို ငြမ်းသဘောလုပ်ရန်အတွက် ကျောက်တောင်၏ အနောက်ဘက်သို့ ယူလာစေပြီး ငြမ်းဆင်စေသည်။ ငြမ်းပြီးသောအခါ အလုပ်သမားများကို ကျောက်တောင်၏ အနောက်ဘက်မှ ဂူတစ်ခုကို ထွင်းလုပ်စေခဲ့သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

# လုပ်သားများ၏ ကံကြမ္မာဆိုး

ဆယ်ရက်မြောက်သော စပေါင်းလုပ်အားကြောင့် ဂူတစ်ခုဖြစ်ပေါ်လာခဲ့သည်။ ၄င်းဂူပြီးခါနီးသော ကျောက်တောင်၏ အရှေ့ဘက်၌ ကျင်းတစ်ခု ထပ်တူးစေသည်။ ဂူလည်းပြီး ကျင်းလည်းပြီးခါနီးသော ကိုဘကောင်းတစ်ယောက်စိတ်ထဲ၌ တစ်မျိုးကြီးဖြစ်လာခဲ့သည်။

"အင်း... ဂျပန်တွေ တို့တွေအားလုံးကို သတ်တော့မယ်ထင်တယ်၊ ဒီကျင်းဟာ ဘာကြောင့် တူးရတာလဲ... ငါတော့ မသက်ာချင်တော့ဘူး၊ ဒီတော့ ဒီည ငါ့သူငယ်ချင်းတွေနဲ့ ထွက်ပြေးဖို့လုပ်ရမည်"



ဟု ဆုံးဖြတ်ထားလိုက်သည်။

ဒီလိုနဲ့ ညလည်း တဖြည်းဖြည်း မှောင်လာသည်။ အလုပ်နားချိန်မို့ သူတို့လူများ စုမိကြသည်။ ထိုအခါ ကိုဘကောင်းက သစ်ပင်အောက်တွင် ထိုင်ကာ စဉ်းစားနေနိုက် သူ့နားသို့ ဖိုးလုံးက ရောက်လာသည်။

"အတော်ပဲ ဖိုးလုံး... ဟိုကောင်တွေ သွားခေါ်ကွ၊ ပြောစရာရှိလို့"

ဖိုးလုံးလည်း ကိုဘကောင်း ပြောလိုက်၍ ကျန်တဲ့ မောင်နီ၊ ကြွက်နီ၊ ခေါင်းကြီးတို့ကို သွားခေါ်လာခဲ့သည်။ သူတို့လည်း စုမိကြသောအခါ တခြားသူများ မရိပ်မိအောင် ဆေးလိပ်သောက်သလိုနဲ့ စကားစပြောကြသည်။ ကိုဘကောင်းက...

"မင်းတို့ကို ငါ ပြောစရာရှိတယ်၊ တို့တွေ အားလုံးကို ဂျပန်တွေ သတ်လိမ့်မယ်"

ထိုအခါ ကြွက်နီက ...

"ဘာဖြစ်လို့ သတ်မှာလဲ... ကိုဘကောင်း"

"မင်းပဲ စဉ်းစားကြည့်လေ၊ ပထမ ဂူဖောက်နိုင်းတယ်၊ ဒုတိယ မြေကျင်းတူးနိုင်းတယ်၊ တတိယဆိုရင်တော့ တို့တွေကို သတ်ဖို့ပဲ ရှိတော့တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ခေါင်းကြီးက...

"ဖြစ်နိုင်တယ်... သူတို့ဘာကြောင့် ဒီလိုလုပ်ရလဲဆိုတာ ငါစဉ်းစားမိပြီ၊ တကယ်တော့ ဂူဖောက်ခိုင်းတာက တို့တွေသယ်လာတဲ့ ပစ္စည်းတွေထားဖို့၊ မြေကျင်းတူးတာကတော့ စဉ်းစားစရာပဲ"

ထိုအခါ ကြွက်နီက...

"ဘာမှ စဉ်းစားနေဖို့ မလိုပါဘူး၊ မြေကျင်းက ငါတို့ အားလုံးကို သတ်ပြီး မြှုပ်ဖို့ပေါ့"

ထိုအချိန်တွင် နားထောင်နေသော ကိုဘကောင်းက...

"ဖြစ်နိုင်တယ်... မြေကျင်းက သူတို့အတွက် ဘာလုပ်မှာမို့လဲ၊ အခုဆိုရင် ယိုးဒယားနယ်စပ်နဲ့လည်း နီးနေပြီ၊ တို့တွေကို ခေါ်သွားဖို့ မလိုအပ်တော့ဘူးလေ၊ ဒါပဲပေါ့... မင်းတို့ကို ငါခေါ်တာလည်း အဲဒါပြောမလို့ပဲ၊ တို့တွေ သူတို့သတ်လို့ သေမယ့်အစား စွန့်စားရင်း သေတာကမှ မြတ်ဦးမယ်၊ ဒီတော့... ဒီည အားလုံးအိပ်တဲ့အခါ တို့တွေ ထွက်ပြေးရအောင်၊ အားလုံး သဘောတူလား"

အားလုံးက အသံတိတ် လက်မ ထောင်လိုက်ကြသည်။

အားလုံး သဘောတူတယ်လို့ အဓိပ္ပာယ်ကို သိလိုက်ကြ





သည်၊ သူတို့အားလုံး အိပ်ဖို့ ပြင်ဆင်ကြသည်။ ညသန်းခေါင်ကျော်လောက်တွင် ကိုဘကောင်းက ပတ်ဝန်းကျင်ကို လေ့လာလိုက်သည်။ ပြီးနောက် သူ့နားတွင် အိပ်နေသော ကြွက်နီကို လှုပ်နှိုးလိုက်သည်၊ ကြွက်နီက သူ့နားက ခေါင်းကြီးကို နှိုးလိုက်သည်၊ ခေါင်းကြီးက မောင်နီ၊ မောင်နီက ဖိုးလုံးကို နှိုးလိုက်သည်။ သူတို့တွေ တိုင်ပင်ထားသည့်အတိုင်း ကင်းစောင့်နေသော ဂျပန်နှစ်ယောက်ကို ဖိုးလုံးနှင့် ကြွက်နီက ကျောက်ချွန်လေးပါသော ကျောက်တုံးနှစ်တုံးကို ညကတည်းက အဆင်သင့်ရှာပြီးသားမို့ အနားမှကောက်ယူကာ ကင်းစောင့်နေသော ဂျပန်နားသို့ ကပ်လာခဲ့ကြသည်။

ဂျပန်နှစ်ယောက်လည်း အိပ်ငိုက်နေ၍ သူတို့အနားသို့ လာတာ မတွေ့လိုက်ပါ။ အနားသို့ရောက်သော်...

"ဒုတ်...." "ဒုတ်...."

ဂျပန်နှစ်ဦး ခေါင်းမှဒဏ်ရာဖြင့် နေရာတွင် မအော်နိုင်ဘဲ မေ့သွားသလား၊ သေသွားသလား မသိဘဲ ငြိမ်ကျသွားသည်။ သူတို့နှစ်ဦးကို သစ်ပင်တွင် မှီကာ ထားခဲ့သည်။ ပြီးနောက် အားလုံးထွက်ပြေးခဲ့ကြလေသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

# လူစွန့်စား ငါးဦး

မနက်မိုးလင်းသောအခါ စကားပြန်က အရင်နိုးသည်၊ ကင်းစောင့်နေသော ဂျပန်စစ်သားနားသို့ သွားကြည့်သည်၊ နှစ်ဦးစလုံး သစ်ပင်တွင်မှီကာ အိပ်နေသည်ဟု ထင်လိုက်သည်၊ ဒါနှင့် ဂျပန်ဗိုလ်ကြီးကို လာနိုးသည်၊ ဂျပန်ဗိုလ်က အိပ်ယာမှ ထကာ သူ့လူများကို လိုက်နိုးစေသည်၊

ပြီးနောက် သစ်ပင်တွင် ကင်းစောင့်နေသော သူနှစ်ဦးကို သွားနိုးစေသည်၊ ဒါပေမဲ့ နိုး၍ မရပါ၊ ဂျပန်စစ်သားက ဂျပန်လို ပြန်ပြောလိုက်သည်၊

ဂျပန်ဗိုလ်လည်း မသကာ၍ အလုပ်သမားများကို လိုက်



ကြည့်သောအခါ လူငါးယောက် ပျောက်နေတာတွေ့လိုက်ရသည်၊ ဂျပန်ဗိုလ်လည်း သဘောပေါက်ကာ ခေါင်းတညိမ့်ညိမ့်ဖြင့် စဉ်းစားနေသည်၊

"ဒီလူတွေညကတည်းက ပျောက်နေတယ်ဆိုတာ ကျိန်းသေသွားပြီ၊ အခုလောက်ဆိုရင် ခရီးတော်တော်ရောက်လောက်ပြီ"

ဟုထင်ကာ ပျောက်သောသူများကို မရှာခိုင်းတော့ပါ၊

ဂျပန်ဗိုလ်ကြီးက ဘာကြောင့်မရှာခိုင်းသလဲဆိုရင် ဒီတောထဲမှာ သူတို့ လမ်းရှာတွေ့မှာ မဟုတ်လို့ပါ၊ သူတို့လာခဲ့တာလည်း ယခုဆိုရင် နှစ်ပတ်လောက် ရှိနေပြီ မဟုတ်ပါလား၊ ဂျပန်ဗိုလ်ကြီးက စကားပြန်ကို အလုပ်သမားတွေကို ပြောခိုင်းသည်၊

"နောက်ထပ်ထွက်ပြေးရင် ပစ်သတ်မည်"

ဟု စကားပြန်မှ တစ်ဆင့် ပြောခိုင်းလိုက်သည်၊

အလုပ်သမားများလည်း မျက်နှာငယ်လေးဖြင့် ဘာမှ ပြန်မပြောနိုင်ပါ၊

ယနေ့ အလုပ်က ပြီးသလောက်ရှိနေပြီဖြစ်သည်၊ ထို့ကြောင့် ဂျပန်ဗိုလ်ကြီးက သူ့လက်ထောက်ကို ပစ္စည်းများ ထုပ်ထည့်စေသည်၊ ပြီးနောက် ဂူကို ပိတ်ပြီးတာနဲ့ အလုပ်သမားများ



www.burmeseclassic.com

www.burmeseclassic.com



ကို စီရင်ဖို့ မှာကြားလိုက်သည်။ ထိုအချိန်တွင် စကားပြန်က အလုပ်သမားများကို စကားမှာကြားနေသောအချိန် ဖြစ်သည်။ စကားပြန်သာ ဒီစကား ကြားလိုက်ရင်....

❖

ဘကောင်းတို့ တစ်ညလုံး ထွက်ပြေးလာရ၍ ပင်ပန်းနေကြသည်။ တောထဲမှာ မအိပ်ရဲကြ၍ သစ်ပင်တွေပေါ် ခွေကွနားကာ အိပ်ကြသည်။ သူတို့အိပ်နေသော သစ်ပင်မှာလည်း မြွေများ အလွန်ပေါသည်။ ဒါကို သူတို့မသိ၍ သစ်ပင်ပေါ်တက်အိပ်သည်။ မနက်မိုးလင်းသောအခါ ခေါင်းကြီး နှင့် ကြွက်နီက အပေါ်ဆုံး ရောက်နေသည်။ ဘကောင်းက ...

"ဟေ့ကောင်... ခေါင်းကြီး... ခေါင်းကြီး"

နှစ်ခါလောက်ခေါ်သော်လည်း ခေါင်းကြီးက မကြားပါ။ ဒါနဲ့ ဘကောင်းနဲ့ မောင်နီက သူတို့နားသို့ တက်၍ ဘကောင်းက ခေါင်းကြီးကို နှိုးသည်။ မောင်နီက ကြွက်နီကို နှိုးသည်။ ဒါပေမဲ့ သူတို့ထံမှ ဘာမှ ထူးသံမကြားပါ။ လှုပ်နှိုးသော်လည်း ဘာမှ အကြောင်းမထူးပါ။ ထိုအခါ ဘကောင်းက အပေါ်သို့ လှမ်းကြည့်လိုက်သောအခါ အပင်ပေါ်တွင် မြွေများကို တွေ့လိုက်သည်။ ဘကောင်းသဘောပေါက်လိုက်သည်။ ခေါင်းကြီးကို သေသေ





ချာချာ ကြည့်လိုက်သောအခါ လည်ပင်းတွင် အပေါက်ရာ နှစ်ပေါက်ကို တွေ့လိုက်ရသည်။

ခေါင်းကြီးနှင့်ကြွက်နီတို့ မြွေကိုက်၍ ဆုံးသွားကြသည်။ သူတို့ကို အောက်သို့ချ၍ မြေကျင်းလေး အဖြစ်လောက်သာ တူး၍ မြှုပ်ခဲ့ရသည်။ သူတို့ထံမှ အမှတ်အသားများကိုတော့ ယူခဲ့ကြသည်။

ယခုဆိုရင် သူတို့မှာ သုံးယောက်သာ ရှိတော့သည်။ ထိုအခါ ဘကောင်းက ကျန်သောနှစ်ယောက်ကို ဂရုစိုက်ဖို့မှာကြားလေသည်။ ဒီလိုနဲ့ သူတို့သုံးဦး ခရီးဆက်နှင်ခဲ့ကြလေသည်။ ကိုဘကောင်းတို့မှာ စိတ်မကောင်းဖြစ်မိကြသည်။ သူတို့သူငယ်ချင်း ငါးဦးရှိရာမှ ယခုဆိုရင် သုံးယောက်သာ ကျန်တော့သည် မဟုတ်ပါလား။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

# ဂူပိတ်ပွဲနေ့ (သို့) ကြမ္မာဆိုးနေ့

ယနေ့ ဂူပေါက်တာ နောက်ဆုံးနေ့ဖြစ်သည်။ အားလုံးလည်း ပြီးစီးသွားပြီဖြစ်၍ ဂျပန်ဗိုလ်ကြီးက ဂူထဲသို့ ဝင်ကြည့်သည်။ ပြီးနောက် ဂျပန်စစ်သားလေးနှစ်ဦးကို ဂျပန်လို ပြောလိုက်သည်။ ထိုအခါ ဂျပန်စစ်သားနှစ်ဦးလည်း အပြင်သို့ ပြန်ထွက်လာပြီး စကားပြန်ကိုပြောလိုက်သည်။ ထိုအခါ စကားပြန်က အလုပ်သမားများကို လှမ်းပြီး...

"အားလုံး ညီနောင်တို့ သေတ္တာများ ဂူထဲသို့ ယူလာခဲ့ကြပါ"

ထိုအခါအလုပ်သမားများထဲမှ တစ်ဦးက ...



"ဂျပန်ဗိုလ်ကြီးက ဒီသေတ္တာတွေကို ဘာကြောင့် ဂူထဲ ယူလာခိုင်းတာလဲ မသိဘူး"

ထိုအခါ တခြားအလုပ်သမားတစ်ဦးက ...

"အေး... ဟုတ်တယ်၊ စဉ်းစားမရ ဖြစ်မိတယ်၊ ဒီထဲမှာ ဘာတွေပါလဲ မသိဘူး၊ လက်နက်တွေများလား မသိဘူး"

ထိုအခါ ပထမ မေးလိုက်တဲ့သူက...

"လက်နက်တွေဆိုရင် တစ်ခါတည်းယူသွားမှာပေါ့၊ အခုက လက်နက်တွေမဟုတ်လို့ ဒီဂူထဲမှာ ထားခဲ့မလားမသိဘူး၊ အင်း... ဒါဆိုရင် လက်နက်တွေမဟုတ်ရင် ဘာတွေဖြစ်မလဲ"

ရင်းလှူသည် စဉ်းစားသလိုဖြင့် တွေးနေမိသည်။ ထိုအခါ တခြားလူအုပ်ထဲမှ တစ်ဦးက ဝင်ပြောလိုက်သည်။

"ဒီကောင်တွေ ဘုရားဌာပနာတွေများ ဖြစ်နေမလားပဲ၊ ဒါကြောင့်လဲ သူတို့ပင်ပန်းခံအလုပ်သမားတွေငှားပြီး သယ်နေတာ"

ထိုအခါ အခြားသူ တစ်ဦးကလည်း ဝင်ထောက်ခံလေသည်။

"ဖြစ်နိုင်တယ်၊ ဒီပစ္စည်းတွေပဲဖြစ်ဖို့များတယ်၊ ဒီပစ္စည်းတွေ ဒီမှာ ထားခဲ့ပြီးရင် တို့တွေကို နိုင်းစရာ မလိုတော့ဘူးပေါ့၊ ဒါဆို ရင် တို့တွေ ပြန်လို့ရပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ တစ်ဦးက ဝင်ပြောလိုက်သည်။

"မင်းထင်လို့လား၊ တို့တစ္တွေကို ပြန်လွှတ်မယ်လို့ ထင်သလား၊ ဟိုရှေ့မှာ တူးထားတဲ့ ဆယ်ပေပတ်လည်ကျင်းက ဘာလုပ်ဖို့ တူးခိုင်းတာလဲ၊ ဒါလည်း သေတ္တာတွေ မြှုပ်ဖို့ပဲလား၊ လုံးဝ မဖြစ်နိုင်ဘူး... တစ်ခုခုတော့ တစ်ခုခုပဲ... ငါတော့ မျက်ခုံး ခပ်လှုပ်လှုပ်ပဲ"

ထိုအခါ ပထမထင်မြင်ချက်ပေးတဲ့သူက သူ့ရဲ့ထင်မြင်ချက်ကို ပြန်ပြီး သုံးသပ်မိသည်။ ထိုအခါ...

"ဟုတ်တယ်၊ ဒီကောင်ပြောတာ ဖြစ်နိုင်တယ်၊ ငါလည်း ထင်ထားတာရှိတယ်... အဲဒီကျင်းဟာ အကြံအစည် တစ်ခုခု အတွက် တူးခိုင်းတာဖြစ်နိုင်တယ်"

သူတို့အားလုံး စကားများ၊ ထင်မြင်ချက်များ တစ်ယောက် တစ်ခွန်းပြောနေတုန်း တချို့လူတွေကတော့ ဂူကို ရွှံ့စေများဖြင့် ဖာထေးပြီး ပိတ်နေကြသည်။ ဂူပေါက်က ပြီးလု နေပါပြီ။ နောက်ဆုံးအဆင့် ရောက်နေပါပြီ။ ထိုအခါ ဂျပန် ဗိုလ်ကြီးက ကျန်သောအလုပ်သမားများကို ခေါ်လိုက်ပြီး ဆင်ထားသော ငြမ်းများကို ဖျက်ဆီးခိုင်းလေသည်။ ငြမ်းများ ဖျက်ပြီးသောအခါ ဂူပေါက်ကလည်း ပိတ်ပြီးသောအခါ အလုပ်





သမားများကို ကျင်းဆက်ပြီး တူးခိုင်းစေသည်။ အလုပ်သမားများ အားလုံး ဆယ်ယောက်ခန့်ကို ကျင်းဆက်ပြီး တူးစေသည်။ စကားပြန်ပါ တူးစေသည်။ အလုပ်သမားများအားလုံး ကျင်းထဲ ရောက်နေပါပြီ။ ကျင်း၏ အပေါ်က ဂျပန်စစ်သားများက ပတ်ဝိုင်း ကာ အလုပ်သမားများအားလုံး ကို သေနတ်ဖြင့်ချိန်ကာ...

"ဒိုင်း... ဒိုင်း... ဒိုင်း... ဒိုင်း...."

တစ်တောလုံး ဆူညံသွားလေသည်။ သေနတ်များက လည်း အချက်ပေါင်းများစွာ မရေတွက်နိုင်အောင် များလွန်း သည်။ ကျင်းထဲ၌ အလုပ်သမားများ၏ ကံကြမ္မာကတော့ မပြော ရက်လောက်အောင် ဆိုးရွားစွာဖြင့် တွေ့လိုက်ရသည်။ စကားပြန် ပါ အသက်ပါသွားလေသည်။ ဂျပန်ဗိုလ်ကြီးကတော့ ကျေနပ် အားရသော အမူအရာဖြင့် ခေါင်းတညိမ့်ညိမ့် ကျေနပ်နေမိ သည်။

ကျင်းထဲမှ အလုပ်သမားများအားလုံး ငြိမ်သက်သွား တော့မှ အပေါ်မှ မြေကြီးများ ယက်ချပြီး မြေဖို့လိုက်လေတော့ သည်။ ဂျပန်စစ်သားနှင့် ဂျပန်ဗိုလ်ကြီးက သူ၏စစ်သားများကို...

"အားလုံးပြီးရင် ခရီးစထွက်ကြမယ်"

ဂျပန်စစ်သားများလည်း ဂျပန်ဗိုလ်ကြီး၏ စကားကြောင့်



www.burmeseclassic.com

www.burmeseclassic.com



နားမလည် သလိုဖြစ်နေမိသည်၊ ဘာကြောင့်များ ရတနာသေတ္တာများကို မယူတော့ဘဲ ထားခဲ့ရတာလဲ။ အလုပ်သမားများကိုလည်း ရက်ရက်စက်စက်သတ်လိုက်တာ စိတ်မကောင်းဖြစ်နေမိသူ ဂျပန်စစ်သားတစ်ဦးရဲ့ ဝမ်းနည်းနေသော မြင်ကွင်းတစ်ခုကို အခြားသူများကတော့ သိကြမည် မဟုတ်ပါ။

ဧင်းဂျပန်စစ်သားသည် သူတို့ကိုလည်း ဒီလိုလုပ်မှာလား မသိဘူးဟု စိတ်ထဲမှာ ထင်နေမိသည်၊

❖ ❖ ❖



## အခန်း (၈)

# နောက်ကြောင်းမအေးနိုင်သူ

ဘကောင်းတစ်ယောက် သွားနေရင်း စိတ်ထဲမှာ နောင့်နေးနေသလိုခံစားရသည်၊ တစ်ဦးတစ်ယောက်က နောက်မှလိုက်ဆွဲနေသလို ခံစားရသည်။ နားထဲမှာလည်း ခေါ်သံလိုလိုစကားသံများ ကြားနေရသည်၊ သူ၏ သူငယ်ချင်းများကိုလည်း ပြန်မေးကြည့်သည်၊

"မောင်နီ... မင်းတို့ဘာသံတွေကြားလဲ"

"ဘာမှ မကြားပါဘူး၊ ဘာဖြစ်လို့လဲ ကိုဘကောင်း..."

"ငါ့စိတ်ထဲမှာ တစ်ခုခုကို စိုးရိမ်နေသလိုပဲ၊ ဘာကြောင့်မှန်း မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"လာကွ… တို့တွေလာခဲ့သောနေရာကိုပြန်သွားကြည့်ရအောင်"

ကိုဘကောင်းရဲ့စိတ်ထဲရှိနေသလို ကျွန်လူများကလည်း မငြင်းဘဲ ကိုဘကောင်းရဲ့စိတ်ဆန္ဒအတိုင်း နောက်သို့ ပြန်လှည့်ခဲ့ကြသည်။ ကိုဘကောင်းတို့ မကြာခင်မှာဘဲ မူလနေရာသို့ ပြန်ရောက်ခဲ့ကြသည်။ ဂျပန်များလည်း မရှိကြတော့ပါ။ သူတို့ တူးခဲ့ကြသော ကျင်းမှာလည်း မြေဖို့ထားသည်မှာ မညီမညာဖြစ်နေသည်။ ကိုဘကောင်းစိတ်ထဲမှာ ထင်နေသလိုများ ဖြစ်နေမလားလို့ စိတ်ထဲမှာ တွေးမိပြီး ကျင်းကို ဝိုင်းတူးကြည့်ကြသည်။

အလောင်းတစ်လောင်း တွေ့လိုက်ရသည်။ ထိုအခါ ကိုဘကောင်းက …

"ဖိုးလုံးရေ… ငါထင်တဲ့အတိုင်းပဲ၊ ဟိုကောင်တွေ အလုပ်သမားအားလုံးကို သတ်လိုက်ကြပြီ၊ ဒါဆိုရင် သေတ္တာတွေ မသယ်တော့ဘူးပေါ့၊ ဒါဆိုရင်သေတ္တာတွေ ဘယ်မှာဖြစ်နိုင်မလဲ၊ အင်း… ဟုတ်ပြီ၊ ဂူထဲမှာဖြစ်ဖို့များတယ်"

ဂူနားသို့ လျှောက်သွားကြည့်သည်။ မောင်နီနှင့် ဖိုးလုံးလည်း နောက်မှ လိုက်လာခဲ့ကြသည်။ ဒါပေမဲ့ ဂူက ပိတ်လိုက်ပါပြီ။





"ဟုတ်ပြီ မောင်နီ၊ ဒီကောင်တွေ ပစ္စည်းတွေမယူသွားဘူး၊ တစ်နေ့နေ့မှာ ပြန်လာယူမလားမသိဘူး၊ အခုတော့ တိုင်းပြည်အခြေအနေက မကောင်းတော့ ဒီတောထဲမှာ ထားခဲ့တာဖြစ်နိုင်တယ်၊ ဒါဆိုရင် ဒီသေတ္တာထဲမှာရှိတဲ့ ပစ္စည်းတွေက လက်နက်တွေမဖြစ်နိုင်ဘူး၊ ရတနာတွေ… ရှေးဟောင်းပစ္စည်းတွေ ဖြစ်နိုင်တယ်"

"ဒီတော့ တို့တွေ သူတို့မလာခင် တို့တွေအရင်ဦးအောင် လာယူနိုင်အောင် လုပ်ရမယ်"

ကိုဘကောင်းလည်း မောင်နီနဲ့ ဖိုးလုံးကို ပြောပြီး ခေတ္တခဏ စဉ်းစားလိုက်သည်။

သူတို့သုံးဦးစလုံး တောထဲမှ ပြန်လာခဲ့ကြတော့သည်။

❖

ဦးဘကောင်းတစ်ယောက် သူ၏ နောက်ကြောင်း ရာဇဝင်များ ပြောပြတာ မောသွား၍ ခဏနားနေသည်။ ထိုအခါ မောင်ချိုက ဘုရားရဲ့လက်ယာဘက်ထောင့်ရှိ သောက်ရေအိုးနားသို့သွားကာ ရေတစ်ခွက် ခပ်လာပေးသည်။ ပြီးနောက် ဦးဘကောင်းကို ပေးလိုက်သည်။ ဦးဘကောင်းလည်း မောင်ချိုပေးသော ရေကိုသောက်လိုက်သည်။ ထိုအခါ သံလုံးက…



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ဦး… ဦးနဲ့အတူပြန်လာတဲ့ နစ်ယောက်ကော သူတို့လည်း မမြင်ပါလား"

"သူတို့နစ်ဦးစလုံးက မရှိကြတော့ပါဘူးကွ၊ နစ်ယောက်စလုံး ဆုံးသွားကြပြီ၊ ဒါပေမဲ့ သူတို့ရဲ့သားတွေဖြစ်တဲ့ ဟောဟိုမှာ မောင်ချိုနဲ့ ဇော်အောင် တို့ပဲ"

"ဟင်… ဟာ…"

မောင်ချိုနဲ့ ဇော်အောင်တို့မှာ အံ့သြသွားကြသည်။ ရွာကိုလာပြီး ဦးဘကောင်း သူ့အဖေကို လာရှာတာ ဒါကြောင့်ကိုး၊ သူတို့ကိုလည်း စည်းရုံးပြီး ခေါ်လာခဲ့သည်။ ဒီဘုရားမှာဆုံဖို့ ပြောထားခဲ့သည်။ အခုမှ သူတို့ သဘောပေါက်လိုက်သည်။

ထိုအခါ ဇော်အောင်က ဝင်ပြောလိုက်သည်။

"ဒါနဲ့ ဦးကျွန်တော်တို့အခုဆုံပြီ၊ ဂျပန်များ မြှုပ်ထားခဲ့တဲ့ ရတနာတွေ သွားရှာကြမယ်ပေါ့ ဟုတ်လား"

"အေး… ဟုတ်တယ်၊ ဒါပေမဲ့မင်းတို့တွေ လောဘ၊ ဒေါသတွေ မထားရဘူးနော်၊ ဒီပစ္စည်းတွေရခဲ့ရင် တစ်ဝက်ကို ဘုရားကို ပြန်လှူရမယ်၊ ကျန်တစ်ဝက်ထဲကမှ နောက်ထပ်တစ်ဝက်ကို မရှိတဲ့ ဆင်းရဲသားတွေကို ဝေပေးရမယ်၊ ကျန်တဲ့တစ်ဝက်ကို တို့တွေ လုပ်အားအတွက် ယူကြရအောင်ပေါ့၊ အားလုံးသဘော





တူရဲ့လား"

"တူပါတယ်ဦး…"

အားလုံးက သံပြိုင်ထောက်ခံလိုက်ကြသည်။

"အေး… အားလုံးသဘောတူကြတယ်ဆိုရင်တော့ ဒီနေ့ပဲ လုပ်ငန်းစကြမယ်၊ လိုအပ်တဲ့ပစ္စည်းတွေ၊ ရိက္ခာတွေ ဝယ်ဖို့ ဦးက စီမံပေးမယ်"

ဦးဘကောင်း အပါအဝင် လူငယ်ငါးဦးနဲ့အတူ သထုံ ဈေးထဲသို့ လာခဲ့ကြသည်။

လိုအပ်သောပစ္စည်းများ စုဆောင်းဝယ်ယူကြပြီး ချက်ချင်းပင် ခရီး စထွက်ခဲ့ကြလေတော့သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

# ခရီးအစ သထုံက

ဦးဘကောင်းနဲ့ လှငယ်ငါးဦးတို့ သထုံ ရွှေစံဘုရားမှ စတင်ကာ ခရီးထွက်ခဲ့ကြသည်။ ပထမတော့ သံလုံးက ဦးဘကောင်းကို မယုံသလို ရှိခဲ့သည်။ ဦးဘကောင်းကလည်း သံလုံးသူ့အပေါ်မှာ သံသယရှိနေတယ်ဆိုတာ သိလိုက်ရတဲ့အချိန်မှ သူ့ကို လက်တွေ့အကောင်အထည်ပြဖို့အတွက် ပစ္စည်းများ ယူလာခဲ့သည်။ ဒါကို သံလုံးက မယုံ၍ လမ်းသွားရင်း...

"ဦးလေး ဘကောင်း..."

"ဟေ... ဘာလဲ၊ သလုံး..."

"ကျွန်တော် မေးစရာရှိလို့ပါ"



"မေးလေ... ဘာလဲ..."

"ဦးလေးက ရတနာသေတ္တာထားတဲ့နေရာကို သိလို့လား၊ မြေပုံကော ပါရဲ့လား"

ထိုအခါ ကိုဘကောင်းက သံလုံးကို မနစ်မြို့သော အကြည့်ဖြင့် ကြည့်လိုက်သည်။ ပြီးနောက် မျက်နှာကိုပြန်၍ မဲ့ပြုံးလေးတစ်ချက် ပြုံးကာ သံလုံးကို စကားတစ်ခွန်း ပြန်ပြောလိုက်သည်။

"ငါ့အတွက် ဒီလမ်းတွေက မြေပုံမလိုပါဘူး၊ ငါ့ရဲ့အမှတ်အသားနဲ့ မြွေခေါင်းပုံတောင်ကို တွေ့ရင် ရပါပြီ"

"အဲဒီ မြွေခေါင်းပုံရှိတဲ့နေရာကို ရောက်အောင်သွားဖို့ လမ်းကော သိရဲ့လား"

"သံလုံး... မင်း ဘယ်လိုဖြစ်နေတာလဲ၊ ငါ့ကို မယုံကြည်ရင် မင်း မလိုက်လည်း ရပါတယ်"

ဦးဘကောင်း ထိုစကားကို ပြောလိုက်သောအချိန်တွင် ကျန်လေးယောက်က သံလုံးဆီက ဘာစကားများ ထွက်လာမလဲ ဆိုတာ တအံ့တဩဖြင့် ငံ့လင့်နေကြသည်။ ထိုအခါ သံလုံးက စဉ်းစားလိုက်သည်။ သူတစ်ယောက်ထဲ မယုံသင်္ကာဖြင့် မေးသော မေးနေရသည်။ ကျန်လူများက ယုံကြည်၍သာ လိုက်လာခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်မဟုတ်ပါလား။ ဒါကြောင့် သူလည်း လက်လျော့ကာ ဘာမှ ပြန်မပြောတော့ဘဲ ငြိမ်၍ နေလိုက်သည်။ ထိုအခါ ကိုဘကောင်းက သဘောပေါက်ကာ...

"ဒီမှာ သံလုံး... မင်းက ငါနဲ့လိုက်လို့ အကျိုးမရှိဘူးလို့ မင်းထင်ရင် မှားမှာပေါ့၊ ငါဆိုတဲ့သူက ငွေမလိုပါဘူး၊ မင်းတို့ လူငယ်လေးတွေ အရည်အချင်းရှိရဲ့သားနဲ့ အရင်းအနှီးမရှိလို့ အလုပ်မလုပ်ရတာ ငါက မကြည့်ရက်လို့ပါ.... ကုသိုလ်လည်းရ ဝမ်းလည်းဝ ဆိုတဲ့သဘောနဲ့ မင်းတို့တွေဆီ အကူအညီတောင်းတာပါ... ပြီးတော့ ဘုရားရဲ့ပစ္စည်းတွေ တောထဲမှာ အလဟဿဖြစ်နေမယ့်အစား တစ်နေရာရာမှာ အကျိုးရှိအောင် အသုံးချစေတဲ့ သဘောပါ... ပြီးတော့ ဒီပစ္စည်းတွေဟာလည်း ဘုရားပစ္စည်းတွေဖြစ်နေလို့ သူ့နေရာသူ ပြန်ထားပေးစေချင်တဲ့သဘောပဲ၊ တို့ရဲ့ ဗုဒ္ဓဘာသာဝင် လူမျိုးတွေမှာ ယုံကြည်ချက်တစ်ခုတော့ ရှိတယ်... ဒါက ဘာလဲဆိုတော့ ဥစ္စာရင်းမှန်ရင် ပြန်ရမှာပဲလို့..."

"ဒီတော့ တို့တွေက စိတ်ကောင်းစေတနာကောင်းထားရင် ဘာမဆို လုပ်တိုင်းအောင်မြင်မှာပါ၊ တို့ရဲ့ခရီးဟာ ကောင်းသောခရီးတစ်ခုဖြစ်မယ်ဆိုတာ ငါတော့ ယုံကြည်တယ်"

ဦးဘကောင်းလည်း ပြောလည်းပြော သံလုံးနဲ့ လူငယ်





လေးယောက်ကို အကဲခတ်လိုက်သည်၊ သူပြောသောစကားတွေပေါ်မှာ အားလုံးက သဘောတူလက်ခံကြတယ်ဆိုတာ သူတို့လေးတွေရဲ့ မျက်နှာမှာ ပေါ်လွင်နေကြသည်။ ကိုဘကောင်းလည်း အခုမှ သူလည်း စိတ်ချလက်ချ ခရီးစထွက်လို့ ရမည်မဟုတ်ပါလား။

"ကဲ... ငါ့တူတို့ ဦးပြောမယ်... အခု ဒီခရီးကို အားလုံးသဘောတူကြတယ်ဆိုတော့ အားလုံးလည်းစိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ ပျော်ပျော်ရွှင်ရွှင် ထွက်ကြလို့ ရတာပေါ့၊ ပြီးတော့ တစ်ယောက်ကို တစ်ယောက်လည်း ရှိုင်းပင်းကူညီကြမယ်နော်၊ စည်းစည်းလုံးလုံးရှိမှလည်း လိုရာခရီးရောက်ပြီး အောင်မြင်တဲ့ခရီးတစ်ခု ဖြစ်မှာပေါ့..."

ဒီလိုနဲ့ ရှေ့မှ သံလုံးက သွားနေသည်။ နောက်မှ ဦးဘကောင်းက လိုက်သည်။ သူ့နောက်မှ ကျန်သော လေးယောက်က လိုက်လာခဲ့ကြသည်၊ ဦးဘကောင်းတို့အုပ်စု ထွက်လာသော အချိန်မှာ နေမြင့်နေပြီမို့ အားလုံး မောဟိုက်နေကြသည်၊ အရိပ်ကောင်းသော သစ်ပင်ကို ကိုဘကောင်းက လိုက်ကြည့်နေမိသည်၊ ဒီအတိုင်း ဆက်သွားနေရင် အားလုံးအမောဆို့ပြီး လဲကုန်တော့မည် မဟုတ်ပါလား။ ကိုဘကောင်းက အရိပ်ကောင်းသော



www.burmeseclassic.com

www.burmeseclassic.com



နေရာကို ကြည့်ပြီး ခဏနားကြသည်။ ဒီတောထဲမှာ အပင်က အမျိုးစုံပေါက်နေတော့ သူတို့ နားနေသော သစ်ပင်ကိုကြည့်လိုက်သောအခါအင်ပင်ကြီးဖြစ်နေတာတွေ့ရသည်။ သူနားပတ်ဝန်းကျင်မှာက တခြားအပင်အမျိုးစုံ ပေါက်နေသည်။ ၎င်း အပင်ကို ကိုဘကောင်း ကောင်းစွာမှတ်မိသည်။ ဒီအပင်နားမှာ မြွေကိုက်လို့ မသေမရှင်ဖြစ်နေတာ ပြန်ပြီး မြင်ယောင်မိသည်။ ဒါကြောင့်လည်း ဒီအပင်နားရောက်တော့ သူမှတ်မိသလို ဖြစ်မိသည်။ ဒါနဲ့ ကိုဘကောင်းလည်း...

"ငှါညီရေ... ငါတို့ကို စောင့်ရှောက်ပေးပါကွာ၊ တို့တွေ လာရာတဲ့ ရတနာများရှိတဲ့နေရာကို တန်းတန်းမတ်မတ်ရောက်အောင် ကူညီပေးပါ၊ ရလာတဲ့အခါငှါညီကို အစ်ကိုတို့ အမျှဝေပေးပါ့မယ်"

ဟု ကိုဘကောင်းက ပါးစပ်မှ အသံတိုးတိုးလေးဖြင့် ရေရွတ်နေသည်။ သူ့ဆီမှာ ပါလာသော မုန့်အချို့ကိုလည်း အပင်၏ ခြေရင်းတွင် ပုံပေးလိုက်သည်။

၎င်းအချင်းအရာကို အပင်ပေါ်မှ စောင့်ကြည့်နေသော မျောက်တစ်ကောင်က အစာကို ထားသွား၍ လူလစ်တာနဲ့ ဆင်းလာပြီး ယူကာ ပြန်တက်သွားသည်။ မျောက်ကလေး ပြန်တက်





သွားသောအသံ သစ်ရွက်သစ်ကိုင်းများ၏ လှုပ်ခါမှုကြောင့် ကိုဘကောင်းက နောက်ပြန်လှည့်ကာ ကြည့်လိုက်သည်။ ပထမ သစ်ပင်၏ ခြေရင်းတွင် မိမိထားခဲ့သော အစာများ မတွေ့ရပါ။ ပြီးနောက် သစ်ပင်ပေါ်သို့ မော့ကြည့်လိုက်သောအခါ မျောက်ကလေးတစ်ကောင် သူထားသွားသော အစာများ စားနေတာ တွေ့လိုက်ရသည်။

ဒါနဲ့ ကိုဘကောင်းလည်းဝမ်းသာသောအပြုံးဖြင့် ခေါင်းညိတ် လိုက်လေတော့သည်။ မျောက်ကလေးလည်း ကိုဘကောင်းကို ပြန်ကြည့်လိုက်သည်။ မျောက်ကလေးက ကိုဘကောင်းကို မျက်လုံးချင်းဆုံကာ ထွက်မပြေးဘဲ စိုက်ပြီးကြည့်နေသည်။ ထိုအခါ ကိုဘကောင်းက ခေါင်းညိတ်ပြလိုက်သည်။

ထိုအခါ ကိုဘကောင်းလည်း သူ့လူများရှိရာသို့ ပြန်လာပြီး...

"အားလုံး ငှါညီတို့... ကိုယ်ပြောစရာရှိတယ်၊ တခြားတော့ မဟုတ်ပါဘူး၊ ဟိုရှေ့မှာမြင်နေရတဲ့ အင်ပင်ကို တွေ့တယ်မဟုတ်လား"

ထိုအခါ မောင်ချိုက...

"ဟုတ်ကဲ့... တွေ့ပါတယ်၊ ဦးလေး..."



www.burmeseclassic.com

www.burmeseclassic.com



"အေး... ဒီအပင်ဟာ မင်းတို့ကို ပြောပြခဲ့တဲ့ ဇာတ်လမ်းက မြွေကိုက်လို့ မသေသေးတဲ့လူကို ဂျပန်စစ်သားက ပစ်သတ်လိုက်တဲ့ နေရာပဲ"

"ဟင်... ဟုတ်လား၊ ဦးလေး..."

"ဟုတ်တာပေါ့... ငါ ကောင်းကောင်းမှတ်မိတယ်၊ ဒီအပင်ဟာ ဘာမှ မပြောင်းလဲဘူး"

အားလုံးလည်း ကိုဘကောင်း ပြောလိုက်သော စကားကြောင့် နည်းနည်းတော့ ကြောက်သွားကြသည်။ ဒါပေမဲ့ သူတို့က ဒီမှာ နားကြမှာမဟုတ်တဲ့အတွက် နည်းနည်းတော့ စိတ်လျော့သွားကြသည်။ ထိုအခါ ကိုဘကောင်းက...

"ကဲ... အားလုံး နားလို့ပြီးရင် ခရီးစထွက်မယ်၊ ညနေ နေမဝင်ခင် နေရာကောင်းတစ်ခုရှာပြီး နားရဦးမယ်၊ တို့တွေရဲ့ခရီးကို ဘုရားက မစမှာပါ၊ မင်းတို့တွေ ဘာမှ မစိုးရိမ်ကြပါနဲ့..."

ကိုဘကောင်းလည်း သူ့ရဲ့လူများကို အားပေးစကားပြောပြီး ခရီးစထွက်လာခဲ့ကြသည်။

ကိုဘကောင်းက ရှေ့ဆုံးမှ စပြီး သွားနေသည်၊ နောက်ဆုံးတွင် သံလုံးက လိုက်သည်။ သံလုံးနဲ့ ရှေ့လူက ခြေလှမ်း ဆယ်လှမ်းလောက် ကွာသည်၊ ထိုအခါ သံလုံးစိတ်ထဲတွင် မသင်္ကာဖြစ်





လာမိသည်၊ ပြီးနောက် သူ့နောက်မှ လူတစ်ယောက် လိုက်လာသလို ခြေသံလည်း ကြားနေရသည်၊ သံလုံးလည်း စိတ်ထဲမှာ နည်းနည်းတော့ ကြောက်လာမိသည်။ ဒါနဲ့ ရှေ့ကလူနောက်သို့ မှီအောင် ပြေးသွားသည်။ ဒါကို ရှေ့က သွားနေသော ဇော်အောင်က...

"ကိုသံလုံး ဘာဖြစ်လို့လဲ..."

"ဘာမှ မဖြစ်ပါဘူးကွာ..."

"ဒါဆို ဘာကြောင့် နောက်ကို လှည့်ကြည့်လှည့်ကြည့် လုပ်နေရတာလဲ"

ထိုအခါ သံလုံးလည်း မပြောမဖြစ်လို့ ပြောလိုက်ရသည်။ သူပြောလိုက်လို့ ကြောက်သွားမှာလည်း စိုးရိမ်မိသည်၊ ဒါပေမဲ့ ပြောလိုက်သည်။

"ငါ့နောက်မှာ ခြေသံကြားလို့ကွ"

သံလုံးက အသံတိုးတိုးလေး ပြောလိုက်သည်၊ ဒါကို ဇော်အောင်က သံလုံးနောက်သို့ လှည့်ကြည့်လိုက်သည်။ နောက်မှာ ဘယ်သူမှ ပါလာတာလည်း မတွေ့ပါ။ သံလုံးက နောက်ဆုံးပဲ၊ ဇော်အောင်လည်း သံလုံးပြောလိုက်သော စကားကြောင့် နည်းနည်းတော့ ကြောက်သွားသည်၊



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သံလုံးနဲ့ ဇော်အောင်ရဲ့အဖြစ်ကို ရှေ့မှသွားနေသော သူများက မသိလိုက်ကြပါ။ သံလုံးတို့ကလည်း မပြောပြပါ။ ဒီလိုနဲ့ ဆက်ပြီးလျှောက်လာခဲ့ကြသည်။ သံလုံးကလည်း နောက်ကို လှည့်ကြည့်လှည့်ကြည့်ဖြင့် မသက်သာ ဖြစ်နေသည်။ ထိုအခါ...

"ရှပ်... ရှပ်... ရှပ်... ရှပ်..."

ထိုအခါ သံလုံးက ခြေသံထပ်ကြားလိုက်၍ ဇော်အောင်ကို နားထောင်ခိုင်းလိုက်သည်။

"ကြားတယ် မဟုတ်လား"

"အေး... ကြားတယ်၊ နောက်မှာလည်း ဘယ်သူမှ မတွေ့ပါဘူး၊ တောခြောက်တာများလား၊ တောကောင်တစ်ကောင် လိုက်လာရင်လည်း မြင်ရမှာပေါ့၊ အခုတော့... ဘာကောင်မှ မတွေ့ဘူး"

သံလုံးနှင့် ဇော်အောင်တို့၏ အဖြစ်ကို ရှေ့မှ သွားနေသောသူများထဲမှ ဇော်အောင်ရှေ့မှ ဇော်ကြီးက သတိထားမိသွားသည်၊ သူတို့နှစ်ဦး တိုးတိုးနဲ့ ပြောနေတာ တိုင်ပင်နေတာ သိသွား၍ သူလည်း သိချင်တာနဲ့...

"ကိုသံလုံး... ဘာဖြစ်နေကြတာလဲ၊ တိုးတိုး တိုးတိုးနဲ့ ဘာတွေ့လို့လဲ"





ထိုအခါ သံလုံးက မပြော၍ မဖြစ်တော့၍ ဇော်ကြီးကို သူ ပြောပြလိုက်ရသည်။ ဒါကို ဇော်ကြီးက ငြိမ်ပြီး နားထောင်ကြည့်သည်။

"ရှပ်... ရှပ်... ရှပ်..."

"အင်း... ဟုတ်တယ်၊ ဘယ်သူများလည်း မသိဘူး၊ ဒီတောထဲမှာ ဘယ်သူများ ရှိအုံးမလဲ မသိဘူး၊ ဦးဘာကောင်းကို ပြောလိုက်ရင် မကောင်းဘူးလား"

ထိုအခါ သံလုံးက...

"နေပါဦး... သေချာမှ ပြောတာ ကောင်းတယ်... တို့ နည်းနည်း စောင့်ကြည့်ရအောင်..."

ဒီလိုနဲ့ သူတို့သုံးဦး အသံကို နားစွင့်ကာ ဖြည်းဖြည်းချင်း လျှောက်လာခဲ့ကြသည်။ ဒါပေမဲ့ နောက်က လိုက်လာသော အသံမှာ ပျောက်မသွားပါ။ သူတို့ ရပ်နေရင် အသံက ပျောက်သွားသည်။ သူတို့လည်း ဆက်ပြီး သွားရင် အသံက ကြားရသည်။ နောက်သို့ လှည့်ကြည့်ပြန်လည်း ဘယ်သူမှ မတွေ့ပါ။ သံလုံး၊ ဇော်အောင်၊ ဇော်ကြီး သုံးဦး စဉ်းစားရခက်နေသည်။ သံလုံးက လုံးဝ မကျေမနပ်ဖြစ်နေသည်။ သူ့စိတ်ထဲမှာ တောခြောက်တာလား... တစ္ဆေခြောက်တာလားဆိုတာ ဝေခွဲမရ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ ရှေ့မှသွားနေသောလူများ နောက်ကိုလည်း မှီအောင်လိုက်ရသည်။ သူတို့သုံးဦးသာ သိသေးသော ခြေသံကို တခြားသူများ မသိအောင်လည်း သတိထားနေရသည်။ သူတို့ လျှောက်နေပေမယ့် သံလုံးကတော့ သူ့နောက်မှလိုက်လာနေသော အသံကို ဆက်ပြီး ကြားနေသေးသည်။ ဒါပေမဲ့ သူ့စိတ်ထဲမှာတော့ နည်းနည်းကြောက်သလို ဖြစ်လာသည်။ ဒါနဲ့ သူရသမျှ ဘုရားစာများ အစုံရွတ်ဖတ်ကာ သွားနေသည်။

ထိုအချိန်တွင် ရှေ့မှလျှောက်နေသော ကိုဘကောင်းက နောက်မှလိုက်လာသော သံလုံးတို့ သူတို့နဲ့ နည်းနည်း ဝေးကွာနေသောကြောင့် စောင့်နေလိုက်သည်။

ထိုအခါသံလုံးတို့လည်း ချုံကွယ်တစ်ခုတွင် ဆတ်ပေါက်လေးတစ်ကောင်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။ ဒါပေမဲ့ ဆတ်ပေါက်လေးက သူတို့တွေပေမယ့် မပြေးဘဲ ရပ်ကြည့်နေသည်။ ဒါကို ဇော်ကြီးက အလစ်မပေးဘဲ သူ့လက်ထဲတွင် ကိုင်လာသော မြားဖြင့် ပစ်ကာ ဖမ်းလိုက်သည်။ မြားပစ်လိုက်သော ဒဏ်ရာကြောင့် ဆတ်ပေါက်လေးမှာ နေရာမှပင် လဲကျသွားသည်။

ပြီးနောက် ဇော်ကြီးက ဆတ်ပေါက်လေးနားသို့သွား





ကာ ယူရန် ပြင်လိုက်သည်။ ထိုအခါ ဆတ်ပေါက်လေးရဲ့ ခြေထောက်မှာ ဒဏ်ရာရပြီး မပြေးနိုင်ဘဲဖြစ်နေတာ တွေ့လိုက်ရသည်။ ဘယ်သူကများ ဆတ်ပေါက်လေးကို ဒဏ်ရာရအောင် လုပ်လိုက်ပါလိမ့်... သားကောင်ကြီးကများ လိုက်လို့လား... သားကောင်ကြီးက လိုက်လျှင်လည်း သားကောင်ကြီးက လွှတ်ပေးမှာ မဟုတ်ဘူး၊ ရအောင် ယူမှာပဲ။ ခုတော့ ဆတ်ပေါက်လေးက ဘယ်မှ ထွက်မပြေးဘဲ သူတို့ကိုသာ စိုက်ကြည့်နေတာ တွေ့လိုက်ရသည်။

"ဒါ... တစ်ခုခုတော့ ထူးခြားတာပဲ၊ တို့တွေကို စားစေချင်လို့ တို့သွားတဲ့လမ်းမှာ လာပေးတာလား၊ ပြီးတော့... ရှေ့က သွားနေတဲ့ လူတွေကော မတွေ့ ကြဘူးလား... ဒါ တစ်ခုခုတော့ တစ်ခုခုပဲ..."

သံလုံးက ဇော်ကြီးနဲ့ ဇော်အောင်ကို ကောက်ချက်ချ စကားပြောလိုက်သည်၊ ထိုအခါ ဇော်ကြီးက...

"ဖြစ်နိုင်တယ် ကိုသံလုံး... ကျွန်တော်တို့ရဲ့ စေတနာမှန်တဲ့ စိတ်ဓာတ်ကိုသလို တစ်ဦးဦးက ကူညီမစတာ ဖြစ်နိုင်တယ်၊ ပြီးတော့ သားကောင်ကလည်း ဒဏ်ရာရပြီးသား ဖမ်းပြီး သတ်စားရုံပဲ..."



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သူတို့နားသို့ ကိုဘကောင်း ရောက်လာသည်။ ကိုဘကောင်းက သူတို့အုပ်စုနောက်မှ လိုက်လာတာကြာနေလို့ ပြန်လှည့်လာခြင်းဖြစ်သည်။ အခုတော့ သူတို့သုံးဦးနဲ့ သားကောင် တစ်ကောင်ကို တွေ့လိုက်ရတော့ ကိုဘကောင်း အံ့ဩသွားသည်။

"ဟင်… ဒီသားကောင်ကို ဘယ်သူပစ်တာလဲ၊ ဒီအချိန်တိုတိုတွင်းမှာ သားကောင်ရတယ်ဆိုတာ မဖြစ်နိုင်ဘူး"

ကိုဘကောင်းလည်း သားကောင်ကို သေသေချာချာ ကြည့်လိုက်သည်၊ ဆတ်ပေါက်လေးရဲ့ ညာခြေထောက်မှာ ဒဏ်ရာရပြီးသားကို တွေ့လိုက်ရသည်။ လတ်တလော ဒဏ်ရာက တော့ မြားချက်ဆိုတာ ကိုဘကောင်း သိလိုက်သည်။ ပြီးနောက် မြားကိုင်ထားသော ဖော်ကြီးကို မေးလိုက်သည်၊

"ဒီဆတ်ကို ဘယ်မှာတွေ့တာလဲ…"

"ဟိုရှေ့က ချုံမှာ တွေ့တာပါ…"

ကိုဘကောင်းလည်း ဆတ်ကို တွေ့တဲ့ချုံနားသို့ သွားကြည့်သည်။ ဘာမှ ထူးခြားတာ မတွေ့ရပါ။ သူ့အနေနဲ့ စဉ်းစားရခက်သွားသည်၊ ထူးခြားဒါတော့ အမှန်ပဲ…

"အင်း… တို့တွေကို အစားအသောက် လိုက်ကူညီနေတဲ့





သူတော့ ရှိနေပြီ၊ ဒါပေမဲ့ ဘယ်သူများ ဖြစ်မလဲတော့ မသိဘူး"

ကိုဘကောင်း စဉ်းစားလိုက်သည်။ တစ်ယောက်ယောက်တော့ လိုက်လာတာလား။ သူတို့သွားမယ့်နေရာကို သိတဲ့လူပဲ ဖြစ်နေသလား။ ကိုဘကောင်းက မစဉ်းစားတော့ပါ။ ဆတ်ပေါက်လေးကို ထမ်းယူလာခိုင်းလိုက်သည်။

အရိပ်ကောင်းသော နေရာတစ်ခုရှာစေကာ သူတို့ နားနေဖို့ စီစဉ်ရတော့သည်၊ ဒီညအဖို့တော့ ရိက္ခာအတွက် မပူပင်ရတော့ဘူးပေါ့…

ဦးဘကောင်းက သစ်ပင်တစ်ပင်အောက်တွင် ထိုင်ကာ ဒီနေ့အဖြစ်အပျက်ကို စဉ်းစားနေမိသည်။ သူတို့သွားတဲ့လမ်းမှာ သားကောင်တွေ့ဖို့ဆိုတာ မလွယ်ပါ။ ပြီးတော့ သားကောင်က လည်း ဒဏ်ရာရပြီးသား၊ သားကောင်ကလည်း ထွက်မပြေးဘူးလို့ ပြောတယ်။

ကိုဘကောင်း သိပ်ကျေနပ်ချင်ပုံ မပေါ်ပါ။ ဒါနဲ့ သံလုံးကို ခေါ်လိုက်သည်။

"သံလုံးရေ… ခဏလာပါဦး"

သံလုံးက သူ့လူများအမဲဖျက်နေသောနေရာတွင် ဝိုင်းလုပ်ပေးရန် စီစဉ်နေတုန်း ကိုဘကောင်းက ခေါ်လိုက်သော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အနားသို့ လာလိုက်သည်။

"ဦး... ဘာခိုင်းချင်လို့လဲ... ပြောပါ"

"မဟုတ်ပါဘူးကွာ... မင်းကို မေးစရာရှိလို့..."

"ဟုတ်ကဲ့ ဦး...မေးပါ"

"မင်းက နောက်ဆုံးက လိုက်လာတဲ့သူဆိုတော့ မင်းကိုပဲ မေးစရာရှိတယ်... မင်းနောက်ကနေ လိုက်လာတာ ဘာများထူးခြားတာ တွေ့သလဲ"

ထိုအခါ သံလုံးလည်း မဖုံးကွယ်ချင်တော့၍ ပြောမိုးဆုံးဖြတ်လိုက်တော့သည်။

"ကျွန်တော် နောက်ဆုံးက လိုက်လာတာ ခြေသံလိုလိုကြားလိုက်တယ်၊ ခြေသံကလည်း ကျွန်တော်တို့နောက်က လိုက်လာတဲ့ခြေသံပဲ၊ တော်တော်လေးကြာတဲ့အထိ ကြားခဲ့တယ်၊ အဲဒီကိစ္စ ဖော်ကြီး၊ ဖော်အောင်တို့တောင် ကျွန်တော် ပြောပြလိုက်သေးတယ်၊ အရေးမကြီးလို့ ဦးကိုတော့ မပြောဖြစ်တာပါ"

ဦးဘကောင်းလဲ သံလုံးပြောပြတာ ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်ကာ စဉ်းစားနေမိသည်။ သူတို့နောက်မှ ခြေသံကြားရင် လူကို တွေ့ရမှာပေါ့၊ အခုတော့ လူကို မတွေ့ဘဲ ခြေသံပဲကြားတယ်ဆိုတော့ ဒီကောင်တွေ တောခြောက်ခံရပြီလား၊ တော





ခြောက်တယ်ဆိုရင်လည်း သားကောင်က ဘာကြောင့် တွေ့ရဘာလည်း၊ သားကောင်ကို ဘာကြောင့် သူတို့ရှေ့မှာ လာထားပေးရတာလဲ၊ သူတို့ကို စားစေချင်လို့ပဲလား၊ စားစေချင်လို့ပဲ ဆိုဘာလည်း သေချာလောက်ပါတယ်။

ကိုဘကောင်းလည်း လမ်းလျှောက်တာများလို့ ခြေသလုံးများ တောင့်တင်းကာ ညောင်းနေသည်။ သစ်ပင်ကိုမှီကာ တစ်မှေး အိပ်ပျော်သွားလေသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၀)

# အိပ်မက်ထဲမှ ကာယ်တင်ရှင်

"အစ်ကိုကြီး...အစ်ကိုကြီး...ကျွန်တော့်ကို မှတ်မိလား"

ဦးဘကောင်း အိပ်ရာမှ လန့်နိုးသွားသည်။ သူ့ကို လာနှိုးနေသောသူကို မော့ကြည့်လိုက်သည်။ ဒါပေမဲ့ မမှတ်မိပါ။ သေသေချာချာတော့ ကြည့်နေမိသည်။ စဉ်းစားလည်း စဉ်းစားသည်။ ဒါပေမဲ့ ဦးနှောက်က မမှတ်မိပါ။ ဒါနဲ့ ဦးဘကောင်းလည်း ပြန်ပြောလိုက်သည်။

"မင်းက ဘယ်သူလဲ...ငါမမှတ်မိဘူး..."

ထိုအခါ သူ့ကို လာနှိုးသူက...

"ဖြစ်နိုင်ပါတယ်...ဒါပေမဲ့ ကျွန်တော်ကတော့ အစ်ကို့ကို



ကောင်းကောင်းမှတ်မိပါတယ်... တစ်ချိန်တုန်းက အစ်ကိုနဲ့ ကျွန်တော်တို့ တစ်ခရီးတည်း သွားတဲ့သူတွေပါ။ ကျွန်တော့် နာမည်က ဦးကောင်းလူပါ။ ဂျပန်တွေ ပစ္စည်းသယ်တုန်းက အစ်ကိုကြီးတို့နဲ့ အတူတူပါတဲ့သူပါ။ ကျွန်တော်က ပိုးထိလို့ မသေမရှင်ဖြစ်ခဲ့တဲ့သူပါ။ ဂျပန်တွေက ကျွန်တော့်ကို မသယ်ချင်လို့ တောထဲမှာ သတ်ပစ်ခဲ့တဲ့သူပါ... ဒီလောက်ဆိုရင် အစ်ကိုကြီး မှတ်မိပါပြီနော်..."

"အခုလည်း အစ်ကိုကြီးတို့ ဒီကို ဘာကြောင့် ရောက်လာသလဲဆိုတာ ကျွန်တော် သိပါတယ်၊ အစ်ကိုကြီးတို့ လာယူတဲ့ပစ္စည်းတွေ အားလုံးရှိပါတယ်... ကျွန်တော်တို့အားလုံး စောင့်ရှောက်ထားပါတယ်၊ ကျွန်တော်တို့လို့ ပြောရတာကလည်း ကျွန်တော်တို့ ညီနောင်များကို ပစ္စည်းတွေသယ်ပြီး သတ်ပစ်ခဲ့တဲ့သူတွေ အားလုံးပေါ့... ဂျပန်တွေကိုလည်း ကျွန်တော်တို့ပဲ ကလဲ့စားလိုက်ချေလိုက်လို့ အားလုံးသေသွားကြပါပြီ၊ ဒီတော့... ဒီပစ္စည်းတွေကို အစ်ကိုကြီးတို့ပဲ စိတ်ချလက်ချ ယူပြီး ကျွန်တော်တို့အားလုံးကိုလည်း အမျှဝေပေးပါနော်... ကျွန်တော်တို့လည်း ကျွတ်ချင်လှပါပြီ..."

ထိုသို့ပြောပြီး ဦးကောင်းလူ ရုတ်တရက်ပျောက်သွား


www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုအခါ ဦးဘကောင်းလည်း ရုတ်တရက်ဆို လန့်ပြီး နိုး သွားသည်။ ဦးဘကောင်း လန့်နိုးလာတော့ အနားမှာ ဦးကောင်း လှူများရှိနေအုံးမလားဆိုတဲ့အသိနဲ့ လိုက်ရှာသေးသည်။ ဒါပေမဲ့ ဦးကောင်းလှူကို မတွေ့ပါ။ ဒါမှ သူ့ကို အိပ်မက်ပေးပြီး စကားတွေ လာပြောတာ၊ လာအသိပေးတာပဲဆိုတာ သိလိုက်ရသည်။

ဦးကောင်းလှူက သူတို့ကို လိုက်ပြီး စောင့်ရှောက်နေတဲ့ သဘောပဲဆိုတာ သိလိုက်ရသည်။ ထိုအခါ ဦးဘကောင်းက...

"သူငယ်ချင်း ဦးကောင်းလှူ၊ မင်းတို့လိုချင်တဲ့အမျိုး ကိစ္စတွေအားလုံးပြီးရင် လုပ်ပေးပါ့မယ်လို့ ငါ ကတိပေးပါတယ် ကွာ..."

ဟုပြောပြီးတစ်ယောက်တည်းရေရွတ်နေလိုက်သည်။ ထိုအရာကို သံလုံးကမြင်လိုက်၍...

"ဦး... ဘယ်သူ့ကို ဘာတွေပြောနေတာလဲ"

"ဟင်... ဘာမှမဟုတ်ပါဘူး... သေသွားတဲ့လူတွေကို အမှျ ဝေနေတာပါ"

"ဩော်... ဟုတ်ကဲ့..."

သံလုံးလည်း ဘာမှဆက်မပြောတော့ဘဲ ဦးဘကောင်း အနားမှ ပြန်လာခဲ့သည်။ အမဲကောင်ကို ဖျက်ပြီး၍ မီးပုံကာ ကင်





ဖို့လုပ်နေကြသည်။ မီးပုံပေါ်သို့ အမဲကောင် တင်ပြီးသွားတဲ့အခါ ဦးဘကောင်းက သတိရသွားသည်။

ဒီအမဲကောင်ကို ဦးကောင်းလှူပဲ ရှာပေးလိုက်တာ ဖြစ် လိမ့်မယ်။

"သူငယ်ချင်း ဦးကောင်းလှူရေ... မင်းကိုတော့ ကျေးဇူး အရမ်းတင်သွားပြီကွာ၊ ဒီညတော့ တို့တွေ ထမင်းမြိန်တော့မှာပဲ"

ဟု တွေးပြီး ဦးဘကောင်းတစ်ယောက် ဝမ်းသာနေမိ သည်။

သူတို့အားလုံး ထွက်လာခဲ့တာ ယခုဆိုရင် နှစ်ရက်ရှိနေ ပါပြီ။ ခရီးကတော့ ရောက်ခါနီးနေပါပြီ။ ဒါကို ဦးဘကောင်းက သိ သည်။ သူမှတ်သားထားခဲ့သောအရာများလည်း မပျောက်ပျက် သေးဘဲ တွေ့နေရသည်။ သူမှတ်သားထားတာတွေကို သူ့တို့တွေ ကိုတော့ မပြတော့ပါ။ သူ့အမှတ်အသားနဲ့သူ မှတ်မိသလောက် သွားနေမည် မဟုတ်ပါလား။

ဦးဘကောင်းတို့အားလုံး အမဲကောင်ကြောင့် ထမင်း မြိန်ရေရှက်ရေ စားသောက်ပြီး၍ တရေးတမော အိပ်ကြသည်။ ကျန်သော အသားများကို ညနေစာအတွက်ချန်ကာ သိမ်းထား လိုက်ကြသည်။ ခရီးက ဆက်ရအုံးမည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ဦးဘကောင်းက အချိန်ကို ကြည့်လိုက်တော့ နေ့ခင်းတစ်နာရီထိုးနေပြီ။ ထိုအခါ ကိုဘကောင်းက ...

"အားလုံး သိမ်းပြီးရင် ခရီးစထွက်ကြမယ်ဟေ့..."

"ဟုတ်ကဲ့...ဦးလေး..."

အားလုံး ခရီးစထွက်လာခဲ့ကြလေသည်။

❖ ❖ ❖



## အခန်း (၁၁)

## ခရီးဆုံးရဲ့ အစ

ဦးဘကောင်းတစ်ယောက် ရှေ့သို့ လှမ်းကြည့်လိုက်သည်။ သူရောက်ချင်နေသော မြွေခေါင်းပုံတောင်ကို လှမ်းမြင်နေရပြီ...ဒါဆိုရင် သူတို့ခရီးတစ်ဖြတ်ကို ရောက်တော့မည်ဆိုတာ သိလိုက်ရသည်။ ဝမ်းလည်း သာသွားသည်။ ညနေစောင်းနေပြီ။ လေအေးများ တိုက်ခတ်၍လား... တောရိပ်ကြောင့်လား မသိ... အေးလာသည်။ ပတ်ဝန်းကျင်ကို လေ့လာလိုက်သည်။ နားနေဖို့ကောင်းသောနေရာ ရှာရမည် မဟုတ်ပါလား။ နာရီကို ကြည့်လိုက်သောအခါ ငါးနာရီကျော်နေပြီ။ နောက်နာရီဝက်ဆို မှောင်လာတော့မည်။ မမှောင်ခင်မှာ နေရာရှာမှဖြစ်မည်ဟု ဦး

www.burmeseclassic.com

www.burmeseclassic.com



ဘကောင်းသိလိုက်သည်။

သူတို့အားလုံး မြေပြန့်နှင့် သစ်ပင်ကြီးရှိသောနေရာကို ရှာကြသည်၊ တွေ့ပါပြီ… အားလုံးလည်း နားနေဖို့ ပြင်ဆင်ကြတော့သည်။ အားလုံး နားနေဖို့ပြင်ဆင်ပြီးတော့ သံလုံးက ဦးဘကောင်းနားသို့ ရောက်လာသည်။ ညနေစာအတွက် နေ့လည်က အမဲကင်လေး လာပေးသည်။ ပြီးနောက် ကျန်တစ်ဖက်က ဖက်နဲ့ ထုပ်ထားသော ထမင်းနဲ့ ဆတ်သားကင်ကို သစ်ပင်၏ ခြေရင်းတွင် လက်တစ်ဖက်ဖြင့် တင်မြှောက်ကာ ပါးစပ်မှ ရွတ်ဆိုနေလိုက်သည်၊ ပြီးနောက် ၎င်းဖက်ထုပ်လေးကို ချကာ ထွက်သွားလေသည်။

သံလုံးတို့ ဝိုင်းဖွဲ့ကာ စားသောက်နေကြသည်၊ ဦးဘကောင်းက သူတို့နားသို့ လျှောက်လာခဲ့သည်။

"အားလုံး စားစရာ လောက်ကြရဲ့လား…"

"ဟုတ်ကဲ့… လောက်ပါတယ်ဦး၊ ဦးလည်း ဝရဲ့လား…"

"ဝပါတယ်… တို့တွေခရီးကတော့ နီးလာပြီ၊ နီးလာပြီဆိုတော့ အားလုံး သတိတော့ထားကြနော်… တစ်ယောက်နဲ့တစ်ယောက် လူစု မကွဲစေနဲ့၊ အားလုံး ကြားတယ်နော်"

"ဟုတ်ကဲ့ ဦးလေး… ကြားပါတယ်"





မောင်ချိုက ကြားမှ ဝင်ဖြေလိုက်သည်။

"စားကြ… စားကြ… စားပြီးရင် မီးပုံကိုတော့ မီးမပြတ်စေနဲ့၊ တစ်ယောက်တစ်လှည့် ကင်းစောင့်အိပ်ကြနော်…"

"ဟုတ်ကဲ့… ဦးလေး…"

ဦးဘကောင်းလည်း မှာစရာရှိတာမှာပြီးလို့ သံလုံးတို့ဝိုင်းမှ ထွက်ခွာသွားလေသည်၊ သူပထမနားနေသော သစ်ပင်နားသို့သွားပြီး ကျောမှီကာ မှိန်းနေလိုက်သည်၊ ပတ်ဝန်းကျင်မှာကလည်း မှောင်နေပြီမို့ မှိန်းပြီး အတွေးများဖြန့်နေလေသည်။

သူ့အနေနဲ့ ဒီခရီးကို စတင်ဖို့ စီမံပုံတွေကို စဉ်းစားနေမိသည်၊ မောင်ချိုတို့အုပ်စုကိုတော့ သိပ်ပြီး မဆွယ်ရပါ၊ မောင်ချိုတို့နဲ့ စတွေ့တာလည်း မဆန်းပါ။

တစ်နေ့ သူ ဗိုလ်တထောင်ဘုရားသို့သွားပြီး ပုတီးစိပ်နေသည်၊ သူပုတီးစိပ်နေသောနေရာနဲ့ ကောင်လေးနှစ်ယောက် စကားပြောနေတဲ့နေရာနဲ့ သိပ်မကွာပါ၊ အဲ… သူ ပုတီးစိပ်တဲ့နေရာက ဘုရားရဲ့အနောက်ဘက် တရားဟောနေတဲ့နေရာရှိ ဘုရားရှေ့ရင်ပြင်ဖြစ်သည်၊ ကောင်လေးနှစ်ယောက်က သူ၏ အနောက်တည့်တည့်လှေကားထစ်တွင် ထိုင်ပြီး စကားပြောနေကြသည်၊ သူတို့ပြောနေသော စကားသံကလည်း သိပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မကျယ်လှပါ။ ဒါပေမဲ့ သူ၏ အနောက်တည့်တည့်တွင်ဖြစ်နေသောကြောင့် အားလုံးကြားနေရပါသည်။

ထိုအခါ ဦးဘကောင်းလည်း သူတို့ပြောနေသောစကားကြောင့် ပုတီးစိပ်တဲ့အာရုံ မရတော့ဘဲ တရားသာ ထိုင်ကာ ဝင်သက် ထွက်သက်သာ ရှုနေမိသည်။ နားကတော့ သူတို့ပြောနေသော စကားကို နားစွင့်နေမိသည်။ ထိုအခါ ကောင်လေးနှစ်ယောက်ထဲမှ တစ်ဦးက ...

"ဟေ့ကောင် မောင်ဇော်..... တို့တွေ ဒီနေ့လုပ်ရတာ အဆင်မပြေပါဘူးကွာ၊ အိမ်ကိုလည်း သိပ်မပါဘူး၊ သုံးဖို့လောက်ပဲရတယ်"

"ဟုတ်တယ်... ငါလည်း မင်းလိုပဲ၊ ဆိုက်ထဲမှာလည်း အလုပ်ကလည်း ပါးလာပြီ၊ အိုဗာတိုင်ကလည်း မရှိတော့ဘူး၊ ဒီပြင်အလုပ်လေး ဘာလေး ရှာထားမှ ဒီထက်မြင့်မြင့်လေးရတဲ့ အလုပ်ရရင်ကောင်းမယ်"

ထိုအခါ ကျန်တစ်ယောက်ကလည်း...

"မင်းရရင်လည်း ငါ့ကိုလည်း ပြောဦး၊ ငါလည်း လိုက်လုပ်မယ်"

"စိတ်ချပါကွ... ငါတစ်ယောက်တည်း ဘယ်တော့မှ





မလုပ်ပါဘူး၊ မင်းနဲ့ငါက သူငယ်ချင်းတွေပဲဟာ... မမေ့ပါဘူး"

ထိုအခါ မောင်ဇော် (ခ) မောင်ဇော်အောင်က ဆက်ပြီး...

"တို့ ဘုရားမှာ ဆုတောင်းရအောင်၊ ငွေများများရတဲ့အလုပ် မြန်မြန်ရပါစေလို့ ဆုတောင်းရအောင်"

တကယ်တော့ မောင်ဇော်အောင်နှင့် မောင်ချိုတို့ဟာ သူငယ်ချင်းများဖြစ်သည်။ တစ်ရပ်ကွက်ထဲ အတူနေသည်။ သူတို့က သန်လျင်တွင် နေထိုင်ကြသည်။ သန်လျင်ဆိုပေမယ့်မြို့ထဲမှ မဟုတ်ပါ။ သန်လျင်မြို့နှင့် ကျောက်တန်းသွားလမ်းမှ အထဲသို့ဝင်ရသော ရပ်ကွက်လေးမှ ဖြစ်သည်။ သူတို့ မိဘများက မရှိတော့ပါ။ နှစ်ဦးစလုံးက ဘဝတူများဖြစ်၍ ပေါင်းမိကြသည်။ ပြီးတော့ သူတို့နှစ်ဦးစလုံးကလည်း သန်လျင်ဇာတိများ မဟုတ်ကြပါ။ မော်လမြိုင်သွားလမ်းမှ ရွာတစ်ရွာမှဖြစ်ကြသည်။ သူတို့ပြောနေသော စကားများကို ဦးဘကောင်းမှ နားထောင်နေသည်။

"အင်း...ဒီကောင်လေးနှစ်ယောက်က ပြောနေတဲ့ပုံအရ ငွေရတဲ့အလုပ် လုပ်ချင်နေကြတယ်၊ ငါရည်ရွယ်ထားတဲ့ အလုပ်နဲ့ဆို သူတို့ လိုက်ချင် လိုက်မှာပဲ၊ မေးကြည့်ရမယ်"

ဟု ဦးဘကောင်း ဆုံးဖြတ်လိုက်သည်။

ဦးဘကောင်းလည်း တရားထိုင်တာ အဆုံးသတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မောင်ဖော်တို့နားသို့ လျှောက်လာခဲ့သည်။

"ငါ့တူတို့က ဘုရားလာဖူးတာလား"

"ဆိုပါတော့ ဦး... အိမ်ပြန်ဖို့ စောနေသေးတော့ ဘုရားမှာ လာထိုင်နေတာပါ"

"ဘာတွေများ တိုင်ပင်နေကြတာလဲကွ"

ဦးဘကောင်းက သူတို့ကိုလည်း ပြော၊ အနားမှာလည်း ဝင်ထိုင်လိုက်သည်၊ ထိုအခါဖော်အောင်တို့လည်း ဦးဘကောင်းဘက်လှည့်ကာ သုံးဦးသား မျက်နှာချင်းဆိုင် ထိုင်လိုက်ကြသည်၊ ထိုအခါ ဦးဘကောင်းကပဲ စတင်ပြီး ...

"ဦး တရားထိုင်နေတုန်း ငါ့တူတို့ပြောတာတွေ အားလုံးကြားတယ်၊ ဘာလဲ အလုပ်အဆင်မပြေလို့လား"

"ဟုတ်ပါတယ် ဦး... ဒီလကုန်ရင် အလုပ်က ပြီးနေပြီ၊ တခြားလုပ်ဖို့ ကျွန်တော်တို့ရှာရဦးမယ်"

မောင်ဖော်ပြောနေသောစကားကို ဦးဘကောင်းက နားထောင်ပြီး ခေါင်းတညိတ်ညိတ်ဖြင့် စဉ်းစားနေသည်။ သူ စိစဉ်းထားသည့်အတိုင်း ပြောကြည့်ရမလားလို့လည်း အကြံထုတ်နေသည်။ သူတို့ရဲ့ ရိုးသားမှုကိုလည်း တီးခေါက်ကြည့်ရဦးမည် မဟုတ်ပါလား။





"ငါ့တူတို့က အလုပ်ရရင် အတူတူ လိုက်လုပ်မှာလား"

ထိုအခါ မောင်ချိုက ဝင်ဖြေလိုက်သည်။

"လိုက်လုပ်မှာပါ၊ ကျွန်တော်တို့ သူငယ်ချင်းနှစ်ယောက်စလုံး မိဘတွေမရှိကြတော့ဘူး၊ ဆုံးသွားပြီ၊ အခု ဦးလေးတို့အိမ်မှာနေကြတယ်"

ဦးဘကောင်းက စိတ်မကောင်းတဲ့ မျက်နှာလေးဖြင့်...

"ငါ့တူတို့ရဲ့ မိဘများရဲ့နာမည်တွေ ဘယ်သူတွေတုန်း"

မောင်ချိုက ဆက်ပြီးဖြေလိုက်သည်။

"ကျွန်တော့် အဖေရဲ့နာမည်က မောင်နီပါ၊ သထုံကပါ၊ သူ့ရဲ့အဖေက ဦးဖိုးလုံးပါ၊ သူလည်း သထုံနယ်ကပဲ"

"ဒါဆိုရင် သထုံနယ်ဘက်ဆိုရင် မင်းတို့တွေ သပြုရွာကလား"

ထိုအခါ မောင်ဖော်အောင်က ဝင်ဖြေလိုက်သည်။

"ဟုတ်ပါတယ် ဦး....ကျွန်တော်တို့ သူငယ်ချင်းနှစ်ယောက်စလုံးက တစ်ရွာထဲသားတွေပဲ"

ထိုအခါ ဦးဘကောင်းက အံ့ဩသွားသည်။ သူတွေ့ချင်နေသော သူ၏သူငယ်ချင်းတွေရဲ့သားကို တိုက်ရိုက်တွေ့လိုက်ရတဲ့ အတွက် ပိုပြီးဝမ်းသာသွားသည်။ သူ၏သူငယ်ချင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ကများ သူ့ကိုတွေ့ပေးလိုက်တာလားလို့ စိတ်ထဲမှ ထင်လိုက်မိသည်။

"မင်းတို့နဲ့တွေ့ရတာ ဝမ်းသာလိုက်တာကွာ..."

"ဘာဖြစ်လို့လဲဦး..."

"ဦးလည်း သထုံကပဲ၊ သပြုရွာကပဲ..."

"ငါ့တူတို့ရဲ့အဖေနှစ်ဦးစလုံးဟာ ဦးရဲ့အချစ်ဆုံး သူငယ်ချင်းတွေပဲ၊ သွားအတူ လာအတူ ကစားအတူပဲ၊ ဦးနာမည်က ဦးဘကောင်းပါ"

"ဟာ... ဒါဆိုရင် အဖေ ပြောပြောနေတဲ့ ကိုဘကောင်းဆိုတာ ဦးပဲပေါ့"

"ဟုတ်ပါတယ်... ငါ့တူတို့ရယ်"

ထိုအခါ မောင်ချိုက ဆက်ပြီး ...

"တွေ့မယ့်တွေ့တော့လဲ တိုက်တိုက်ဆိုင်ဆိုင်ပဲ၊ ဘုရားမှာ လာတွေ့ရတယ်"

"ငါ့တူတို့ အခုအလုပ်လိုချင်နေကြတယ် မဟုတ်လား၊ ဦးကလည်း ငါ့တူတို့လို လူငယ်လေးတွေကို လိုက်စုနေတဲ့ သူပဲ၊ ပြီးတော့ ငါ့တူတို့ဟာ ဦးရဲ့ သူငယ်ချင်းတွေရဲ့ သားအရင်းတွေ ဖြစ်နေတော့ ပိုပြီးစိတ်ချသွားပြီ"





"ဘာဖြစ်လို့လဲဦး..."

"ဦး အစမှအဆုံး ရှင်းပြမယ်၊ ပြီးတော့မှ ငါ့တူတို့ လုပ်မယ် မလုပ်ဘူးဆိုတာ ဆုံးဖြတ်ပါ၊ ဦးကတော့ လုပ်စေချင်တယ်၊ ဘာကြောင့်လဲဆိုတော့ တို့မြန်မာလူမျိုးတို့ရဲ့ဗုဒ္ဓဘာသာ ရှေးဟောင်းဆင်းတုတော်တွေ ပါနေလို့ပဲ၊ အခုလည်း တိုင်းတစ်ပါးမှာ သွားဖော်ယူရမှာမဟုတ်ပါဘူး၊ တို့ရဲ့မြန်မာပိုင်နယ်ထဲမှာပါပဲ၊ ဘုရားဆင်းတုတော်တွေနဲ့ ဌာပနာပစ္စည်းတွေလည်း ပါတယ်၊ ပြီးတော့ တိုင်းပြည်ရဲ့ရတနာပစ္စည်းတွေလည်း ပါနေတော့ တို့ရဲ့လုပ်ရပ်ဟာ ကောင်းမှုသာလုပ်ရပ်လို့ ဦးတော့ထင်တယ်... ငါ့တူတို့ကိုလည်း ဦးနဲ့အတူ ပါဝင်ကူညီပေးစေချင်ပါတယ်"

ထိုအခါ ဦးဘကောင်းက သူတို့ကို သူရဲ့ဘဝဇာတ်လမ်းခုံကို အစမှအဆုံး ရှင်းပြပြောပြလိုက်လေတော့သည်။

ထိုအခါ မောင်ချိုနှင့် ဇော်အောင်တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ဘယ်လိုလဲဟူသော သဘောဖြင့် တစ်ယောက်ကိုတစ်ယောက် အသံတိတ်မေးနေကြသည်၊ ဤသို့ဖြင့် ဇော်အောင်က စတင်ပြီး ခေါင်းညိတ်ပြလိုက်၍ မောင်ချိုလည်း ခေါင်းညိတ်ကာ ပြုံးနေလိုက်တော့သည်။

မောင်ချိုကပဲ ဦးဘကောင်းဘက်သို့ လှည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ လိုက်မယ်"

ဟု ပြောလိုက်လေတော့သည်။ ထိုအချိန်မှစပြီး ဦးဘကောင်းက သူတို့နှစ်ဦးကို အချိန်တစ်ခု သတ်မှတ်ကာ မြသပိတ်တောင်ပေါ်ဘုရားသို့ ချိန်းလိုက်ရသည်။

ဦးဘကောင်းလည်း လူငယ်နှစ်ဦးကို စပြီးရလိုက်၍ ပျော်သွားသည်။ ပြီးနောက် ၎င်းလူငယ်နှစ်ယောက်ကလည်း သူ၏သူငယ်ချင်းရဲ့သားများဖြစ်နေ၍ပိုပြီးဝမ်းသာသွားသည်။ သူရဲ့ ဝမ်းသာပီတိဖြစ်နေမှု၊ အလိုလို မျက်နှာမှာ ပြုံးနေမှုကြောင့် သူ့ကို ခေါ်သံကိုပင် သူ မကြားလိုက်ပါ။

"ဦးလေး...ဦးလေ...ဦးလေ..."

"ဟင်...ဘာလဲငါ့တူ ဘယ်သူလာလို့လဲ"

သူ့အနားသို့ရောက်လာပြီး လာနှိုးသူမှာ ဇော်အောင်ပင်ဖြစ်သည်။ သူ့လက်ထဲမှာလည်း ထမင်းထုပ်တစ်ထုပ် ကိုင်ထားသည်။ သူတို့လုပ်နေကြကတော့ ထမင်းစားခါနီး ထမင်းထုပ်ကို အရင်ထုပ်ကာ တောပိုင် တောင်ပိုင်တွေကို ပူဇော်ပသနေကြဖြစ်သည်။ ဒါကိုလည်း ဦးဘကောင်းကပဲ လုပ်နေကြဖြစ်သည်။ ယခုလည်း ထမင်းထုပ် ရလာလို့ ဦးဘကောင်းကို လာရောက်နှိုးကာ လာပေးခြင်းဖြစ်သည်။





"ဟာ... ဘယ်သူမှ မလာပါဘူး ဦး... ကျွန်တော် ထမင်းထုပ်ရပြီလို့ လာပေးတာပါ၊ ဒါနဲ့ ဦးက ဘာတွေ ပြုံးနေတာလဲ၊ ကျွန်တော်ရောက်လာတော့ ဦးပြုံးနေတာ မြင်ရတယ်"

"ဘာမှ မဟုတ်ပါဘူးကွ၊ မင်းတို့နဲ့ ဦး ဆုံခဲ့ရတဲ့အဖြစ်တွေကို ပြန်မြင်ယောင်ပြီး ပြုံးမိတာပါ၊ မင်းတို့နဲ့ ဦးတို့က ရေစက်ပါလို့ ဒီနေရာထိ ရောက်လာခဲ့ကြပြီ မဟုတ်လား၊ ဦးကတော့ ရေစက်ကြောင့်လား၊ မင်းတို့အဖေကာပဲ ပို့ပေးလိုက်တာလား ဆိုတာ တွေးရင်း ပြုံးမိတာပါ"

"ဒါနဲ့ မင်းတို့လည်း စားပြီးကြပြီလား"

"မစားရသေးပါဘူး ဦး... ဦးကို အရင်လာပို့တာပါ"

"အေး... အေး... ထားခဲ့တော့၊ မင်းတို့လည်း သွားစားပြီး နားကြတော့"

ဇော်အောင်လည်း ဦးဘကောင်းအနားမှ ပြန်သွားလေသည်။ သူ၏အဖော်များရှိရာသို့ရောက်သော်အတူတူဝင်ထိုင်ပြီး စားကြသည်။ ထိုအခါ သံလုံးက ...

"ဇော်အောင် ကြာလှချည်လား၊ ဦးဘကောင်းနဲ့ ဘာတွေပြောနေကြတာလဲ၊ တို့နဲ့ နည်းနည်းဝေးတော့ သိပ်ပြီး မသိကဲ့ဘူး"



www.burmeseclassic.com

သံလုံးဘေးရှိ မောင်လွင်က ထင်းစတစ်စကို ယူပြီး မီးပုံထဲ ထိုးထည့်လိုက်သည်။ ပြီးနောက် ဇော်အောင်ဘက်လှည့်ပြီး...

"ဘာလဲ... မင်းတို့ဦးက တရားဟောလိုက်ပြီလား၊ သူတို့နဲ့အတူ မခွဲဖို့ သစ္စာရှိဖို့ မဟုတ်လား"

"မဟုတ်ပါဘူး... ကိုလွင်..."

ဇော်အောင်က မောင်လွင်ကို ကိုလွင်ဟု ရှိသေစွာ သုံးလိုက်ပေမယ့် သူနဲ့က အသက်ချင်းအတူတူပဲဖြစ်သည်။ ဒါပေမဲ့ မောင်လွင် သူ့ထက် ပိုပြီး ဝတယ်၊ အရပ်လည်း ရှည်တော့ သူ့ကို ကိုလွင်ဟု သုံးလိုက်ရသည်။ ပြီးနောက် ဇော်အောင်က ဆက်ပြီး...

"ဦးက ကျွန်တော်တို့တွေနဲ့ ဆုံခဲ့တာလေးတွေကို ပြန်စဉ်းစားနေတဲ့အကြောင်း ပြောပြနေတာပါ"

"ဟုတ်တယ်... တို့တွေ ငါးဦးစလုံးလည်း တစ်ဦးနဲ့တစ်ဦး ခရီးအတူတူသာ ထွက်လာခဲ့ကြတာ တစ်ယောက်နဲ့တစ်ယောက် တွေ့ပုံခြင်း မသိကြသေးဘူး၊ ဒါနဲ့ ဒီက မောင်ဇော်အောင်ပဲ တို့ကို ပြောပြပါလား"

မောင်လွင်က မေးလိုက်သောကြောင့် ကျန်လူများကလည်း စိတ်ဝင်တစား နားထောင်နေကြသည်။ ဇော်အောင့်ဆီမှ ထွက်လာမည့်စကားကို ငံ့လင့်နေကြသည်၊ ထိုအချိန်တွင် သူတို့





စားနေကြသော ထမင်းမှာ ပြီးသလောက် ရှိနေကြပြီမို့ ဇော်အောင်က...

"ကဲ... ဒါဆိုလည်း တို့တွေ စားတာတွေ လက်စသတ်လိုက်ရအောင် ပြီးတော့မှပဲ ပြောပြမယ်"

ဒီလိုနဲ့ အားလုံးထမင်းစားတာ အမြန်ဆောင်ရွက်လိုက်ကြတော့သည်။ မောင်ချိုက အချိန်ကို ကြည့်လိုက်သောအခါ ည ၁နစ်နာရီလောက်သာရှိနေသေး၍ မအိပ်ချင်တာနှင့် မီးပုံဘေး၌ ရေနွေးအိုးဖြင့် ဝိုင်းဖွဲ့ကာ စကားဝိုင်းလေး စလိုက်သည်၊ ထိုစကားဝိုင်းတွင် ဦးဘကောင်းကတော့ မပါပါ။ သူတို့ ငါးဦးစလုံး ဝိုင်းပြီး နေရာယူပြီးတဲ့အချိန်မှာ ကိုဘကောင်းက သစ်ပင်ကို မှီပြီး အိပ်နေသည်။ ထိုအခါ ဇော်အောင်ကပဲ စပြီး...

"ဒီလို... ကျွန်တော်နဲ့ မောင်ချိုက သူငယ်ချင်းတွေလေ"

ဟု စပြီး ဦးဘကောင်းနှင့် ဗိုလ်တထောင်ဘုရားမှာ ဆုံပြီး ယခု ဒီအထိ ရောက်လာခဲ့တာကို ဖြည်းဖြည်းချင်း ပြောပြလိုက်သည်၊ ထိုအခါ မောင်လွင်ဘက်သို့လှည့်ပြီး ဇော်အောင်က..

"ကျွန်တော်တို့အကြောင်းတော့ ပြောပြီးပြီ၊ အခုကတော့ ကိုလွင်တို့အလှည့်ပဲ"

မောင်လွင်တို့လည်း သူ့ရဲ့အကြောင်းကို ပြောပြမည်ဟု



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားလိုက်သည်၊ ဘယ်ကစပြီးပြောရင် ကောင်းမလဲဟု ထပ်ပြီး စဉ်းစားလိုက်သည်၊ သူနဲ့ ဇော်ကြီး စတွေ့ပုံကပဲ စပြောရမလား၊ ဒါမှမဟုတ် ဦးဘကောင်းနဲ့ စပြီးတွေ့တဲ့အချိန်ကပဲ စပြောရင်ကောင်းမလားလို့ စဉ်းစားနေမိသည်၊

"ကိုလွင် ဘာစဉ်းစားနေတာလဲ… ပြောလေ"

ဇော်အောင်က စိတ်မရှည်သည့်ပုံစံဖြင့် ထပ်ပြီးပြောလိုက်သည်၊ ထိုအချိန်မှာ မောင်လွင်က ဇော်ကြီးနှင့် စပြီးတွေ့တဲ့အချိန်ကပဲ စပြီးပြောတော့မည်ဟု ဆုံးဖြတ်လိုက်တော့သည်၊

❖ ❖ ❖



## အခန်း (၁၂)

# ဓာတ်ကြောင်းပြန်အတိတ်

တစ်နေ့တွင် မောင်လွင်တစ်ယောက် အလုပ်မှ ပြန်လာခဲ့သည်၊ ဒီနေ့ လခထုတ်နေ့ဖြစ်၍ လက်ထဲတွင် ငွေများပါလာသည်၊ သူက တောင်ဥက္ကလာမှာ နေတဲ့သူဆိုတော့ ကားစီးပြီးပြန်ရမည်မဟုတ်ပါလား၊ သူ့အလုပ်က မိုးကောင်းနားက သံဂဟေဆက်သောနေရာတွင် လုပ်သည်၊ သံတံခါး၊ သံပန်းများ လုပ်ရသည်၊ ဒီနေ့တော့ လခထုတ်၍ မိုးကောင်းဘုရားရှေ့ရှိ ကားမှတ်တိုင်တွင် (၃၆)ကားအလာ စောင့်နေသည်၊

ထိုအချိန်တွင် ကားမှတ်တိုင်နားတွင် လူကြီးတစ်ဦးက ထိုင်ကာဖေးနေသည်၊ ကားကလည်းအလာကျဲ၍ ဇော်တော်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ရောက်မလာပါ၊ ထိုအခါ မောင်လွင်နားသို့ လူနှစ်ယောက်က ကပ်လာသည်၊ ပြီးနောက် ညှပ်ပြီး နေရာယူထားကြသည်၊ ကားမှတ်တိုင်နားမှာ ထိုင်နေသောလူကြီးက သူတို့ရဲ့လုပ်ရပ်ကို မြင်၍ သေက်ာဖြစ်ကာ မောင်လွင့်နားသို့ထလာခဲ့သည်၊ ထိုအခါ ခုနက လူနှစ်ယောက်က ဇင်းလူကြီးကို မကြည်တဲ့မျက်နှာဖြင့် ကြည့်ပြီး တစ်ယောက်ကို တစ်ယောက် မျက်စိမှိတ်ပြလိုက်သည်၊

ထိုအခါ ဇင်းလူကြီးက မောင်လွင့်နားသို့လာပြီး... ဗျ

"ငှါတူရေ...ဦးကို တစ်ခုလောက် ကူညီပါလား" ဘာ့သ

မောင်လွင်လည်း သူ့နားသို့ ရောက်လာသော လူကို ကြည့်လိုက်သောအခါ အပေါ်အင်္ကျီက ယောဂီအင်္ကျီဝတ်ထားပြီး အောက်မှာက ပုဆိုးကွက်စိပ်လေး ဝတ်ထားသည်၊

"ဦးကို ဘာကူညီပေးရမလဲ"

ဟု ပြောပြီး ယောဂီဝတ်နဲ့လူနားသို့သွားကာ မေးလေသည်၊ ထိုအခါ ခုနက သူ့ကို ညှပ်ပြီးနေရာယူထားသော လူနှစ်ယောက်က တစ်ဦးနှင့်တစ်ဦး ခွာကာ မသိသလို နေလိုက်ကြသည်၊ နှစ်ဦးစလုံးကလည်း ယောဂီဝတ်နဲ့ လူကို မကြည်တဲ့ မျက်နှာဖြင့် ကြည့်နေကြသည်၊ ကားမှတ်တိုင်မှာလည်း လူက ရှင်းနေသည်၊ အားလုံးပေါင်းမှ မောင်လွင်နှင့်ပါ အားလုံး ငါးဦး





သာဖြစ်သည်၊ မိန်းကလေးငယ် တစ်ဦးကတော့ သူတို့နှင့် နည်းနည်း ဝေးနေသည်၊

မောင်လွင်က ယောဂီဝတ်နားသို့ ရောက်သော် ယောဂီဝတ်က...

"ဦးမှာ လမ်းစရိတ် တစ်ကျပ်လိုနေ၍ အကူအညီ တောင်းတာပါ"

ထိုအခါ မောင်လွင်က ဒီနေ့မှ လခထုတ်လာ၍ ပိုက်ဆံက ရှိနေသောကြောင့် တစ်ကျပ်သာတောင်းသော ယောဂီဝတ်နှင့် လူကို အိတ်ထဲနှိုက်ကာ ငါးကျပ်တန်တစ်ရွက် ထုတ်ပေးလိုက်လေသည်၊

"ကျေးဇူးတင်လိုက်တာ ငှါတူရယ်..."

"ဒါနဲ့ ဦးက ဘယ်ပြန်ရမှာလဲ"

"ဦးမှာက အိမ်မရှိပါဘူးကွယ်၊ တောင်ဥက္ကလာဘုရားကို သွားမလို့ပါ... အဲဒီမှ တစ်ဆင့် သဃ်န်းကျွန်းဘုရားမှာ အိပ်မှာပါ"

မောင်လွင်က အချိန်ကို ကြည့်လိုက်သောအခါ ငါးနာရီ ထိုးတော့မည်ဖြစ်သည်၊ ထိုအခါ ကားရောက်လာသည်၊ မောင်လွင်က ကားဆီသို့ပြေးရန်အလုပ်မှာ ယောဂီဝတ်က လက်ကို လှမ်းဆွဲလိုက်သည်၊



www.burmeseclassic.com

www.burmeseclassic.com



"ဒီကားနဲ့ မလိုက်ပါနဲ့ ငါ့တူမှာ အန္တရာယ်ရှိနေလို့ပါ"

မောင်လွင်လည်း ယောဂီဝတ်နဲ့လူကို ပြန်ကြည့်ပြီး သူ့ရဲ့ အကျိုးအတွက်ပြောလိုက်သောကြောင့် မငြင်းတော့ဘဲ နေလိုက်သည်။ ထိုအခါ သူ့ကို ညှပ်ပြီး ကားစောင့်နေသော လူနှစ်ဦးက မောင်လွင် ကားဆီသို့ လာရန်အလုပ်မှာ သူတို့က ကားနားနီးနေ၍ အရင်တက်သွားသည်။ ဒါကို ယောဂီဝတ်က မြင်လိုက်၍ မောင်လွင်ကို တားလိုက်ခြင်းဖြစ်သည်။

ထိုအခါ ကားက မောင်းထွက်သွားလေသည်။ ကားပေါ် လူနှစ်ဦးကတော့ မကျေမနပ်ဖြင့် တောက်တစ်ခေါက်ခေါက်ဖြင့် ပါသွားကြသည်။ ဒါကို ယောဂီဝတ်လူက မြင်လိုက်သည်။

ထိုအချိန်တွင် မောင်လွင်က ယောဂီဝတ်နှင့်လူကို မေးလိုက်သည်။

"ဦးလေးက ဘာဖြစ်လို့ ကျွန်တော်ကို အန္တရာယ်ရှိတယ်လို့ ပြောရတာလဲဟင်..."

ထိုအခါ ယောဂီဝတ်နှင့်လူက မောင်လွင်မေးသော မေးခွန်းကို သူက အေးဆေးစွာ ပြန်ဖြေလိုက်သည်။

"ဒီလို ငါ့တူ ဦးလေးနာမည်က ဦးဘကောင်းတဲ့၊ တချို့ ဘကောင်းလို့ ခေါ်တယ်၊ ခုနက ငါ့တူရဲ့ ဘေးတစ်ဖက်တစ်ချက်





မှာရပ်နေတဲ့လူနှစ်ယောက်ကို ငါ့တူသတိထားမိရဲ့လား"

"ဟုတ်ကဲ့... သတိထားမိပါတယ်"

"အဲဒါ ခါးပိုက်နှိုက်တွေပဲ၊ ငါ့တူဆီမှာ ငွေတွေပါလာတယ် ဆိုတာ သူတို့ သိပုံရတယ်၊ ဒါကြောင့် ငါ့တူနားမှာ ကပ်နေကြတာ၊ ဦးက နောက်နားကနေပြီး မြင်နေရတယ်"

"အခုလို သတိပေးတာ ဦးကို ကျေးဇူးတင်လိုက်တာ ဦးရယ်၊ ဒီငွေတွေသာ ပါသွားရင် ကျွန်တော် တစ်လလုံး လုပ်အား ခတော့ ဆုံးပြီး၊ ဒီငွေတွေကိုရအောင် ကျွန်တော့်မှာ မနည်းစုရ တယ်၊ ကျွန်တော်တို့အလုပ်ရှင်က ရက်ပျက်ရင်လည်း ဖြတ်တယ်၊ ဒီကြားထဲ ခါးပိုက်နှိုက်တဲ့လူတွေလက်ထဲ ပါသွားရင်တော့ ကျွန်တော်တော့ ထမင်းငတ်ပြီ"

"ဟင်... မင်းမိဘတွေက ရှာမကျွေးဘူးလား"

"ကျွန်တော့်မှာက အဖေပဲရှိတယ်... အခု မိထွေးနဲ့နေ နေရတာ၊ မိထွေးနဲ့ရတဲ့ ကလေးနှစ်ယောက် ငယ်သေးတော့ အဖေနဲ့ ကျွန်တော်က ရှာကျွေးနေရတာ"

ဦးဘကောင်းက မောင်လွင်ပြောပြလိုက်သော ဇာတ်လမ်းကို ကြားရပြီး စိတ်မကောင်းဖြစ်မိသည်။ သူ့အနေနဲ့ တစ်ချက်စဉ်းစားလိုက်သည်။ သူလိုချင်နေသောလူမှာ အဲဒီလူပင်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါလား၊

"ဒါဆိုရင် ငါ့တူကိုအလုပ်တစ်ခုပေးမယ်၊ လုပ်မလား"

"ဘာအလုပ်လဲ..."

မောင်လွင်က ဦးဘကောင်းကို ပြန်ပြီးကြည့်လိုက်သည်၊ ကားခမရှိလို့ သူ့ဆီက တောင်းခဲ့သော ဦးဘကောင်းကို ပြန်ကြည့်လိုက်သည်၊ ဒါကို ဦးဘကောင်းက မောင်လွင်ကြည့်သောအကြည့်ကို သဘောပေါက်ကာ ...

"ဟင်း...ဟင်း...ဟင်း..."

ဦးဘကောင်းရယ်လိုက်သည်၊ ပြီးနောက် မောင်လွင့်ကို ကြည့်ပြီး ...

"ငါ့တူ ဦးကို ဘာကြောင့်ကြည့်သလဲဆိုတာ ဦး သဘောပေါက်ပါတယ်၊ ဒါပေမဲ့ ငါ့တူကို ရှင်းပြမယ်၊ ငါ့တူ အိမ်ပြန်နောက်ကျနေလိမ့်မယ်၊ အလုပ်ပိတ်တဲ့ရက် နားတဲ့ဘာစ်ရက်ဦးနဲ့ လာတွေ့ပါလား"

"ဦးကို ဘယ်မှာလာတွေ့ရမှာလဲ

"အေး...ဟုတ်သားပဲ၊ ဦး မေ့သွားတယ်၊ ဒါနဲ့ ငါ့တူနာမည် ဘယ်လိုခေါ်လဲ"

"မောင်လွင်ပါ ဦး..."





"ဒါနဲ့ အလုပ်က ဘယ်နေ့နားမလဲ"

"သဘက်ခါ နားရက်ပါ"

မောင်လွင် နားရက်ကို သိလိုက်ရ၍ ဦးဘကောင်း ခဏ စဉ်းစားလိုက်သည်၊ ပြီးနောက်...

"ဒါဆို မောင်လွင် အဲဒီနားရက် မနက် ကိုးနာရီခွဲမှာ ဒီမိုးကောင်းဘုရားကို လာခဲ့၊ ဦး စောင့်နေမယ်"

"ဟုတ်ကဲ့ ဦး... ဆက်ဆက်စောင့်နေ၊ ကျွန်တော် လာခဲ့မယ်၊ ကျွန်တော်လာရင် ကျွန်တော့်လို ဘဝတူ သူငယ်ချင်း တစ်ယောက်ပါ ခေါ်လာခဲ့မယ်၊ ဖြစ်မလား..."

"ဖြစ်တာပေါ့... သိပ်ဖြစ်တယ်"

"ဒါဆို မောင်လွင်သွားတော့၊ ကားလည်း လာခါနီးပြီ၊ ဦးက ဥက္ကလာဘုရားရောက်တဲ့(၁)ကားကို စောင့်လိုက် ဦးမယ်"

ထိုအချိန်တွင် မောင်လွင် စောင့်နေသော (၃၆)ကား ရောက်လာခဲ့သည်၊ မောင်လွင်က ဦးဘကောင်းကို လက်ပြပြီး နှုတ်ဆက်ကာ ကားပေါ်သို့ တက်သွားလေသည်၊

ထိုအခါ ကိုဘကောင်းလည်း မှတ်တိုင်တွင် ဆက်ပြီး (၁)ကားကိုစောင့်နေလိုက်တော့သည်၊

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၃)

# ချိန်းထားသော နေရာ

မောင်လွင်နှင့်ဖော်ကြီးတို့နှစ်ဦး နန္ဒဝင်ရပ်ကွက်တွင် နေသောကြောင့် ဥက္ကလာပဘုရားနှင့် နီးသည်။ ဒါကြောင့် သူငယ်ချင်းနှစ်ယောက် စကားပြောရင်း လမ်းလျှောက်လာခဲ့ကြသည်။ ထိုအခါဖော်ကြီးက ...

"ဟေ့ကောင်...မောင်လွင်မင်းဟာက ဟုတ်ကော ဟုတ်ရဲ့လား၊ ချိန်းထားတာ ကျိန်းသေတယ်နော်"

ထိုအခါမောင်လွင်က ...

"ဟုတ်ပါတယ်ကွာ... သေသေချာချာ ချိန်းထားတာပါ၊ လိမ်မယ့်ပုံလည်းမပေါက်ပါဘူး၊ တကယ်လို့လိမ်ရင်လည်းဘုရား



ဇွးပြီး ပြန်ကြတာပေါ့၊ အရှုံးမရှိပါဘူး၊ ပိုက်ဆံပေးရတာမှ မဟုတ်တာ"

ဖော်ကြီးက မောင်လွင် ပြောတာလည်း ဟုတ်နေ၍ ဘာမျှမပြောတော့ဘဲ ...

"အင်းလေ... မင်းပြောသလိုပဲ လုပ်ရတော့မှာပေါ့"

ထိုအခါဖော်ကြီးက ...

"ဒါနဲ့ ဦးဘကောင်းနဲ့မင်းက ဘယ်လိုကနေ ဘယ်လိုသိတာလဲ"

သူငယ်ချင်းနှစ်ယောက် စကားပြောရင်း လျှောက်လာကြသည်၊ လမ်းလျှောက်ရင်း စကားပြောလာခဲ့ရာ မြင်သာထိပ်သို့ ရောက်လာခဲ့ကြသည်၊ ထိုအခါ မောင်လွင်က သူနှင့် ဦးဘကောင်းဆုံပုံကို ကားမှတ်တိုင်တွင် ဖြစ်ကြောင်းကို ပြောပြလိုက်လေသည်။

တကယ်တော့ ဖြစ်ရပ်ကတော့ မဆန်းပါ၊ ဆန်းတာက ဒီလို... ဘူက ဘာအလုပ်များ ပေးနိုင်မှာလဲဟု စိတ်ထဲမှ တွေးနေမိသည်၊ ဒါကို ဖော်ကြီးလည်း ထင်မိသည်၊ သူလိုပဲ မောင်လွင်လည်း ထင်သည်၊ မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် သူတို့ သူငယ်ချင်းနှစ်ယောက်လျှောက်လာခဲ့ကြရာ ဘုရားနားသို့ ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြသည်။

ဘုရားမုဒ်ဝသို့ရောက်သော် ဖိနပ်ချွတ်ကာ ဝင်ဝင်ခြင်း ဘုရားကို ဝတ်ပြုလိုက်ကြသည်။ ပြီးနောက် မောင်လွင်က ဘေး ပတ်ဝန်းကျင်ကို ရှာလိုက်သည်။ သူ လိုက်ကြည့်သော်လည်း ဘယ်သူမှမတွေ့ပါ။ ဒါနဲ့မောင်လွင်တို့နှစ်ဦး ဘုရားရဲ့ထောင့်တစ် နေရာတွင် အရိပ်ရသောနေရာတွင်ထိုင်လိုက်ကြသည်။ ထိုအခါ သူတို့နားသို့ ဘယ်အချိန်က ရောက်လာမှန်းမသိတဲ့ လူတစ် ဦးက...

"ရောက်နေကြပြီလား မောင်လွင်၊ သူငယ်ချင်းလည်း ပါတာကိုး"

"ဟုတ်ကဲ့ဦး... သူက ဇော်ကြီးပါ၊ ကျွန်တော့်သူငယ်ချင်း ပါ၊ သူ့မှာကမိဘများမရှိကြတော့ဘူး၊ ဦးလေးတို့နဲ့အတူ နေတာ ပါ"

"အင်း... မင်းတို့ရဲ့ဘဝကလည်း ဘာမှ မပြည့်စုံကြပါ လား၊ ဒီလို မပြည့်စုံတဲ့ဘဝမျိုး နောင်ဘဝမှာ မဖြစ်ဖို့ ဦးရဲ့အလုပ် ကို လုပ်ရင်း ဆုတောင်းကြပေါ့ကွယ်၊ ဦးကလည်း မသေခင်မှာ ဦးလုပ်ဆောင်ရမယ့် တာဝန်ကို ပြီးဆုံးအောင် လုပ်ချင်လို့ပါ၊ မင်းတို့ လူငယ်လေးတွေရဲ့ လုပ်အားလည်း လိုတာပေါ့...





ဖျတ်လတ်တဲ့ လူငယ်တွေဆိုတော့ ဦးအနေနဲ့ အားကိုးလို့ရတာ ပေါ့"

ထိုအခါ ဇော်ကြီးက ဦးဘကောင်းကို မေးလိုက်သည်။

"ဦးရဲ့အလုပ်ကို ဘယ်လိုလုပ်ရမှာလဲ၊ ကျွန်တော် သိခွင့် မရှိဘူးလား"

"သိခွင့်ရှိတာပေါ့၊ ဦးရဲ့ကုသိုလ်လည်းရ ဝမ်းလည်းဝ အလုပ်ပါ၊ ငါတူတို့ကို နစ်နာအောင်လည်း မလုပ်ပါဘူး၊ ငါ့တူတို့ သာ စွန့်စားချင်တဲ့စိတ်ရှိရင်တော့ ဦးပြောပြပါ့မယ်"

ထို့နောက် ဦးဘကောင်းလည်း ဂျပန်ခေတ်မှ သူကိုယ် တိုင် ပါဝင်ခဲ့သော လုပ်ရပ်များကို မောင်လွင်နှင့် ဇော်ကြီးကို ရှင်း ပြလိုက်သည်။ ၎င်းနေရာကို သွားဖို့အတွက် လူငယ်လေးတွေ လို ကြောင်း သူကိုယ်တိုင်ကလည်းတစ်ဦးတစ်ယောက်တည်း မနိုင် ၍ ယခုလို လူငယ်လေးတွေ လိုက်စုနေရကြောင်းများကို မောင် လွင်နှင့် ဇော်ကြီးတို့ကို နားဝင်အောင် ရှင်းပြလိုက်ရသည်။

ထို့ပြင် မောင်လွင်က သူ မရှင်းတာကို ဦးဘကောင်းကို မေးလိုက်သည်။

"အခု ဒီပစ္စည်းတွေ ရှိနိုင်ပါဦးမလား၊ ဂျပန်တွေ ပြန်လာ ယူသွားပြီဆိုတာ မဖြစ်နိုင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ဘူး... ဘာဖြစ်လို့လဲဆိုတော့ ဦးကို အာရုံထဲမှာရော အိပ်မက်ထဲမှာပါ လူတစ်ယောက်က အမြဲလာပြောတာ ရှိတယ်"

"ဘာတွေ လာပြောတာလဲ ဦး..."

မောင်လွင် သိချင်ဇောနှင့် ဦးဘကောင်း ဆက်ပြောမယ့် စကားကို မစောင့်နိုင်ဘဲ အလျင်စလို မေးလိုက်မိသည်။ ထိုအခါ ဦးဘကောင်းက မောင်လွင်ရဲ့စိတ်ဝင်စားမှုကို အသိအမှတ်ပြုတဲ့ အနေနဲ့ မောင်လွင့်ကို ပြုံးပြလိုက်သည်။

"ဒီလို ငါ့တူ... အိပ်မက်ထဲမှာ လူတစ်ယောက်က ဦးကို ပစ္စည်းတွေ ပြန်လာယူပြီး ဘုရားမှာပြန်ဒေပ်ဖို့ လာလာပြောတာ သုံးလေးခါ ရှိပြီ၊ ပြီးတော့ လာခဲ့ရင်လည်း ဘာအန္တရာယ်မှ မရှိအောင် သူတို့တွေ စောင့်ရှောက်ပါမယ်လို့ လာလာပြီး ပြောတယ်၊ နောက်ပြီး ဂျပန်တွေလည်း မလာနိုင်တော့ပါဘူးတဲ့၊ သူတို့ အားလုံးသေကုန်ကြပြီလို့ ပြောတယ်၊ သူတို့ ညီနောင်တွေ ကလဲ့စားလိုက်ချေကြတယ်လို့ ပြောတယ်၊ ဖြစ်လဲဖြစ်နိုင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ အခုထိ ဂျပန်တွေ ပြန်သွားတာ မလာမှ မလာတော့ပဲ၊ ငါ့တူတို့လည်း ဦးပြောတာ ဘယ်လို သဘောရလဲ၊ ဦးတို့ကိစ္စ အောင်မြင်သွားရင် ဝေစုတစ်စုအနေနဲ့တော့ ငါ့တူတို့ ခံစားရမှာ





ပါ၊ ဒါပေမဲ့ ကတိသစ္စာတည်ဖို့တော့ လိုတယ်၊ လောဘမကြီးရဘူး၊ ကိုယ်နဲ့ အတူသွားတဲ့လူတွေအပေါ်မှာလည်း သစ္စာ မဖျက်ရဘူး၊ ဘယ်လိုလဲ... လိုက်နိုင်မယ် မဟုတ်လား"

ထိုအခါ မောင်လွင်နဲ့ ဖော်ကြီးက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ခေါင်းညိတ်လိုက်ကြတော့သည်။ ဦးဘကောင်းလည်း သူတို့နှစ်ဦးဆီမှ အဖြေရပြီဆိုတော့ ဝမ်းသာသွားလေတော့သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

# တစ်ခန်းရပ်ဇာတ်လမ်းလေး ပြန်စပြီ

မောင်လွင်လည်း သူတို့၏ဇာတ်လမ်းလေးပြောလို့ဆုံးသွားတော့ မောသွားသည်။ သူ့ဘေးတွင် ငုံ့ထားသော ရေနွေးခွက်လေးကို ကိုင်ကာ သောက်လိုက်သည်။ ပြီးနောက် ဇော်ကြီးက...

“ကျွန်တော်တို့ဇာတ်တော့ ပြောလို့ပြီးသွားပြီ၊ ကိုမောင်ချိုတို့ ဇာတ်လမ်းလေး လုပ်ပါအုံး”

ဇော်ကြီးက တောင်းဆိုလိုက်၍ မောင်ချိုနဲ့ ဇော်အောင်လည်း ဘာမှပြောလို့မရတာနဲ့ သူတို့၏ ဇာတ်လမ်းလေးကို ပြောပြကြတော့သည်။ သူတို့၏စကားဝိုင်းဖွဲ့တွင် သံလုံး တစ်ယောက်



သာ တစ်ယောက်ထဲဖြစ်နေသည်။ သူတို့၏အပေါင်းအသင်းများ တစ်ယောက်ပြီးတစ်ယောက် ပြောပြသွားသောဇာတ်ကိုတွေးပြီး လူငယ်လေးတွေရဲ့ဘဝမှာ မပြည့်စုံခဲ့သော ကိုယ့်အားကိုယ်ကိုးရတဲ့ဘဝပါလားလို့တွေးမိသည်။ သူကိုယ်တိုင်ကလည်း မပြည့်စုံခဲ့တော့ ရုန်းကန်လှုပ်ရှားခဲ့ရသည် မဟုတ်ပါလား။

ယခုဆိုရင် သူ၏ မိန်းမလည်း သူ့လို တွေးနေမလား... သတိကော ရရဲ့လားလို့ သံလုံးတစ်ယောက် တွေးနေမိသည်။ သံလုံးက အပေါင်းအသင်း လေးဦးနဲ့ ခပ်လှမ်းလှမ်းမှာ ထိုင်ကာ တွေးနေသောကြောင့် ဦးဘကောင်းက သူ့နားသို့လျှောက်လာခဲ့သည်။

ဦးဘကောင်း အနားသို့ရောက်သောအခါ သံလုံးက...

“ဦး... ဘာလုပ်ပေးရမလဲ၊ ဘာလိုချင်လို့လဲဟင်...”

“ဘာမှမလိုပါဘူး သံလုံး... မင်းက ဟိုအုပ်စုနဲ့ အတူတူ စကားမပြောဘူးလား...”

“ကျွန်တော် တစ်ယောက်ထဲ အေးအေးနေချင်လို့ပါ”

“ဘာလဲ အိမ်ကို လွမ်းနေပြီလား”

“မဟုတ်ပါဘူးဦးရယ်... ကျွန်တော်ရဲ့ဘဝကို ကျွန်တော် အားမရလို့ပါ”



www.burmeseclassic.com

www.burmeseclassic.com



“မောင်သံလုံး အခုချိန်ကစပြီး ဘာမှအားမငယ်နဲ့တော့ မကြာခင်ရက်အတွင်းမှာတို့ရဲ့ရည်မှန်းချက်တွေပြည့်တော့မှာပါ၊ တို့တွေရဲ့လုပ်ရပ်ကလည်း ကောင်းမှုတွေပါ၊ တို့တွေအားလုံးကို ဘုရားက စောင်မကြည့်ရှုမှာပါ၊ တို့တွေရဲ့အပြန်လမ်းဟာ အားလုံး ပျော်ရွှင်မှုတွေနဲ့ လိုအင်ဆန္ဒတွေ ပြည့်ဝပြီး ကျေနပ်နှစ်သိမ့်မှုတွေရကြတော့မှာပါ”

“ဟုတ်ကဲ့ပါ ဦး... ကျွန်တော် အားမငယ်ပါဘူး၊ ဦး ပြောတာကိုလည်း ကျွန်တော် မှတ်သားထားမှာပါ”

“အေး... အေး... ဒါဆို အိပ်တော့... အချိန်လည်း နှောင်းနေပြီ”

နာရီကိုကြည့်လိုက်သောအခါ ည ကိုးနာရီပင် ရှိနေပြီ၊ သူတို့အားလုံး တစ်ယောက်တစ်လှည့် ကင်းစောင့်ကာ အိပ်ကြလေတော့သည်၊

❖ ❖ ❖



## အခန်း (၁၅)

# အဝတ်ဖြူစင်နဲ့ အဘ

ညကိုးနာရီ...

ပတ်ဝန်းကျင်တစ်ခုလုံး မည်းမှောင်၍ တိတ်ဆိတ်နေသည်၊ မီးပုံနားတွင် သံလုံးနှင့် ဖော်ကြီးတို့နှစ်ယောက်ကတော့ ကင်းစောင့်နေကြသည်၊ ကျန်တဲ့လူများကတော့ အိပ်နေကြသည်၊ ထိုအခါ သံလုံးက မီးပုံထဲ ထင်းစကြီးတစ်စ ထည့်လိုက်သည်၊ ပြီးနောက် ရှေ့တည့်တည့်သို့ မမျှော်လင့်ဘဲ မျက်စိက အလိုလို ကြည့်ပြီးသား ဖြစ်သွားသည်၊ သံလုံး၏ ရှေ့ပေ ၅၀ လောက်အကွာတွင် အဖြူရောင်ဝတ်စုံဖြင့် ဝတ်ဆင်ထားသော လူတစ်ယောက်က သံလုံးကို လက်ယပ်ခေါ်နေသည်၊ ထိုအခါ

www.burmeseclassic.com

www.burmeseclassic.com



သံလုံးလည်း ၎င်းအဖြူရောင်ဝတ်စုံဖြင့် လူကို သေသေချာချာ ကြည့်လိုက်သောအခါအဝတ်ဖြူစင်နှင့်အဘိုးကြီးတစ်ဦးဖြစ်နေတာ တွေ့လိုက်ရသည်၊ သံလုံးလည်း ၎င်းလူ၏အနားသို့ ထလာခဲ့သည်။ အဝတ်ဖြူစင်ဝတ်ထားသော လူက သူ့အနားသို့ရောက်လာသော သံလုံးကို...

"ငါ့တူတို့ လုပ်ငန်းအောင်မြင်ပါလိမ့်မယ်၊ အဘက ငါ့တူတို့အားလုံးကို စောင့်ရှောက်နေတဲ့သူပါ... ငါ့တူတို့ရဲ့စိတ်ဓာတ်တွေကိုလည်း လေးစားပါတယ်... အခု အဘ ပြောတဲ့စကားကို သေသေချာချာ နားထောင်ပါ... ယုံယုံကြည်ကြည်လည်း လိုက်လုပ်ပေးပါ..."

ထိုအခါ သံလုံးလည်း အဝတ်ဖြူဝတ်ထားသော အဘရဲ့ ပြောစကားကို မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် စဉ်းစားနေမိသည်၊ ယခုလိုညမှာ ဘယ်က သူတော်စဉ်က ရောက်လာခဲ့ရတာလဲ... ဟုတ်မှ ဟုတ်ရဲ့လားလို့ တွေးမိသည်၊

ဒါပေမဲ့ ၎င်းအဘက ဘာပြောမလဲဆိုတာကို ဆက်ပြီး နားထောင်နေမိသည်၊ ဒါကြောင့် အဘပြောမယ့် စကားကို ထောက်ခံနားလည်သည့်သဘောဖြင့် ပြန်ပြောလိုက်သည်၊

"ဟုတ်ကဲ့ အဘ... ပြောပါ၊ ကျွန်တော် နားထောင်နေပါတယ်"

"တခြားတော့ မဟုတ်ပါဘူး... အဘက ဒီနယ်မြေမှာ နေလာခဲ့တာ နှစ်ပေါင်းရာချီကြာခဲ့ပါပြီ၊ လူလေးတို့ ရောက်လာမှပဲ အဘလည်းဝင့်ကြွတ်ချင်ပြီ၊ ဒါကြောင့် ငါ့တူတို့ကို အဘက အကူအညီတောင်းတာပါ၊ အဘရဲ့နာမည်က ဦးလူကလေးပါ... အဘက ဒီနယ်သားပါ၊ မမျှော်လင့်ဘဲ အမဲလိုက်ရင်း ဒီတောထဲမှာ ကံကုန်ခဲ့တာပါ၊ အဘဟာ ဒီတောထဲမှာ စောင့်ခဲ့တာ ရတနာတွေ ရှိသေးတယ်၊ အခု ငါ့တူတို့သွားယူမယ့် ဘုရားရဲ့ဌာပနာတွေ အပြင် ရှေ့ကို နည်းနည်းလျှောက်ပြီး သွားလိုက်ရင် ဘုရားပျက် တစ်ခုတွေ့ရလိမ့်မယ်၊ ၎င်းဘုရားပျက်ဟာလည်း ရှေးဟောင်း ဘုရားတစ်ဆူထဲမှာ တစ်ဆူပါ၊ ငါတယ်၊ ဒါပေမဲ့ ဘယ်သူမှ ပြန်လည်ပြုပြင်ဖို့ဝေးစွ၊ ရှောင်ရှားသွားကြတယ်"

"အေးလေ... တောထဲမှာဆိုတော့ ဘယ်သူကမှ ပြုပြင်ချင်မှာ မဟုတ်ပါဘူး၊ ဒါပေမဲ့ ဒီဘုရားမှာ ပျက်စီးနေလို့ ဌာပနာတွေတောင်ပေါ်နေပြီ၊ အဲဒါ လူလေးတို့ ၎င်းဘုရားဌာပနာကို ယူပြီး မြို့က တန်ခိုးကြီးဘုရားမှာ ပြန်လှူပေးပါလို့ ငါ့တူတို့ကို မှာချင်လို့ပါ၊ ဒီဘုရားနားရောက်ရင် ဆုတောင်းမေတ္တာပို့ပြီးမှ ဌာပနာတွေကို ယူပါ၊ မဟုတ်ရင် ဘုရားမှာစောင့်နေတဲ့ ငန်းမြွေတွေက







www.burmeseclassic.com

www.burmeseclassic.com



ပေါက်လိမ့်မယ်”

“ဘာဖြစ်လို့ဒီအကြောင်းတွေအဘက ငါ့တူကိုပြောနေရသလဲဆိုတာ ဌာပနာတွေပျက်စီးပြီ ၊အလဟဿ ဖြစ်မှာစိုးလို့ပါ၊ အဘကလည်း ကျွတ်ရိုန်တန်ပြီဖြစ်လို့ ငါ့တူတို့ကိုအကူအညီတောင်းတာပါ၊ ငါ့တူတို့လုပ်ငန်းအောင်မြင်ကြပါစေလို့ အဘ ဆုတောင်းမေတ္တာပို့ပါတယ်”

❖ ❖ ❖



အခန်း (၁၆)

# အိပ်မက်လေလား... တကယ်လား...

သံလုံးအိပ်ရာမှ လန့်နိုးသွားသည်၊ ဒါပေမဲ့ ပတ်ဝန်းကျင်မှာတော့ မည်းမှောင်နေသေးသည်၊ သူ၏ အနားတွင် စောင့်နေသော ဖော်ကြီးကို ကြည့်လိုက်တော့ ဖော်ကြီး အိပ်နေသည်၊ သူလည်း အိပ်ပျော်သွားသည် မဟုတ်ပါလား၊ အိပ်မက်ထဲမှာ အဝတ် ဖြူစင်နှင့်အဘကို တွေ့လိုက်ရ၍ အံ့ဩသွားသည်၊ တကယ်တော့ အဘကို သူ မအိပ်ခင်က တွေ့တာပါ၊ ဘာကြောင့် အိပ်ရာက လန့်နိုးပြီးမှ ပြန်သတိရနေတာလဲ၊

အိပ်မက်ထဲမှာ အဘက ဌာပနာတွေ ယူခိုင်းသည်၊ တကယ်ပဲ ၎င်းဌာပနာတွေ ရှိနေသေးရဲ့လား၊ ရှိနေသေးရင်လည်း

www.burmeseclassic.com

www.burmeseclassic.com



အဘပြောသလို တောထဲမှာ အလဲဟာသ အဖြစ်မခံနိုင်ဘူး၊ မြို့ကိုယူသွားရမှာပဲ၊ ဘာကြောင့်အဘက ငါ့ကို လာပြီးအိပ်မက်ပေးပြီး ပြောရတာလဲ၊ တခြားသူတွေကိုလည်း ပြောရင် ရသားပဲ၊

သံလုံးလည်း စဉ်းစားရင်း ဦးဘကောင်းဘက် လှည့်ကြည့်လိုက်သည်၊ ဦးဘကောင်းက တစ်ဖက်သို့လှည့်သွားသည်၊ နာရီကို ကြည့်လိုက်သောအခါ နံနက် ငါးနာရီ ထိုးနေပြီ၊ ဒီအချိန်ဆို အရက်တက်ဖြစ်နေတော့ နာနာဘာဝများ ပျောက်ကုန်ကြတဲ့အချိန် မဟုတ်ပါလား၊

မိုးလင်းဖို့ သိပ်မလိုတော့ပါ၊ အရှေ့နားမှာ အလင်းရောင်ဖျဖျလေး မြင်နေရပြီ မဟုတ်ပါလား၊ သူတို့ နားနေသော နေရာကလည်း တောစပ်နားဆိုတော့ အလင်းရောင်ကို ပိုပြီး မြင်ရလေသည်၊ မကြာခင်မှာပဲ ဦးဘကောင်းက နိုးလာသည်၊ ဦးဘကောင်းက နိုးနိုးချင်း သံလုံးကို တွေ့လိုက်ရ၍...

"သံလုံးညက မအိပ်ရဘူးလား"

"တစ်မှေးလောက်တော့ အိပ်ရတယ်၊ ဒါပေမဲ့ အိပ်မက်ထဲမှာ အလွန်ထူးဆန်းတဲ့ အိပ်မက်ဖြစ်တယ်"

"ဟေ... ဘာအိပ်မက်လဲ ပြောပါဦး၊ အိပ်မက်ထဲမှာ အဝတ်ဖြူစင်နဲ့အဘက ဘုရားဌာပနာအကြောင်း လာပြောတယ်"





ထိုအခါ ဦးဘကောင်းက လက်ကာပြကာ သူပဲ ဆက်ပြောလိုက်သည်၊

"ဘာလဲ အိပ်မက်ထဲမှာ အဘက တို့အခု သွားယူမယ့် နေရာရဲ့ ဟိုရှေ့နားမှာ ဘုရားပျက်တစ်ဆူ ရှိတယ်... ဌာပနာတွေပေါ်နေလို့ မင်းကို မြို့က တန်ခိုးကြီးဘုရားမှာ လှူခိုင်းတယ် မဟုတ်လား"

"အင်း...ဟုတ်တယ်..."

ဦးဘကောင်း ပြောပြသော အကြောင်းအရာမှာ သူမက်ခဲ့သော အိပ်မက်ထဲကအတိုင်း ဖြစ်နေ၍ သံလုံး မအံ့သြဘဲ မနေနိုင်တော့ပါ၊ ဦးဘကောင်းကိုလည်း ထူးဆန်းတဲ့လူတစ်ဦးလို ကြည့်နေမိသည်၊

ဦးဘကောင်းကလည်း ဒီအိပ်မက်မျိုး မက်တယ်ပေါ့ ဟုတ်လား၊

ထိုအခါ ဦးဘကောင်းက သံလုံးကိုကြည့်ပြီး ခေါင်းညိတ်ပြလိုက်သည်၊ ထိုအခါ ကျန်လူများ နိုးလာကြသည်၊ ဦးဘကောင်းနဲ့ သံလုံးတို့ စကားပြောနေကြတာ တွေ့၍ အနားသို့ ရောက်လာကြသည်၊ အနားသို့ ပထမဦးစွာ ဇော်အောင်က ရောက်လာသည်၊



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးတို့ ဘာဖြစ်ကြလို့လဲဟင်..."

ထိုအခါ ဦးဘကောင်းက...

"ဘာမှမဖြစ်ပါဘူး၊ သံလုံးရဲ့အိပ်မက် မက်တဲ့အကြောင်း ပြောပြနေလို့ နားထောင်နေတာပါ"

ဇော်အောင်က မနေနိုင်၍ သံလုံးဘက်လှည့်ကာ...

"ကျွန်တော်ကိုလည်း ပြောပြပါလား.... ကျွန်တော် စိတ်ဝင်စားလို့ပါ"

ထိုအချိန်တွင် ကျန်လူများကလည်း သံလုံးနားသို့ ဝိုင်းလာကြသည်၊ လူတွေအားလုံး စုံသွားလို့ သူမက်ခဲ့သော အိပ်မက်အကြောင်းကို ပြောပြလိုက်သည်၊ ထိုအခါ မောင်ချိုက ...

"ဒါဆိုရင် ကျွန်တော်တို့ ဒီဘုရားပျက်ကို ရှာကြရအောင်၊ ရှာပြီး သံလုံးပြောသလို အဘပြောသလို ဌာပနာတွေကို မြို့ကို ယူပြီး ဘုရားမှာ လှူပေးလိုက်ရအောင်"

ထိုအခါ သံလုံးက...

"ဘုရားပျက်ကိုပဲ အရင်ရှာပါဦး၊ တွေ့တော့မှ အအဘ ပြောသလို လုပ်ကြတာပေါ့"

သူတို့အားလုံး စကားအဆုံးသတ်ကာ ပစ္စည်းများ ဆက်သိမ်းရန် ထွက်သွားကြသည်၊ ဦးဘကောင်းကတော့ လူငယ်





လေးများ တက်ကြွရွှင်လန်းစွာ ပြောဆိုသွား၍ အားရကျေနပ်နေမိသည်၊

ယခုလို လူငယ်လေးတွေကို သူ ရွေးခေါ်လာခဲ့တာ သူ့အတွက် အားတစ်ခုရသလို လူငယ်လေးတွေကိုလည်း တက်ကြွစွာ အလုပ်လုပ်လိုစိတ်ဖြစ်အောင် ပြုပြင်ပေးမိ၍ ဝမ်းသာကြည်နူးမိပါသည်၊ ဦးဘကောင်း တွေးနေစဉ်...

"ဦးလေး ဘကောင်း... ဦးလေး... သွားကြမယ်၊ အားလုံး အဆင်သင့်ပဲ"

သံလုံးက ပြောလိုက်မှ ဦးဘကောင်းတစ်ယောက် အတွေးများကို ရပ်ကာ သူ့ရဲ့ကျောပိုးအိတ်ကို ကောက်လွယ်လိုက်လေသည်၊ သူတို့သွားရမယ့် မြွေခေါင်းပုံတောင်ကို မြင်နေရပြီ မဟုတ်ပါလား၊ ဒီနေ့တစ်နေ့ လျှောက်ရင်တော့ ညနေလောက်ဆို ရောက်တော့မည်ဟု ဦးဘကောင်းက မှန်းထားသည်၊

ဦးဘကောင်းက လူငယ်လေးတွေရဲ့နောက်မှ လိုက်နေခြင်းမှ ရှေ့ကိုကျော်တက်ကာ ရှေ့မှသွားနေသော ဇော်ကြီးရဲ့ နောက်မှ နေလိုက်သည်၊ ဇော်ကြီးက ရှေ့မှ ဓားတစ်ချောင်းကို ကိုင်ကာ ကိုင်းများ၊ ရွက်များကို ရှင်းရင်းဖြင့် ရှေ့မှ ဦးဆောင် သွားနေသည်၊ ထိုအခါ မမျှော်လင့်သောအသံတစ်ခုကို ကြားလိုက်မိ



www.burmeseclassic.com

www.burmeseclassic.com



သလို ဖြစ်မိသည်၊ ဒါပေမဲ့ မသေချာသေး၍ ဖော်ကြီးက နားကို အာရုံခံကာဖြည်းဖြည်းချင်း လျှောက်နေသည်၊ သူ့ရဲ့ခြေလှမ်းများ နှေးလိုက်သဖြင့် ကျန်လူများကလည်း နှေးသွားကြသည်၊

ထိုအခါ ဦးဘကောင်းက ဖော်ကြီးကို လက်ဖြင့်ပုတ်ကာ ဘာဖြစ်တာလဲ ဟူသော ပုံစံဖြင့် မေးဆတ်ပြလိုက်သည်၊

ဖော်ကြီးက ခေါင်းခါပြလိုက်သည်၊ သူတို့မှာ အသံတိတ်ဖြင့် ပြောနေကြသည်၊ ပတ်ဝန်းကျင်ကိုလည်း လေ့လာအကဲခတ်သလိုဖြင့် ကျန်လူများကပါ လိုက်ကြည့်နေသည်၊ ဒုတိယအကြိမ် ထပ်မံပြီး အသံတစ်ခု ကြားလိုက်ရပြန်သည်၊

"အား...ကျွတ်...ကျွတ်..."

ဒီတစ်ခါ ကြားလိုက်ရသောအသံမှာ ပိုပြီးနီးလာသလို အာရုံထဲမှာ ကြားလိုက်မိသည်၊ ၎င်းအသံကိုလည်း ကျန်လူများ ကပါကြားလိုက်ကြသည်၊

ထိုအခါ သံလုံးက...

"ဒါ...မိန်းကလေးရဲ့အသံပဲ၊ ဟုတ်မှ ဟုတ်ရဲ့လား"

သံလုံးက သူ့ဟာသူပြော၊ သူ့ဟာသူပဲ ကောက်ချက်ချ နေသည်၊ ကျန်လူများကလည်း သံလုံးပြောသလို သေချာအောင် နားထောင်ကြည့်သည်၊ အသံက ပျောက်သွားပြန်သည်၊ တစ်





ချက် တစ်ချက်တော့ ညည်းသံလိုလို ထပ်မံပြီး ကြားပြန်သည်၊ ထိုအခါ ဦးဘကောင်းက အသံလာရာသို့ နားစွင့်လိုက်သည်၊ ပြီး နောက် အသံနဲ့အနီးဆုံးနေရာသို့ရောက်အောင် နားစွင့်ပြီး သွား လိုက်သည်၊ ကျန်တဲ့လူများကလည်း ဦးဘကောင်း သွားရာ နောက်သို့ လိုက်နေကြသည်၊

သူတို့အုပ်စုများ အသံကို နားစွင့်ရင်း လိုက်လာလာ ကြတာ စမ်းချောင်းလေးတစ်ခုနားသို့ ရောက်လာကြသည်၊ ပြီး နောက် အသံကို ဆက်ပြီး နားထောင်သောအခါ အသံက တိတ် သွားပြန်သည်၊

အသံရှင်က အံကိုတင်းသလို ညည်းလိုက်ပြန်သည်၊ ဦးဘကောင်းက အသံရှင်ရော လူပါ တွေ့လိုက်ပါပြီ၊ စမ်းချောင်း နားတွင် ခွေကာလဲနေသော အမျိုးသမီးတစ်ဦး တွေ့လိုက်ရ သည်၊ အမျိုးသမီးရဲ့ အဝတ်အစားကို နောက်မှ မြင်လိုက်ရ၍ ကရင်လူမျိုးဆိုတာ သိလိုက်ရသည်၊ ကရင်အဝတ်အစားဖြင့် လဲ နေသော အမျိုးသမီးနားသို့ သူတို့ လျှောက်လာခဲ့ကြရာ အနားသို့ ရောက်သော် ဦးဘကောင်းက...

"မိန်းကလေး... ဘာအကူအညီ ပေးရမလဲ"

ထိုအခါ ကရင်မလေးက သူတို့အားလုံးကို မော့ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ကာ အံ့သြသောအမူအရာဖြင့် ပြန်ကြည့်လိုက်သည်၊ ဒါကို ဦးဘကောင်းက သိလိုက်သည်၊

"မိန်းကလေး ဦးတို့က လူကောင်းတွေပါ... ဦးတို့က ခရီးတစ်ခုသွားရင်း မိန်းကလေးရဲ့ညည်းသံကြားလို့ လာတာပါ"

ထိုအခါကျမှ မိန်းကလေးလည်း ဦးဘကောင်းရဲ့စကားကိုယုံပြီး သူမ အဖြစ်ကိုပြောပြလိုက်သည်၊

"ငါက ဒီစမ်းချောင်းရဲ့ အဆုံးနားက တဲမှာနေတယ်... ဖထီးအတွက် ဆေးမြစ်တစ်ခုလာရှာရင်း ဟိုမှာမြင်နေရတဲ့ ငုတ်ကို ဝင်တိုက်မိပြီး ခြေခေါက်လဲသွားတာပါ၊ ထလို့ မရတော့ဘူး၊ နင်တို့ ကူညီမယ်ဆိုရင် ကူပါအုံး"

ကရင်မလေးက တောထဲမှာ နေလာတာကြာလို့ စကားပြောတာ သိပ်အဆင်မပြေပါ၊ ဒါပေမဲ့ ကရင်မလေးက အသားအရေဖြူဖွေးသည်၊ ပါးနစ်ဖက်စလုံးလည်း နီညိုရှ်ဖောင်းကားပြီး ချစ်စရာလေးလို့ သံလုံးက ကောက်ချက်ချသည်၊

ဦးဘကောင်းက ကရင်မလေးနားသို့ လျှောက်လာပြီး ခြေခေါက်လဲသောနေရာကို ကြည့်လိုက်သည်၊ အဆက်နည်းနည်း လွဲသွားတာ သိလိုက်သည်၊ သူ့အနေနဲ့ကလည်း အကြောအကြောင်း နည်းနည်း နားလည်သည် မဟုတ်ပါလား၊ ခြေဆစ်





နားတွင် ကိုင်ကြည့်လိုက်သည်၊ ပြီးနောက် ညစ်ကြည့်လိုက်သည်၊

"အား... အား... နာတယ် အဘ..."

ကရင်မလေးက နာလွန်းလို့ ဦးဘကောင်းရဲ့လက်ကို ဖယ်ရန်အလုပ် ဦးဘကောင်းက ကျန်တစ်ဖက်ဖြင့် လက်ကို အမြန် ကိုင်လိုက်သည်၊ ကရင်မလေးရဲ့လက်က ဦးဘကောင်းရဲ့ တိုင်နေသောလက်သို့ မရောက်လိုက်ပါ၊ ထိုအခါ ဦးဘကောင်းက ထို အဆစ်လွဲနေသော နေရာရှိ အရိုးကို ဖိသလို နှိပ်လိုက်သည်၊

"အား... အား... အား..."

အသံရှည်ကြီးဖြင့် အော်ကာ ကရင်မလေးလည်း ခေတ္တမေ့သွားသည်၊ ကျန်တဲ့လူများ စိတ်ပူသွားကာ ကရင်မလေးကို ဝိုင်းပြီးကြည့်နေကြသည်၊ သတိရတဲ့အထိ ငြိမ်ကာ ကြည့်နေကြသည်၊ ဒါပေမဲ့ ကရင်မလေးကတော့ သတိမရပါ၊ ထိုအခါ ဦးဘကောင်းက ကရင်မလေးနားက ထကာ ပတ်ဝန်းကျင်ရှိ စမ်းချောင်းတစ်လျှောက် လျှောက်ကာ အရွက်တစ်မျိုးကို လိုက်ရှာနေတာ တွေ့ရသည်၊ ပြီးနောက် ကရင်မလေးနားသို့ ပြန်လာပြီး သစ်ရွက်ကြီးတစ်ခုပေါ်သို့ ပုံလိုက်သည်၊ ပြီးနောက် အိတ်ထဲမှ



www.burmeseclassic.com

www.burmeseclassic.com



ပတ်တီးလိပ်တစ်ခုထုတ်ကာ အနားမှာ ထားလိုက်သည်။

ထို့နောက် ခုနက ခူးလာသော အရွက်များကို လက်ပေါ်တွင် ဆုပ်နယ်လိုက်သည်။ ပြီး ... ကျောက်တုံးပေါ်တင်ကာ တခြားကျောက်တုံးလေးတစ်ခုဖြင့် ထုလိုက်သည်။ ကျေသွား လောက်မှ ၎င်းအရွက်များကို ဆုပ်ပြီး ကရင်မလေးရဲ့ခြေဆစ်ပေါ်သို့ အရည်များ ရသလောက် ညစ်ချလိုက်သည်။ ပြီးနောက် အပေါ်မှ ကျန်သော အရွက်များအုပ်မိုးကာ ပတ်တီးဖြင့် စည်းပေးလိုက်သည်။ အားလုံးပြီးသွားမှ ဦးဘကောင်းက နားလိုက်သည်။ ဦးဘကောင်းရဲ့ လုပ်ရပ်ကို သံလုံးတို့ မောင်ချို့တို့က ကြည့်ကာ အံ့သြနေကြသည်။

"ဦးဘကောင်းက ဒါလည်း ရတာပဲနော်..."

ဟု သံလုံးက စိတ်ထဲမှ ပြောနေမိသည်။

"ဦးလေး သတိရနိုင်ပါ့မလား"

"ရပါတယ်... နောက် ၁၅ မိနစ်ဆိုရင် သူ သတိရပါပြီ"

ဦးဘကောင်း ပြောသလိုပင် မကြာခင်မှာပဲ ကရင်မလေး လှုပ်လှုန့်လာသည်။ ညည်းသံလေးပါ ပါလာသည်။ ပြီးနောက် မျက်လုံးလေးပွင့်ကာ အားလုံးရဲ့အကြည့်တွေကို ခံစားလိုက်ရတဲ့အတွက် ကြောက်စိတ်ဖြင့် ထရန်ပြင်လိုက်သည်။





ခါပေမဲ့ မထနိုင်ပါ။ သူ့ရဲ့ခြေထောက်က မကောင်းသေး၍ ပြန်ထိုင်လိုက်ရသည်။

ထိုအခါကျမှ ခြေထောက်ကို သတိရ၍ ကြည့်လိုက်သည်။ ခြေထောက်တွင် ပတ်တီးစီးထားတာ တွေ့လိုက်ရ၍ အံ့သြသွားသည်။ ထိုအခါ ကရင်မလေးက...

"ဒါ နင်လုပ်တာလား..."

ဟု ဦးဘကောင်းကို လက်ညှိုးထိုးကာ မေးလိုက်သည်။

"ဟုတ်ပါတယ် ကလေးမ... မကြာခင် ကောင်းသွားလိမ့်မယ်၊ ခဏကြာရင် ကလေးမရဲ့အိမ်ကို ငါတို့ လိုက်ပို့ပေးမယ်"

ထို့နောက် ဦးဘကောင်းက သံလုံးကို ကြည့်ပြီး...

"မောင်သံလုံး မင်းက ဗလကောင်းတယ်... ကလေးမလေးကို ကုန်းပိုးပြီး လိုက်ပို့ပေးလိုက်ရအောင်... ဒီစမ်းချောင်းလေး အဆုံးဆိုရင် သိပ်မဝေးပါဘူး..."

"ရပါတယ် ဦးလေး... ကျွန်တော် သူ့ကို နိုင်ပါတယ်"

ထိုအခါ ကရင်မလေးက သံလုံးကိုကြည့်ပြီး ရှက်သွားသည့် ပုံဖြင့် ဟိုဘက်လှည့်သွားသည်။ ပြီးနောက် ...

"ရပါတယ်... ငါ့ဟာငါပဲ လျှောက်ကြည့်မယ်"

ထိုအခါ ဦးဘကောင်းက ဝင်ပြီးပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကလေးမလျှောက်လို့မဖြစ်ဘူး၊ အကြောကပြန်ဆက်ပေးထားတာ၊ ခဏတော့ ငြိမ်ငြိမ်လေး နေနေရမှာ၊ အဘရဲ့ ကောင်လေးတွေကို အားနာဖို့ မလိုပါဘူး"

ကရင်မလေးလည်း ဘာမှ ဆက်ပြီး မပြောတော့ပါ။ ဦးဘကောင်းရဲ့စကားကိုမလွန်ဆန်နိုင်လို့ငြိမ်ပြီးနေလိုက်ရသည်။

သံလုံးလည်း ကရင်မလေးကိုကုန်းပိုးရမည်ဆို၍ ကရင်မလေးနားသို့ သွားကာ ကျောလှည့်ပေးလိုက်သည်။ ကရင်မလေးက သံလုံးရဲ့ ကျောကုန်းပေါ်သို့ ပိုးလိုက်သည်။ သံလုံးကလည်း ကရင်မလေး ကျောကုန်းပေါ်သို့ရောက်၍ ထလိုက်သည်။ သံလုံးအနေနဲ့ ကရင်မလေးရဲ့ကိုယ်လုံးလေး သေးသိမ်၍ပေါ့ပေါ့လေးလို ခံစားလိုက်ရသည်။ သံလုံးရဲ့ ကျောပိုးအိတ်ကို မောင်ချိုကသယ်ပေးလိုက်သည်။

သူတို့အားလုံး ကရင်မလေးပြသော လမ်းအတိုင်း လျှောက်လာခဲ့ကြ၍ သူတို့သွားမည့် မြွေခေါင်းပုံတောင်နှင့် နီးသလို ဖြစ်နေသည်။ ဦးဘကောင်းက ကရင်မလေးနားသို့ လျှောက်လာပြီး...

"ကလေးမ... ဟိုမှာမြင်နေရတဲ့တောင်ကို ဘယ်လောက်ကြာကြာသွားရအုံးမလဲ"





ကရင်မလေးက...

"ကျွန်မတို့ တဲနဲ့ဆို သိပ်မဝေးပါဘူး၊ ဟိုရောက်ရင် အစ်ကိုတို့အားလုံးကို ဖထီးကတွေ့ရင် ခင်မှာပါ၊ ပြီးရင် ငါက နင်တို့သွားချင်တဲ့တောင်ကို ဖထီးကို လိုက်ပို့ခိုင်းမယ်နော်"

ကလေးမလေးရဲ့ ကျေးဇူးတရားကို ပထမဦးဆုံး ကြားသိလိုက်ရတဲ့အတွက် ဦးဘကောင်း ကျေနပ်မိသည်။ သူတို့အားလုံး ကရင်မလေးပြသော လမ်းအတိုင်း လျှောက်နေကြသည်။ သိပ်မကြာပါ မိနစ်နှစ်ဆယ်လောက်သာ လျှောက်ရသည်။ တဲလေးတစ်လုံး တွေ့ရသည်။ ရေစပ်လေးနဲ့ သိပ်မဝေးပါ။ တဲ၏ဘေးနားတွင် စမ်းချောင်းလေးရှိသည်။ ကရင်ရွာနဲ့တော့ နည်းနည်းဝေးပုံရသည်။ ပတ်ဝန်းကျင်မှာတော့ ကရင်မလေးပြသော တဲလေးတစ်လုံးသာ ရှိသည်။ ဘာကြောင့်များ ဒီတောထဲမှာ မိသားစုတစ်စု ခွဲထွက်ပြီးနေရတာလဲ မသိဘူး။ ဦးဘကောင်း တွေးနေမိသည်၊ နောက်မှပဲ မေးကြည့်တော့မည်ဟု စိတ်ထဲမှ တေးရင်း သူတို့အားလုံး တဲနားသို့ ရောက်လာခဲ့သည်။

ထိုအခါ ကရင်မလေးက...

"ဝေ့... ဖထီး... အမိုး..."

"ဖထီးရေ... အမိုးရေ..."



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ တဲထဲမှ ကရင်အဖိုးကြီးနှင့် ကရင်မကြီးတစ်ဦး ထွက်လာသည်။ သူ့နောက်မှ ကရင်လေးတစ်ယောက်ပါ ထွက်လာသည်။ ကရင်အဖိုးကြီးက ...

"နင်ဘယ်လိုဖြစ်လာတာလဲ ဝေ့... ဘာဖြစ်လို့ လူကို စီးလာရတာလဲ"

"ဟာ... ဖထီးကလည်း ငါ့ခြေထောက် ခေါက်သွားလို့၊ အဲဒီအဘတို့နဲ့တွေ့ဆေးလိမ်းပေးထားတယ်"

"အေး... ကျေးဇူးတင်တယ် ဝေ့၊ ငါ့သမီးကို ယခုလိုဆေးလိမ်းပေးတာ"

ဖထီးက စကားပြောနေရင်း ဦးဘကောင်းကို ကျေးဇူးတင်စကား ပြောလိုက်သည်။ ထိုအခါ အမိုးက ...

"သမီး နင်ဆင်းတော့လေ၊ ကောင်လေး သနားစရာကြီး"

"ဩော်... ဟုတ်သားပဲ၊ ငါလည်း မေ့သွားလို့ပါ"

ထိုအခါ သံလုံးကလည်း ကရင်မလေးကို ကုန်းပိုးလျှက်သား စကားနားထောင်နေမိသည်။ ကရင်မလေးကို အောက်သို့ ချဖို့မေ့သွားသည်၊ တကယ်တော့ သံလုံးက ကရင်မလေးရဲ့ကိုယ်လုံးကို ကုန်းပိုးပြီး နေနေရတာ သူ့ရင်ထဲမှာ တစ်မျိုးခံစားလိုက်ရသည်။ ငှင်းခံစားချက်ကြောင့်ပဲလား၊ သူလည်း အောက်သို့ချဖို့





မေ့နေမိသည်။

ဦးဘကောင်းလည်း ကရင်အဖိုးနဲ့ အဖွားကိုကြည့်ပြီး အသက်တွေကတော့ တော်တော်ကြီးကြပြီပဲ၊ ဘာကြောင့်များ တောထဲမှာ လာနေရတာလဲ မသိဘူး။ တွေးရင်း စကားစပ်ကာ...

"ဒါနဲ့ ဖထီးတို့က ဘာဖြစ်လို့ ရွာနဲ့ဝေးပြီး ဒီမှာ လာနေရတာလဲ၊ ပြီးတော့ သမီးတွေ၊ သားတွေက မပြောဘူးလား"

"ဖထီးတို့က မုဆိုးတွေလေ... တောလိုက်ရင်း တောထဲမှာနေတာ သဘာဝကျပါတယ်၊ ပြီးတော့ ရွာနဲ့လည်း သိပ်မဝေးပါဘူး၊ နေ့ဝက်လောက်သွားရင် ရောက်ပြီပဲ၊ ဖထီးတို့က လူတွေနဲ့ နီးနီးသိပ်မနေချင်လို့ပါ၊ လူတွေက သစ္စာမရှိကြဘူး၊ အနိုင်ကျင့်တာ များတယ်၊ ဒါကြောင့် ဖထီးတို့ လူတွေနဲ့ဝေးတဲ့ ဒီတောထဲမှာ လာနေတာပေါ့..."

ဦးဘကောင်းလည်း ဖထီးပြောသောစကားကို လက်ခံသည်။ သူ ကိုယ်တိုင်ကလည်း လူတွေနဲ့ မနေချင်လို့ ဘုရားတွေမှာ လိုက်နေခဲ့သည် မဟုတ်ပါလား။ ဖထီးကိုသူ ကိုယ်ချင်းစာမိသည်၊ ဖထီးပြောသောစကားကိုလည်း သူလက်ခံမိသည်၊ ယခုလည်း ဒီကောင်လေးတွေကို ခေါ်ပြီးလာတာကလည်း အများအကျိုးအတွက် သူက လုပ်ဆောင်ပေးခဲ့သည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းစဉ်အောင်မြင်သွားရင် သူတို့လေးတွေလည်း အကျိုးအမြတ်ရ၊ ပစ္စည်းတွေလည်း သူနေရာသူ ပြန်ရောက်ဟူသော သဘောဖြင့် သူက စီစဉ်ခဲ့သည်။

ဖထီးပြောသလိုပဲ လူတွေဟာ သစ္စာမရှိကြဘူးဆိုတာ လက်ခံသည်။ ယခုလည်း ကောင်လေးတွေကို သူကြည့်ရဦးမည်။ ပစ္စည်းတွေမြင်ရင် သူတို့လေးတွေရဲ့စိတ်ထားလေးတွေ သိလာရမှာပါ။ အဲဒီအချိန်ကို သူစောင့်နေရမှာပေါ့။

ထိုအခါ ကရင်မလေးက...

"အစ်ကိုတို့ လာလေ အထဲမှာ လာထိုင်ပေါ့။ ခဏနားကြပါဦး"

ကရင်မလေးက ပြောနေစဉ် တဲအတွင်းမှ ကရင်မကြီးက ရေနွေးကရားနှင့် ဆတ်သားခြောက်ဖုတ်ကို ပန်းကန်ပြားတွင်ထည့်ကာ လာချပေးသည်။ ပြီးနောက် ...

"လာ လူလေးတို့... ရေနွေးလာသောက်ပါ၊ တောထဲမှာကတော့ ဆတ်သား၊ ဂျီသားပဲ ရတယ်၊ ရေနွေးနဲ့သောက်ပါ"

ထိုအခါ သံလုံးက ...

"ရပါတယ်... အမိုးရယ်၊ ဒီလောက်ရတာပဲ ကျေးဇူးတင်လှပြီ၊ ကျွန်တော်တို့လည်း ဆာနေလို့ အဝစားမှာနော်"





ထိုအခါ အမိုးက သံလုံးကို လက်ညှိုးထိုးကာ ...

"နင်က ပိုစားပေါ့... အမိုးသမီးကို ထမ်းလာရတာ မောနေမှာပေါ့"

ထိုအခါ သံလုံး ကရင်မလေးဘက်သို့လှည့်ကာ ကြည့်လိုက်သည်။ ကရင်မလေးကလည်း အမိုးရဲ့ပြောစကားကြောင့် သံလုံးဆီသို့ အကြည့်ချင်း ဆုံသွားသည်။ နှစ်ဦးစလုံး ရင်ထဲ ခုန်သွားကြသည်။ ထိုအခါ ကရင်မလေးက တစ်ဖက်သို့ မျက်နှာလွှဲလိုက်သည်၊ ထိုအခါ ဦးဘကောင်းက သူတို့နှစ်ဦးကိုကြည့်ပြီး သဘောပေါက်လိုက်သည်။

ကရင်မလေးက ရှက်ပြီး ထပြေးမယ်လုပ်တုန်း ခြေထောက်က နာနေ၍ ဒီအတိုင်းဆက်ပြီး ထိုင်နေလိုက်ရသည်။ ထိုအဖြစ်အပျက်ကို သံလုံးက မြင်လိုက်ရ၍ ကရင်မလေးရှက်နေမှာစိုးတဲ့အတွက် သူ့ဘက်သို့ လှည့်မကြည့်တော့ဘဲ တခြားဘက်သို့ ပတ်ဝန်းကျင်ကို ကြည့်နေလိုက်သည်၊

ကရင်မလေးတို့ရဲ့ ပတ်ဝန်းကျင်မှာက အရမ်းအေးချမ်းလှသည်။ အရှေ့ဘက်မှာဆို တောင်တန်းကြီးတွေက သွယ်တန်းကာ မျက်စိတစ်ဆုံးပဲ၊ အနောက်ဘက်နှင့် တောင်ဘက်မှာတော့ တောကြီးဆိုတော့ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ် နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အိမ်ပတ်ဝန်းကျင်တစ်ဝိုက်သာ ခြံလေးခတ်ထားတော့ နေချင်စဖွယ်လေးဖြစ်မိသည်။ ကရင်အိမ်လေးဆိုတော့ တောထဲမှာ ဆောက်ထားသည့်အတွက် မပြည့်စုံပါ။ မိသားစု လေးလောက်ထဲဆိုတော့ ဖြစ်သလိုပဲ၊ လုံရင်ပြီးရော သဘောပဲ ဆောက်ထားသည်။ အိမ်ရဲ့မြောက်ဘက်မှာတော့ စမ်းချောင်းလေးရှိသည်။ ရေစီးသံက အမြဲတမ်းကြားနေရသည်။ ငှင်းရေစီးသံကလည်း သံလုံးကြားရသည်မှာ ဂီတသံတစ်ခုလို ညီညာသော သံစဉ်လေးတစ်ခု ကြားရသလိုပဲ။

ထိုအခါ အနားတွင် ထိုင်နေသော ဦးဘကောင်းက ...

"လူလေး... စားလေ၊ ဘာငေးနေတာလဲ"

သံလုံးလည်း ဦးဘကောင်းရဲ့ပြောစကားကြောင့် မလုံမလဲဖြစ်ကာ ...

"ဟုတ်ကဲ့ ဦးလေး... စားပါ့မယ်"

ဟုပြောပြီး ဆတ်သားခြောက်တစ်ခု ကောက်ယူပြီး ရှက်ကိုးရှက်ကန်းဖြင့် ထိုင်ရာမှ ထလိုက်သည်။ ပြီးနောက် စမ်းချောင်းနားသို့ လျှောက်သွားသည်။ စမ်းချောင်းလေးကလည်း အိမ်နဲ့ သိပ်မဝေးပါ။

သံလုံးထသွားတာ ကရင်မလေးက လိုက်ကြည့်နေ





သည်။ သူ့အတွက်ကြောင့် သံလုံးလည်း နေမထိ ထိုင်မသာ ဖြစ်နေတယ်ဆိုတာ တွေးမိသည်။ သံလုံး သွားရာနောက်သို့ လိုက်ကြည့်နေသည်။ ဒါကို မောင်ချိုက မြင်လိုက်သည်။ သူ့နားတွင် ထိုင်နေသော မောင်လွင့်ကို လက်ကုတ်ပြီး မေးဆတ်ပြလိုက်သည်။

မောင်လွင်က ပြုံးကာ ခေါင်းညိတ်ပြလိုက်သည်။ ကရင်အဖိုးကြီးက ဦးဘကောင်းကို ကြည့်ပြီး...

"နင်တို့က ဒီတောထဲကို ဘာလာလုပ်ကြတာလဲ၊ ခရီးသွားတွေလား"

ကရင်အဘိုးကြီးက ခရီးသွားတွေလားလို့ မေးရခြင်းမှာလဲ သူ့အမဲလိုက်တုန်းက ခရီးသွားများ ခဏခဏ ကြုံဖူးခဲ့သည် မဟုတ်ပါလား။ ဒီလမ်းကလည်း ဟိုဘက်နိုင်ငံ (ယိုးဒယား)သို့ လမ်းပေါက်၍ ခရီးသွားနေကြသည် မဟုတ်ပါလား။

ထိုအခါ ဦးဘကောင်းကလည်း ကရင်အဖိုးကြီး ပြောသော စကားကိုနားလည်၍...

"ဟုတ်ကဲ့ ဖထီး ဆိုပါတော့... ဒါပေမဲ့ ကျွန်တော်တို့က ဟိုမှာ မြင်နေရတဲ့ မြွေခေါင်းပုံတောင်ကို သွားမလို့ပါ"

ကရင်အဖိုးကြီးလည်း ဦးဘကောင်း လက်ညှိုးညွှန်ပြ



www.burmeseclassic.com

www.burmeseclassic.com



သော တောင်သို့ ကြည့်လိုက်သည်။ ပြီးနောက် ခေါင်းတညိတ်ညိတ်ဖြင့် ဦးဘကောင်းဘက်သို့လှည့်ကာ...

"နင်တို့ဒီတောင်ကို ဘာသွားလုပ်မလို့လဲ၊ အဲဒီနေရာက မကောင်းဆိုးဝါးတွေ အရမ်းပေါ်တာ၊ ခရီးသွားတွေလည်း ဒီတောင်နားကို ရောက်ရင် အသံမျိုးစုံကြားရတယ်၊ လူမျိုးစုံ မြင်ရတယ်လို့ ပြောတယ်၊ တစ်ခါတလေ အသံတွေက တစ်မျိုးပဲလို့ ပြောကြတယ်"

ထိုအခါ ဦးဘကောင်းက စိတ်ဝင်စား၍...

"ဘယ်လိုအသံမျိုးလဲ ဖထီး"

ကရင်အဖိုးကြီးက ဦးဘကောင်းမေးသော မေးခွန်းကို ဖြေဖို့ စဉ်းစားလိုက်သည်။ သူကိုယ်တိုင်လည်း တစ်ခါ ကြုံခဲ့ဖူးသည် မဟုတ်ပါလား၊ ထိုသို့ဖြင့် ဖထီးက...

"ဒီလို မောင်ရင်တို့... သူများတွေတော့ ဒီတောင်နားကို ရောက်ရင် ဘယ်လိုအသံမျိုးတွေ ကြားလဲတော့ မသိဘူး၊ ဖထီးကိုယ်တိုင်ကြားတာကတော့ ကရင်အဖိုးကြီးက သူကြားခဲ့ရသော အသံကို ပြောပြလိုက်ပုံကတော့...

❖ ❖ ❖



အခန်း (၁၄)

# တောခြောက်တာလား... ရေလား...

ဒီနေ့ ဖထီးတစ်ယောက် အမဲလိုက်ဖို့ အိမ်ထဲမှ ပစ္စည်းမျိုးစုံ စုနေသည်။ ပြီးနောက် ကျောပိုးအိတ် အဟောင်းလေး တစ်လုံးလည်း ဘေး၌ စုပုံထားသည်။ ဒူး၊ မြား၊ သေနတ်တစ်လက်လည်း ပါသည်၊ ဓားမြှောင်တိုတစ်လက်၊ ဓားရှည်တစ်လက်လည်းပါသည်၊ ကရင်အဖိုးကြီးက ပစ္စည်းများ အားလုံး စုပုံပြီးလို့ စုံပြီးဆိုမှ အားလုံးကို သူတို့ရိုးရာ ခေါင်းရင်းရှေ့ရှိ ပုံတော်တစ်ခုနားသို့ယူလာသည်၊ ပြီးနောက် လက်နှစ်ဖက်ကို ရင်ဘတ်တွင် ကပ်ကာ ပါးစပ်မှလည်း တတွတ်တွတ်ဖြင့် ဆုတောင်းနေသည်၊ ဆယ်မိနစ်ခန့် ပြောပြီးနောက် ဆုတောင်းမှုအားလုံး ပြီးဆုံးသွား

www.burmeseclassic.com

www.burmeseclassic.com



သည်၊ သူတို့၏ ရိုးရာပုံတော်ရှေ့ရှိ အမဲလိုက်ပစ္စည်းများကို အိတ်ထဲသို့ တစ်ခုချင်း ကောက်ထည့်လိုက်သည်၊ ဒူးလေးကိုတော့ ကျောနောက်တွင် သိုင်းကာ လွယ်လိုက်သည်၊ ဓားမြှောင်တိုကိုတော့ ခါး၌ပတ်ထားသော ခါးပတ်ရှိ ဝါးအိမ်ထဲသို့ ထည့်လိုက်သည်၊ ဓားရှည်ကိုတော့ လက်ထဲမှာ အသင့်အနေအထားဖြင့် ကိုင်ထားလိုက်သည်၊ ပြီးနောက် အိမ်ထဲမှထွက်ကာ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်သည်၊

သူ၏ မိန်းမ အမိုးကို အိမ်ဘေးရှိ ကြက်ကလေးများ မွေးထားသော ခြံနားတွင် တွေ့လိုက်ရသည်၊ ထိုအခါ ကရင်အဖိုးကြီးက...

"ဝေ့...အမိုး...အမိုးရေ..."

ထိုအခါ ကရင်မကြီးက သူ၏ ယောကျ်ား အော်ခေါ်နေသော အသံကိုကြား၍ လှည့်မကြည့်ပါ၊ ဘာကြောင့်လဲဆိုတော့ ဒီအချိန်ဆို တောထဲသွားတော့မည်ဆိုတာ သိပြီးသားမို့ လှည့်မကြည့်ဘဲ...

"ဝေ့...ဒီမှာ ငါရှိတယ်..."

"အေး...ငါ တောထဲ သွားတော့မလို့..."

"သွား... သွား... ကောင်းကောင်းသွားနော်၊ မိုးမချုပ်စေနဲ့"





"အေး...အေး..."

ကရင်အဖိုးကြီးလည်း နှုတ်ဆက်ပြောဆိုပြီး တောထဲသို့ ထွက်လာခဲ့တော့သည်၊ ကရင်အဖိုးကြီးက သူတို့တောထဲသို့ ရောက်နေတာ တစ်လကျော်ကြာခဲ့ပြီ၊ ရွာထဲမှာ မနေချင်လို့ ဒီတောထဲမှာ သူတို့မိသားစုတစ်စုတည်း ခွဲထွက်ကာ လာနေခြင်းဖြစ်သည်၊ သူ့အနေနဲ့ ဒီနေ့တော့ တောထဲသို့ ထွက်ထွက်နေပေမယ့် ဟိုးအဝေးမှာ မြင်နေရတဲ့ မြွေခေါင်းပုံတောင်ဘက်ကိုတော့ သူ မရောက်ဖြစ်ခဲ့ပါ... မြင်နေတွေ့နေတာတော့ ကြာခဲ့ပါပြီ... ဒါပေမဲ့...

ဒီနေ့တော့ သူ ရောက်အောင်သွားမည်ဟု ဆုံးဖြတ်လိုက်သည်၊ ကရင်အဖိုးကြီးလည်း ဝင်းတောင်နားသို့ တဖြည်းဖြည်းချင်း ပတ်ဝန်းကျင်ကို နားစွင့်ရင်းလာခဲ့သည်၊ တောင် နားသို့မရောက်မီ သူ၏ ရှေ့တည့်တည့်မှ လူတစ်ယောက်ဟု ထင်ရသောသူတစ်ဦး ထွက်ပြေးသွားတာ တွေ့လိုက်ရသည်၊ ကရင်အဖိုးကြီးနဲ့က ဝင်းလူက သိပ်ပြီး မဝေးပါ၊

နောက်ကနေဆိုတော့ လူလို့ထင်ရပေမယ့် သိပ်ပြီးတော့ မသဲကွဲပါ၊ ဒါကြောင့် ကရင်အဖိုးကြီးလည်း ဝင်းလူနောက်သို့ နောက်ယောင်ခံလိုက်သွားခဲ့သည်၊ ဝင်းလူကလည်း [illegible]

www.burmeseclassic.com



ကြောင်းသာ ပြကာ ပျောက်သွားသည်။ ကရင်အဖိုးကြီးလည်း သိပ်ပြီးမကျေနပ်ပါ။ မြင်တွေ့လိုက်ပါလျှက်နဲ့ ပျောက်သွားတဲ့ အတွက် ဒေါသထွက်သွားသည်။ ဒါနဲ့ ၎င်းလှုပြေးသွားသော လမ်းကြောင်းအတိုင်းလိုက်ခဲ့ရာ တောင်ကမူလေး၊ တောင်ကမူလေး ဆိုပေမယ့် ကျောက်တောင်လေးတစ်ခုဆိုရင် ပိုပြီး မှန်လိမ့်မည်။ ၎င်းနားတွင် အရိပ်လိုထပ်တွေ့ပြီး လုံးဝပျောက်သွားတာ တွေ့လိုက်ရသည်။

ကရင်အဖိုးကြီးလည်း သူ၏ မျက်စိရှေ့ကျောက်တောင်နားတွင် လူရိပ်လိုလို သေသေချာချာ တွေ့ပြီးမှ ပျောက်သွားတဲ့ အတွက် စိတ်ထဲမှာတော့ နည်းနည်းတုန်လှုပ်သွားသည်။ ဒါပေမဲ့ သူ မကြောက်တတ်ပါ။ သူ့အနေနဲ့ တောထဲမှာ အမဲလိုက်ခဲ့တာ ကြာခဲ့ပြီ မဟုတ်ပါလား။ ဒါမျိုးတွေက ရိုးနေပါပြီ။ ဒီလိုမျိုး တောချောက်တာလောက်ကတော့ စိတ်ထဲမှာ ဘာမှမဖြစ်ပါ။ ပြီးတော့ သူ့ကိုလည်း ဘာအန္တရာယ်မှ မပေးတဲ့အတွက် မကြောက်ခဲ့ပါ။ ဒီနေရာမှာ အခြားလူသာဆိုရင်တော့ ကြောက်ခဲ့မှာ အမှန်ပါ။ ကရင်အဖိုးကြီး အတွေးလွန်နေစဉ်...

"ကျွန်တော်တို့ကို ကယ်ပါ...ကယ်ပါ...ကယ်ပါ..."

ဒီတစ်ခါတော့ ကရင်အဖိုးကြီး သူ့နားနဲ့ ဆတ်ဆတ်ကြား





လိုက်သည်။ ခုနက ပျောက်သွားတဲ့သူများ အကူအညီ တောင်းတာလားဆိုပြီး ကျောက်တောင်နားသို့ကပ်ပြီး ရှာကြည့်မိသည်။ ဒါပေမဲ့ ဘာမှမတွေ့ပါ။ ဒုတိယအကြိမ်ထပ်မံပြီး...

"ကယ်ကြပါ...ကယ်ကြပါ...ကယ်ကြပါ..."

ဒီတစ်ခါတော့ အသံဩဩဖြင့် လူများဝိုင်းအော်သော အသံဖြစ်နေသည်။ တစ်ယောက်ထဲတော့ မဟုတ်တော့ဘဲ အများက ဝိုင်းအော်သောအသံဖြစ်နေ၍ ထူးဆန်းတာတော့ အမှန်ပဲဟု တွေးရင်း ကရင်အဖိုးကြီး ပတ်ဝန်းကျင်ကို လေ့လာလိုက်မိသည်။ ဘာမှတော့ မတွေ့ပါ။

ဒီတစ်ခါ အမဲလိုက်ထွက်ခဲ့တာ အခုထိ ဘာမှမရသေးဘဲ ကယ်ပါ ဟုသာ အသံကြားခဲ့ရသည်။ ဒါနဲ့ ကရင်အဖိုးကြီးလည်း ကြောက်စိတ်တော့ မဖြစ်မိပါ။ ကရင်လို စကားဖြင့် တစ်မျိုး၊ မြန်မာလိုတစ်မျိုး မေတ္တာပို့လိုက်သည်။

"ယခု အော်ဟစ်နေကြသူအပေါင်းတို့... မင်းတို့ရဲ့ ဒုက္ခကို ဖထီးတစ်နေ့ လာပြီး မေတ္တာပို့ပေးပါ့မယ်၊ အခုတော့ ဖထီးလည်း ဘာမှမတတ်နိုင်လို့ ခွင့်လွှတ်ပါ... အခုထိ ဖထီးမှာလည်း စားစရာ ဘာကောင်မှ မရသေးတော့ မင်းတို့ကိုလည်း မကျေးနိုင်ခဲ့ဘူး... နောက်တစ်ခေါက်လာမှပဲ မင်းတို့ကိုလာကြွေးပြီး



www.burmeseclassic.com

www.burmeseclassic.com



အမျှတန်းဝေပေးပါ့မယ်..."

ဟုပြောပြီး ကရင်အဖိုးကြီးလည်း ၄င်းတို့နားမှ ပြန်လာခဲ့သည်၊ အပြန်တွင် ကရင်အဖိုးကြီး လမ်းတစ်လျှောက် စဉ်းစားရင်း လျှောက်လာခဲ့သည်၊ သူပြန်သောလမ်းတွင် ဂျီပေါက်လေးဖိုမ နှစ်ကောင်က သူ့ကို စိုက်ကြည့်နေသည်၊ ဂျီပေါက်လေးနှစ်ကောင်မှာ ခုမှ လသားလေးသာရှိမည်ဟု ထင်ရသည်၊ ထွက်မပြေးဘဲ ကရင်အဖိုးကြီးလာလမ်းတွင် စောင့်နေသလိုဖြစ်နေသည်၊

ဒါနဲ့ ကရင်အဖိုးကြီးလည်း ၄င်းဂျီပေါက်လေးနှစ်ကောင်ကိုကြိုးဖြင့် လည်ပင်းကိုချည်ကာ ဆွဲလာခဲ့တော့သည်၊ ဂျီပေါက်လေးနှစ်ကောင်လည်း ကရင်မှဆိုးကြီး ခေါ်ရာနောက်သို့ တန်းတန်းမတ်မတ် လိုက်လာခဲ့တော့သည်၊

ကရင်အဖိုးကြီးက သူ တွေ့ကြုံခဲ့ရသော အသံကိုဦးဘကောင်းတို့ကို ပြောပြယင်း၊ သူ လက်ညှိုးညွှန်ပြလိုက်သည်၊ ကရင်အဖိုးကြီး လက်ညှိုးညွှန်ပြရာသို့ ဦးဘကောင်းက လှမ်းကြည့်လိုက်သောအခါခြံတစ်ခုထဲတွင် ဂျီလေးငါး ခြောက်ကောင်ကို တွေ့လိုက်ရသည်၊

ထိုအခါ ကရင်အဖိုးကြီးက ...





"အဲဒီဂျီကောင်လေးတွေက ဖထီး တောထဲက္ခ ရလာတဲ့ ဂျီနှစ်ကောင်ကနေ ပွားလာတဲ့ ဂျီလေးတွေပဲ..."

ဦးဘကောင်းလည်း ခေါင်းတညိတ်ညိတ်ဖြင့် ဖထီးကို ကြင်နာသောအကြည့်ဖြင့် ကြည့်လိုက်သည်၊ မှဆိုးဆိုပေမဲ့ ကြင်နာတတ်သော မှဆိုးဟု သူ့ရဲ့စိတ်ထဲမှာ တေးလိုက်မိတော့သည်၊

အနားတွင် တစ်ချိန်လုံး နားထောင်နေကြသော မောင်ချို၊ ဇော်အောင်တို့က ကရင်အဖိုးကြီးရဲ့ တွေ့ကြုံခဲ့ရသော ဖာတ်လမ်းကို အံ့သြကာ စိတ်ထဲမှာရှိနေစဉ် မောင်လွင်က ...

"ဒါနဲ့ ဖထီးက နောက်တစ်ခေါက် အဲဒီနေရာကို ထပ်သွားသေးလား"

"သွားတာပေါ့..."

"ဘာများ ထူးခြားတာ တွေ့သေးလဲ"

"ဘာမှတော့ မတွေ့ပါဘူး... ဖထီးက စားစရာတွေ ယူသွားပြီး အဲဒီနားမှာ စွန့်ကြဲလိုက်တယ်လေ၊ အဲ... ဒါပေမဲ့ ထူးခြားတာတော့ တစ်ခုရှိတယ်၊ ဒါကလည်း အိပ်မက်ထဲမှာ လူတစ်ယောက် လာပြောတယ်"

"ဘာများလဲ ဖထီး..."



www.burmeseclassic.com

www.burmeseclassic.com



မောင်ချို့က ကြားချင်လွန်းလို့ ကြားဝင်ပြီး မေးလိုက်သည်။

ထိုအခါ ကရင်အဖိုးကြီးက မောင်ချို့ကို ကြည့်ပြီး…

"သူတို့ ဖထီးလာကြွေးတာ စားရတဲ့အကြောင်း မကြာခင်မှာ သူတို့ရဲ့ လူတွေ ဒီတော၊ ဒီနေရာကို လာကြလိမ့်မယ်၊ အဲဒီအခါကျရင် ဖထီးလည်းလိုက်လာခဲ့ပါလို့ ပြောတယ်၊ ဒါပါပဲ…"

"ဟင်.. ဖထီးကလည်း ဘာမှလည်းမဟုတ်ဘူး၊ ဒါပဲလား"

"ဟုတ်တယ်လေ… ဒါပဲလေ ဘာမှလည်းမထူးခြားဘူး"

"ဟ ကောင်လေး… ဒါ ထူးခြားတာပေါ့… ဘာဖြစ်လို့လဲဆိုတော့ ဒီအိပ်မက်က မနေ့ညကမှ မက်တာ… အခု နင်တို့တွေ ရောက်လာကြတယ်လေ… ပြီးတော့ နင်တို့ကလည်း အဲဒီနားကို သွားကြမယ်ဆို…"

"အဲဒီကိုသွားရင် နင်တို့ကို ဖထီးကိုယ်တိုင် လိုက်ပို့မှာပေါ့…"

"တကယ်လားဖထီး…"

အနားသို့ရောက်လာသော သံလုံးက မေးလိုက်သည်။

"ဟုတ်တယ်… လိုက်ပို့ပေးမယ်၊ ကောင်လေးတွေက ဖထီးရဲ့ ကျေးဇူးရှင်တွေလေ၊ ငါ့သမီးကို ကယ်လာခဲ့ကြတယ်





မဟုတ်လား၊ ဖထီးကလည်း တဖန်ပြန်ပြီး ကူညီပေးရမှာပေါ့"

ထိုအခါ လုံမလေး ကရင်မလေးက…

"ဖထီး ငါလည်း လိုက်မယ်လေ… ငါ့ကိုလည်း ခေါ်ပါ"

ထိုအခါ ဖထီးက လုံမလေးကိုကြည့်ပြီး…

"နင်က မြေထောက်အနာကြီးနဲ့ လိုက်လို့ဘယ်ဖြစ်မလဲ၊ မြေထောက်ကောင်းရင်တော့ ခေါ်မှာပေါ့…"

ဟုပြောပြီး ဦးဘကောင်းဘက်သို့လှည့်ကာ…

"ကဲ… ကဲ… အားလုံးနားကြတော့၊ ဒီနေ့တော့ ဒီမှာပဲ နားကြတော့၊ မနက်ဖြန် စားပြီးရင် သွားကြတာပေါ့ကွဲ"

ဖထီးလည်း စကားပြောရတာ မောသွားလို့ ရေနွေးကရားတစ်ခွက်ကောက်ပြီး မော့လိုက်သည်၊ သံလုံးက ကရင်မလေးကို မလုံသောအကြည့်ဖြင့် ကြည့်လိုက်သည်။ ကရင်မလေးကလည်း အကြည့်၊ သံလုံး အကြည့်တို့သည် တစ်ပြိုင်နက်ထဲဖြစ်သွားကြ၍ နှစ်ဦးစလုံး ရှက်ရှက်ဖြင့် တစ်ဖက်သို့လှည့်သွားသည်။

ထိုအဖြစ်အပျက်ကို မောင်နီက မြင်လိုက်သည်။

ပြီးနောက် သူ၏ အနားတွင်ထိုင်နေသော ဖိုးလုံးကို လက်ကုတ်ကာ မေးငေါ့ပြလိုက်သည်၊ ဖိုးလုံးကလည်း သဘော



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကာ ကရင်မလေးကို ကြည့်လိုက်သည်။ ကရင်မလေးက ရှက်ပြီး ခေါင်းငုံ့နေတာ တွေ့လိုက်သည်။

ထိုအချိန်တွင် ဦးဘကောင်းက ထိုင်ရာမထပြီး ခြံပြင်သို့ ထွက်ကာ လျှောက်ကြည့်နေသည်။ ပတ်ဝန်းကျင်ရဲ့ သာယာမှု အေးချမ်းမှု၏ အရသာကို ခံစားနေမိသည်။ မြို့ကြီးတွင် အနေများလုလို့လား မသိပါ၊ ယခုလို တောရိပ်တောင်ရိပ်ရဲ့ အရသာကို ခုမှ ခံစားရလို့ ရင်ထဲမှာ ပေါ့ပါးလန်းဆန်းသလို ဖြစ်မိသည်။ ပြီးနောက် မိမိအနေနဲ့ အနှစ်နှစ်အလလက ရည်စူးရည်မှန်းခဲ့သော လုပ်ငန်းစဉ်ကို လူငယ်လေးတွေနဲ့ ယခုလို အကောင်အထည်ဖော်ရတော့မည်ဆို၍ စိတ်ထဲမှာ ဝမ်းသာကြည်နူးနေမိသည်။ တောထဲမှာ အလဟဿဖြစ်နေတဲ့ ရှေးဟောင်းပစ္စည်းတွေ၊ ရတနာတွေကို လိုအပ်သောနေရာ၊ လိုအပ်သောအသုံးပြုမှုမျိုး ပြန်လည်အသုံးပြုပေးရမည် မဟုတ်ပါလား။

ထိုအခါ အနားသို့ရောက်လာသော ခြေသံနှင့်အနောက်မှ ခေါ်လိုက်သောအသံကို ကြားသလိုဖြစ်မိ၍ နောက်သို့ လှည့်ကြည့်လိုက်သည်။

"ဦးလေး...ဦးလေး ဘကောင်း..."

ဟုတ်ပါသည်။ သံလုံးခေါ်နေတာ တွေ့လိုက်ရသည်။





သူ့ရဲ့နောက် ပေငါးဆယ်လောက်အကွာမှ ခေါ်နေ၍ သိပ်ပြီး မကြားပါ။ အသက်ကြီးလာပြီဆိုတော့ နားလည်း သိပ်မကောင်းချင်တော့ပါ။

ထိုအခါ သံလုံးက ခေါ်လည်းခေါ် အနားသို့လည်း ရောက်လာခဲ့သည်။

"ဦးလေး... ရေမချိုးဘူးလား၊ လန်းသွားအောင် ရေချိုးရအောင်... ကျွန်တော် အဖော်လိုက်ပေးမယ်"

သံလုံးက ယခုလို သူ့ကို ဂရုတစိုက် လာပြောဖော်ရလို့ ဝမ်းသာမိသည်။ သူ့ကို ဂရုတစိုက် ခေါ်တာဆိုလို့ သံလုံးတစ်ယောက်သာ... သူမှာ ခံစားခဲ့ရသည်။ သူ့အနေနဲ့ အဖော်မရှာခဲ့တာလည်း ကြာခဲ့ပြီ မဟုတ်လား... အခုမှ အဖော်ရှာဖို့ဆိုတာလည်း မဖြစ်နိုင်တော့ပါ။

သံလုံးရဲ့ ကြင်နာမှုအလိုက်သိမှုကို လေးစားသောအားဖြင့် ခေါင်းညိတ်ပြလိုက်သည်။ သံလုံးလည်း နောက်ပြန်လှည့်ကာ ဖထီးတို့အိမ်ဆီသို့ပြန်လျှောက်လာခဲ့သည်။ သံလုံးတို့ပြန်ရောက်လာသောအချိန်တွင် ကျန်လူများက ရေချိုးရန် ပြင်ဆင်နေကြသည်။

သူတို့အားလုံး စမ်းချောင်းနားသို့ ရေချိုးရန် လျှောက်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ကြသည်၊ တဲအိမ်လေးနဲ့ စမ်းချောင်းက နည်းနည်းတော့ လှမ်းသည်၊ တောလမ်းကလေးအတိုင်း လျှောက်လာခဲ့သည်၊

ရှေ့မှ ကျန်သောလူများက သွားနေကြသည်၊ နောက်ဆုံးမှ ဦးဘကောင်းနှင့် သံလုံးက လိုက်လာခဲ့သည်၊ ရှေ့မှ သွားနေသော သူများနှင့် သံလုံးတို့က တော်တော်လေးလှမ်းသည်၊ ထိုအခါ သံလုံးက ရှေ့မှသွားနေရာမှ နောက်သို့ တစ်လှမ်းရုတ်တရက် ပြန်ဆုတ်လိုက်သည်၊ ဘာကြောင့်လဲဆိုတော့ [illegible]ရှေ့သို့ ခြေလှမ်းရန် ပြင်လိုက်သောအခါ မြွေဖြူလေးတစ်ကောင်က သူ့ကို ကြည့်နေတာ တွေ့လိုက်ရသည်၊ ထိုအဖြစ်အပျက်ကို ဦးဘကောင်းက သိလိုက်၍ သံလုံး ဘာများလုပ်မလဲဆိုတာ ကြည့်နေသည်၊ ထိုအချိန်တွင် သံလုံးက...

"မြွေလေးရေ... မင်းလမ်း မင်းသွားပါ၊ ငါ့ကို ဘာမှ အန္တရာယ် မပေးပါနဲ့၊ ငါလည်း မင်းကို ဘာမှ ရန်မမူပါဘူး"

ဟု ပြောလိုက်သောအခါ မြွေလေးလည်း သူ့ဘေးရှိ တောလမ်းလေးအတိုင်း ထွက်သွားလေသည်၊ ပေငါးဆယ်လောက် ရောက်သောအခါ ချုံပုတ်လေးက လှုပ်လှုပ်ရှားရှားဖြင့် ဖြစ်သွားတာ တွေ့လိုက်ရသည်၊ ထိုအဖြစ်အပျက်ကို ကြည့်ပြီး သံလုံးလည်း အံ့ဩသွားသည်၊ ဘာကြောင့်လဲဆိုတော့ မြွေလေး





က သိပ်မကြီးပါ၊ လက်မလုံးလောက်သာ ရှိသည်၊ ထွက်သွားရာလမ်းကြောင်းမှာ ဒီလောက်ထိ ချုံပုတ်များ လှုပ်ရှားသွားဖို့ မရှိပါ၊

ဒါနဲ့ သံလုံးလည်း မသင်္ကာ၍ ချုံပုတ်နားသို့ တဖြည်းဖြည်း လျှောက်သွားသည်၊ လက်ထဲမှာက ဘာမှမရှိ၍ ဘေးရှိ သစ်ကိုင်းခြောက်တစ်ခုကို ကောက်ကိုင်လိုက်သည်၊

ဦးဘကောင်းကလည်း သံလုံးနည်းတူ သူလည်း သစ်ကိုင်းခြောက်ကောက်ပြီး သံလုံးနောက်မှ လိုက်သွားသည်၊

ချုံပုတ်နားသို့ ရောက်သောအခါ ခေတ္တခဏ ငြိမ်ပြီး နားစွင့်လိုက်သည်၊ ထိုအခါ...

"ရှူး... ရှူး... ဟူး..."

"ရှူး... ရှူး... ဟူး..."

သတ္တဝါအကောင် တစ်ကောင်ရဲ့ နှာမှုတ်သံလိုလို အသံမျိုးဆိုတာ ဦးဘကောင်း သိလိုက်သည်၊ ဒဏ်ရာများ ရနေလို့ မသွားနိုင်လို့ ချုံထဲမှာ ဝင်ပုန်းနေတာများလားလို့ တွေးလိုက်မိသည်၊ ဒါနဲ့ ဦးဘကောင်းက သံလုံးကို နောက်မှ ကုတ်လိုက်သည်၊ လက်ဖြင့် ခဏနေရန် ပြောလိုက်သည်၊ ပြီးနောက် မိမိတို့ လက်ထဲရှိ သစ်ကိုင်းခြောက်ဖြင့် ချုံကို ဖြဲကာ ကြည့်လိုက်သည်၊

"ဟင်..."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ..."

နစ်စလုံး အံ့သြသွားသည်၊ ဘာကြောင့်လဲဆိုတော့ ချုံထဲတွင်ရှိနေသောအရာမှာ မြွေကြီးတစ်ကောင်ဖြစ်နေတာ တွေ့လိုက်ရသည်၊ ပထမတော့နစ်ယောက်စလုံး လန့်သွားသည်၊ မြွေကြီးက တော်တော်ကြီးသည်၊ ခေါင်းတွင်ပင် အုန်းသီးလောက်ကြီးသည်၊ ကိုယ်လုံးကတော့ ၁၅ လက်မ ပတ်လည်လောက်ရှိမည်ဟု ထင်ပါသည်၊ ဘာကြောင့် ချုံထဲမှာ လှုပ်လှုပ်ဖြစ်နေတာလဲဆိုတာ သေသေချာချာ လေ့လာလိုက်သောအခါ ...

သံလုံးကအနားသို့ တိုးပြီး သွားမည်အပြု မြွေကြီးက သူ့ကို ရန်မူမည်ထင်ကာ ရှူးရှူးရှဲရှဲ ဖြစ်သွားသည်၊ ဒါကို သံလုံးက သိ၍...

"မြွေကြီးရေ... မင်းကို ငါတို့ ရန်မူမလို့ မဟုတ်ပါ၊ ကယ်ဖို့ လာတာပါ၊ ငါတို့ကို ဘာမှရန်မလုပ်ပါနဲ့...ငြိမ်ငြိမ်လေး နေပေးပါ"

သံလုံးလည်း ပြောသပြောပြီး ဘယ်လိုလုပ်ပေးရမလဲဆိုတာ စဉ်းစားနေသည်၊ ထိုအချိန်တွင် ဦးဘကောင်းက အကြံတစ်ခုရသွားသည်၊ ရှေ့မှသွားကြသော သူလူများကို လိုက်ကြည့်သောအခါ တစ်ယောက်မှ မတွေ့တော့ပါ၊ ဒါနဲ့ သူလည်း သူတို့ လက်ထဲတွင်ပါလာသော ပုဆိုးဖြင့် မြွေ၏ခေါင်းကို အုပ်လိုက်





သည်၊ မြွေလည်း သူ့ကိုလုပ်သောအရာကို မငြင်းဆန်ဘဲ ငြိမ်နေလိုက်သည်၊

ထိုအချိန်တွင် သံလုံးက မြွေ၏ ကိုယ်လုံးနေရာသို့ ချုံကိုဖြဲကာ ကြည့်လိုက်သောအခါ သွေးများထွက်နေတာ တွေ့လိုက်ရသည်၊ ဘာကြောင့် သွေးထွက်နေတာလည်းဆိုတာ သေသေချာချာ ကြည့်လိုက်သောအခါ...

ချုံထဲရှိ သစ်ကိုင်းကြီးနစ်ခုကြားတွင် ညပ်ပြီး ဆူးတွေကြောင့် ကိုယ်လုံးလေး စုတ်ပြဲနေတာ တွေ့လိုက်သည်၊ ဒါနဲ့ သံလုံးလည်း လက်ထဲတွင် အသင့်ကိုင်လာသော လိုရမယ်ရဟူသော ဓားမြှောင်လေးတစ်ချောင်းဖြင့် မြွေကိုယ်လုံးလေး ညပ်နေသောနေရာကို ခုတ်ထွင်ပေးလိုက်သည်၊ ပြီးနောက် ဆူးများကို ဖယ်ပေးလိုက်သည်၊ မြွေမှာ ရှန်းရင်းရှန်းရင်း ညပ်နေသောကြောင့် ဆက်ပြီး မနေနိုင်ဘဲ ဖြစ်နေသည်၊ ဒါကြောင့် နာကျင်သောကြောင့် ရှူးရှူးဖြစ်နေတယ်ဆိုတာ သိလိုက်ရသည်၊ ၁၅ မိနစ်ခန့်ကြာသောအခါ အန္တရာယ်များအားလုံး ရှင်းသွားပြီး၊ မြွေ၏ ကိုယ်လုံးလည်း လွတ်လွတ်ကျွတ်ကျွတ် ဖြစ်သွားသည်၊ မြွေသွားသည့် လမ်းကြောင်းကိုလည်း ခုတ်ထွင်ရှင်းလင်းပေးလိုက်သည်၊

အားလုံးကိစ္စပြီးသွား၍ ဦးဘကောင်းက မြွေခေါင်းတွင်



www.burmeseclassic.com

www.burmeseclassic.com



အုပ်ထားသော ပုဆိုးစကို ဖယ်ပေးလိုက်သည်၊ မြွေကြီးမှာ နာကျင်သောဝေဒနာကြောင့် ရုတ်တရက် ထွက်မသွားနိုင်ဘဲ ခွေငြိမ်နေလိုက်သည်၊ ဒါကို ဦးဘကောင်းက သိလိုက်၍...

"အသင်မြွေကြီး... အားလုံး အန္တရာယ်တွေ ဖယ်ရှားပေးပြီး၍ အသင်သွားလိုရာ သွားနိုင်ပြီ၊ အသင် အန္တရာယ် ကင်းစွာသွားနိုင်သလို ကျွန်တော်တို့ သွားမည့်နေရာကိုလည်း အန္တရာယ်ကင်းစွာသွားနိုင်အောင် ဆုတောင်းပေးပါ..."

ဦးဘကောင်းက အသံမထွက်ဘဲ ပါးစပ်ဖြင့် ရွတ်နေတာ မြွေကြီးက ကြည့်နေသည်၊ ဦးဘကောင်းလည်း မြွေကြီးသူ့ကို ကြည့်နေတာ သိလိုက်သည်၊ ခဏကြာတော့ မြွေကြီးလှုပ်လာသည်၊ ပြီးနောက် အနောက်သို့လှည့်ကာ တောလမ်းအတိုင်း ထွက်ခွာသွားလေသည်၊ မြွေ၏ ကိုယ်လုံးတွင် ဒဏ်ရာကြောင့် သွေးများထွက်နေတာတော့ တွေ့ရသည်၊ ခုနလောက်တော့ သွေးများ သိပ်မထွက်တော့ပါ၊ အရေခွံတွေတော့ စုတ်ပြဲနေတာ တွေ့လိုက်ရသည်၊

မြွေကြီးထွက်သွားပြီးတော့မှ သံလုံးနဲ့ ဦးဘကောင်းလည်း မိမိတို့ စမ်းချောင်းနားသို့ ထွက်လာခဲ့တော့သည်၊ သံလုံးလမ်းတစ်လျှောက် စဉ်းစားမရဖြစ်မိသည်၊ ဘာကြောင့်လည်း ဆ





ဆိုတော့ ပထမ မြွေဖြူလေးက ချုံထဲဝင်သွားပြီး ချုံထဲရောက်တော့ မြွေကြီးဖြစ်နေတာ ထူးဆန်းနေသည်၊ ရှေ့ကသွားတဲ့ သူတွေကော ၎င်းမြွေဖြူလေးကို တွေ့ ကြရဲ့လား မသိဘူး... တွေ့မှ မေးကြည့်ရမယ်... ဆန်းတာကတော့ မြွေဖြူလေးအဖြစ်မှ မြွေကြီးဖြစ်သွားရတာ... သူ့အနေနဲ့ သိပ်တော့ဘဝင်မကျပါ၊ ဒါမှမဟုတ် သူတို့လာမယ့်လမ်းမှာ အကူအညီများရမလားဆိုပြီး မြွေကြီးက ဖန်ဆင်းတာလား... သံလုံး လမ်းတစ်လျှောက် စဉ်းစားလာရင်း ခေါင်းရှုပ်လာသည်၊ မစဉ်းစားတာပဲ ကောင်းပါတယ်လေ...

ဦးဘကောင်းကတော့ မြွေဖြူလေးကို တွေ့လိုက်ကတည်းက သူ သိလိုက်သည်၊ ဒါပေမဲ့ သူကတော့ သံလုံးကို ဘာမှမပြောပါ၊ သံလုံးဘာများ ဆက်လုပ်မလဲဆိုတာ ကြည့်နေမိသည်၊ သူ ထင်သည့်အတိုင်းပင် သံလုံးက စိတ်စေတနာကောင်းတဲ့သူဆိုတာ ဘုရားပေါ်မှာတွေ့ကတည်းက သူ သိထားခဲ့သည်မဟုတ်ပါလား၊

သူတို့ စမ်းချောင်းနားသို့ ရောက်လာခဲ့ကြသည်၊ သူတို့လည်း ရောက်တော့ တခြားသူများ ရေချိုးပြီးလို့ ပြန်ရန် ပြင်ဆင်နေကြသည်၊

"ကိုသံလုံး ခုမှ ရောက်လာတာလား..."



www.burmeseclassic.com

www.burmeseclassic.com



"အေး...ဟုတ်တယ်"

ဖော်ကြီးက ပြန်ရန်အလုပ်မှာ နှုတ်ဆက်လိုက်ခြင်းဖြစ်သည်၊ သူတို့အားလုံး ပြန်သွားတော့ စမ်းချောင်းတွင် သံလုံးနှင့် ဦးဘကောင်းသာ ကျန်ခဲ့သည်၊

စမ်းချောင်းရေက အလွန်အေးမြ၍ ရေချိုးကောင်းကောင်းနဲ့ ချိုးနေမိသည်၊ စမ်းချောင်းရေနဲ့ ထိတွေ့လိုက်လို့လား မသိပါ၊ တစ်ကိုယ်လုံး လန်းဆန်းသွားတော့သည်၊

အကြောအခြင်များ ပြေလျော့သွားသလို ခံစားရသည်၊ ထိုအခါ သံလုံးက သူတို့ရေချိုးတာ နည်းနည်းကြာသွားသည့်အတွက် ဦးဘကောင်းဆီသို့ လှမ်းပြီး...

"ဦးလေး...မတော်သေးဘူးလား...အအေးမိအုံးမယ်"

"အေး...တော်ပါပြီ၊ မင်းလည်း တော်တော့..."

ဟုပြောပြီး ရေထဲမှ ထကာ အဝတ်အစားလဲရန် ထလာခဲ့ကြသည်၊

❖ ❖ ❖



အခန်း (၁၈)

# ကြင်နာခြင်းအစ မျက်စိက

"အစ်ကို ... ထမင်းစားရအောင် ပြင်ပြီးပြီ"

"အင်း...ဟုတ်ကဲ့...လာခဲ့မယ်"

ကရင်မလေးက သံလုံးကို ထမင်းစားရန် ခေါ်လိုက်သည်၊ ကျန်လူများကတော့ ထမင်းစားပွဲတွင် ရောက်နှင့်ကြသည်၊ ထမင်းစား စားပွဲဆိုလို့ စားပွဲဝိုင်းတွင် မဟုတ်ပါ၊ အိမ်ရှေ့တဲ ကွပ်ပျစ်ပေါ်တွင် ဝိုင်းထိုင်ကာ စားသောက်ကြသည်၊ တချို့လဲ တဲရှေ့အလယ်ခုံနှင့် နံဘေးခုံတန်းနှစ်ခုတွင် ထိုင်ကာ စားသောက်နေကြသည်၊ ထမင်းကတော့ ကရင်ထမင်းဖြစ်၍ နည်းနည်းတော့ နွဲ့သည်၊ ပျော့သည်၊ ဒါပေမဲ့ စားကောင်းသည်၊

www.burmeseclassic.com

www.burmeseclassic.com



ဟင်းကတော့ မြို့ကဝယ်ထားတဲ့ ငါးရံ့ခြောက်၊ ဆိတ်သားခြောက် ပဲရှိသည်။ ဟင်းရွက်များကတော့ စုံသည်၊ ခြံထဲမှာ တချို့စိုက်ထား၍ ခူးကာ ထားပေးထားသည်။

"စားကြပါ... အားမနာပါနဲ့၊ ဟင်းကတော့ ဒီလောက်ပဲ လုပ်ပေးတာဝေး..."

ဖထီးက ဝင်ပြောကာ သူပါ စားနေသည်

ထိုအခါ မောင်ချိုတို့က...

"ဟ... ဖထီးကလည်း ဒီဟင်းတွေက ကောင်းပါတယ်၊ ရန်ကုန်မှာဆို ကျွန်တော်တို့ ဒီလိုဟင်းမျိုးစားရတာ မဟုတ်ဘူး၊ ဒီရောက်မှ တောဟင်း၊ တောထမင်းစားရတာ၊ ပြီးတော့... ကရင်ထမင်းလည်း ခုမှ စားဖူးတာ..."

မောင်ချိုပြောနေတာ အားလုံးက ထောက်ခံသည့်သဘော... အားလုံးခေါင်းတညိတ်ညိတ်ဖြစ်နေကြသည်၊

ထိုအချိန်တွင် ဦးဘကောင်းက...

"ထမင်းစားလို့ကတော့ တကယ်ကောင်းတယ်ဗျ... ကျွန်တော်တို့လည်း ဆာနေလို့လားမသိဘူး စားလို့ကောင်းမြိန်မှ မြိန်ပဲ"

"အစ်ကိုစားလေ၊ ရော့ဆိတ်သားခြောက်ထည့်စားပါအုံး"





လုံမလေး (ကရင်မလေး)က သံလုံး ပန်းကန်ထဲသို့ ဆိတ် သားခြောက်လေး တစ်ဖတ် ယူထည့်ပေးလိုက်သည်၊ သံလုံးကလည်း ရှက်သွေးလေးဖျာကာ...

"ရပါတယ်... ညီမရယ်၊ အစ်ကိုထည့်စားပါ့မယ်၊ ကျေးဇူးတင်ပါတယ်"

"ဟ... အစ်ကိုကလည်း ကျေးဇူးတင်ဖို့ မလိုပါဘူး၊ တင်ချင်းတင်ရင် ညီမက တင်ရမှာ... အစ်ကိုက ညီမကို ထမ်းလာရတာမဟုတ်လား..."

သူတို့နှစ်ဦး၏ အဖြစ်အပျက် အပြောအဆိုများကို အနားတွင်ရှိနေသော ဖော်ကြီးက တစ်ချက်လှမ်းကြည့်သည်၊ မောင်လွင်ကတော့ သံလုံးကို မျက်စိတစ်ဖက်မှိတ်ပြလိုက်သည်၊ သံလုံးလည်း ဘာမှဆက်မပြောတော့ဘဲ စားမြဲတန်း စားလိုက်သည်၊ သူတို့အားလုံး စားသောက်စရာများဖြင့် အချိန်ကုန်ခဲ့ကြသည်၊

အားလုံး ထမင်းစားပြီး၍ လူကြီးများကတော့ ထန်းလျက်များနဲ့ ရေနွေးသောက်နေကြသည်၊ လူငယ်များကတော့ ပတ်ဝန်းကျင်ကို အကဲခတ်ကာ လျှောက်ကြည့်နေကြသည်၊ ထို အချိန်တွင် သံလုံးက တဲလေးရဲ့ ညာဘက်သစ်ပင်ရိပ်အောက် တွင်ထိုင်ကာ မနက်က ရေချိုးသွားတုန်း မြွေဖြူလေးအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားနေမိသည်၊ မြွေကြီးဒဏ်ရာဖြစ်နေတာ မြွေဖြူလေးက သူတို့သိအောင် လာပြတာလားလို့ စိတ်ထဲက ထင်နေမိသည်၊ ဖြစ်လည်းဖြစ်နိုင်သည်မဟုတ်ပါလား။ မြွေဖြူလေး ဝင်သွားတဲ့ နေရာနဲ့ မြွေကြီးအန္တရာယ်ကြုံတဲ့နေရာက တစ်ထပ်တည်း ဖြစ်နေသည်၊

မြွေထဲမှာ မြွေဖြူဆိုတာ သူတော်မြွေတွေများလား... သူတော်မြွေများက သူတွေ့ဖူးတာက အစိမ်းရောင်၊ အဝါရောင်၊ ရွှေရောင်နှင့် စိမ်းဝါကြားများသာဖြစ်သည်၊ အခုတွေ့တဲ့မြွေက မြွေဖြူဆိုတော့ ထူးဆန်းနေသည်၊

ထိုသို့စဉ်းစားနေစိုက် အနားသို့ ကရင်မလေး ရောက်လာတာ မသိလိုက်ပါ။ ဒါပေမဲ့ ပေါင်ဒါအနံ့လေးရလို့ လှည့်ကြည့်လိုက်သောအခါ ကရင်မလေးဖြစ်နေတာ တွေ့လိုက်ရသည်၊

ထိုအခါ သံလုံးက...

"ခြေထောက်အနာ သက်သာသွားပြီလား..."

"ဟုတ်ကဲ့ အစ်ကို... နည်းနည်းတော့ သက်သာလာပြီ ဒါပေမဲ့ တုတ်နဲ့တော့ လျှောက်နေရသေးတယ်"

"လျှောက်ရမယ်လေ... နာတဲ့ခြေထောက်ဘက် အားမစိုက်နဲ့အုံး၊ ပြန်နာလာရင် ဆေးထပ်လိမ်းနေရအုံးမယ်"





"အခုတောင် တော်တော်သက်သာနေပါပြီ၊ ညလောက်ဆိုရင် အားလုံး ကောင်းသွားနိုင်တယ်"

"ဪ... မေ့လို့... လာလေ... ဒီနားမှာထိုင် ဒီနေရာလေးက နည်းနည်းမြင့်တယ်"

သံလုံးက သူ ထိုင်နေသောနေရာလေးကို ဖယ်ပေးလိုက်သည်၊ ကရင်မလေးက ဝင်ထိုင်လိုက်ပြီး...

"ကျေးဇူးတင်ပါတယ် အစ်ကို..."

ကျေးဇူးတင်ပါတယ်ဟု ပြောလိုက်သော ကရင်မလေး၏ မျက်နှာလေးကို သံလုံး ကြည့်လိုက်မိသည်၊ ကရင်မလေးကလည်း သံလုံးရဲ့အကြည့်နဲ့ဆုံကာ ရင်ထဲ တစ်မျိုးဖြစ်သွားကြသည်၊ ခေတ္တခဏတော့ ဆိတ်ငြိမ်သွားကြသည်၊ ပြီးနောက် သံလုံးကပဲ စတင်ကာ...

"ဒါနဲ့ ညီမက တောထဲမှာ ဘာသွားလုပ်တာလဲဟင်... တစ်ယောက်ထဲ မကြောက်ဘူးလား"

"မကြောက်ပါဘူး... ဒီတောထဲကို ညီမက သွားနေကြပါ၊ ဘယ်သူမှလည်း မရှိပါဘူး၊ သားကောင်ကြီးတွေက ဒီနားတစ်ဝိုက်ကို မလာကြဘူး၊ ဒီနားတစ်ဝိုက်မှာက ယုန်လေးတွေ ရှဉ့်လေးတွေသာ ရှိကြတယ်၊ ညီမက ဟင်းရွက်ခူး သွားတာပါ၊



www.burmeseclassic.com

www.burmeseclassic.com



အဝေးကြီးလည်း မသွားပါဘူး၊ အဲဒီနေ့ကျမှ ဘာကြောင့် အဝေးရောက်သွားမှန်း မသိဘူး…"

ကရင်မလေးက ပြောပြီး ခဏနားလိုက်သည်၊ ပြီးနောက် သံလုံးကိုကြည့်ကာ…

"အစ်ကိုတို့က ဒီတောထဲကို ဘာလာလုပ်တာလဲဟင်…"

ထိုအခါ သံလုံးက စဉ်းစားလိုက်သည်၊ အမှန်အတိုင်းဖြေလိုက်ရင် ကောင်းမလား… လိမ်ပြီးဖြေလိုက်ရင် ကောင်းမလားဆိုတာ စဉ်းစားနေမိသည်၊ ဒါကို ကရင်မလေးက ရိပ်မိသည်၊ ဒါကြောင့်…

"အစ်ကို ဖြေချင်သလို ဖြေပါ… ညီမ နားထောင်ပါ့မယ်"

ထိုအခါ သံလုံးက…

"ဟိုမှာ မြင်နေရတဲ့ မြွေခေါင်းပုံတောင်ဆီ လာတာပါ"

"ဘာကြောင့် လာတာလဲဟင်"

"အဲဒီမှာ ဂျပန်ခေတ်က ပစ္စည်းတစ်ခု… ပစ္စည်းဆိုလို့… ဘုရားပစ္စည်းတွေပါ၊ အဲဒါတွေကို အစ်ကိုတို့က ပြန်ဖော်မယ်လေ၊ ဘုရားရဲ့ပစ္စည်းတွေမို့ အစ်ကိုတို့က လာယူတာပါ…"

သံလုံးက မလိမ်ညာတော့ဘဲ အမှန်အတိုင်း ဖွင့်ပြောလိုက်သည်၊ ဖွင့်မပြောလည်း သူတို့ ရချင်မှရမှာ မဟုတ်လား၊





ထိုအခါ ကရင်မလေးက…

"အဲဒီမှာ ဘုရားပစ္စည်းရှိတယ်လို့ အစ်ကို့ကို ဘယ်သူက ပြောလို့လဲ…"

"ဘယ်သူမှ မပြောပါဘူး၊ ဂျပန်ခေတ်က အတူပါလာတဲ့သူ တစ်ဦးတော့ အစ်ကိုတို့အဖွဲ့ထဲမှာ ပါလာတယ်"

"ဟင်… ဘယ်သူလည်း အစ်ကို"

"အသက်ကြီးကြီးနဲ့ ဦးဘကောင်းပါ"

"ဟုတ်လား… သူက အဲဒီနေရာကို သိလို့လား"

"သိတာပေါ့… ဟိုမှာမြင်နေရတဲ့ မြွေခေါင်းပုံတောင်ကို မှတ်ထားတာ… အဲဒီနေရာကိုရောက်ရင် ပစ္စည်းရှိတဲ့နေရာကို သူ မှတ်မိတယ်လို့တော့ ပြောတာပဲ…"

"အစ်ကိုသွားရင် ညီမလည်း လိုက်ချင်လိုက်တာ"

"ညီမက မိန်းကလေး… မလိုက်ပါနဲ့၊ ဖထီးလည်း ထည့်မှာ မဟုတ်ပါဘူး…"

"ညီမက မိန်းကလေးဖြစ်ရတာ ကံဆိုးတာပဲ…"

ကရင်မလေးရဲ့ ပြောပုံကို ကြည့်လိုက်တော့ နှုတ်ခမ်းလေးဆူကာ အလိုမကျ ဘဝင်မကျသည့်ပုံပေါ်နေတာ တစ်မျိုးလေး ကြည့်လို့ကောင်းနေမိသည်၊ မိန်းကလေးတွေ စိတ်ဆိုးရင်



www.burmeseclassic.com

www.burmeseclassic.com



ဘဝင်မကျရင် သူတို့လေးတွေရဲ့ပင်ကိုယ်က တစ်မျိုး ကြည့်ကောင်းတာ အမှန်ပဲဆိုတာ သူရဲ့ဇနီးနဲ့ နေတုန်းက သိခဲ့ပြီးပြီ မဟုတ်ပါလား…

ကရင်မလေးကို သူကပဲ ချော့လိုက်သည်။

"ကဲပါ ညီမရယ်…ဖထီးကို အစ်ကိုပြောကြည့်ပါအုံးမယ်၊ ရရင်တော့ လိုက်ခဲ့ပေါ့"

"တကယ်နော်…အစ်ကိုခေါ်မှာနော်…"

"အဲ… ဒါပဲနော်၊ ဦးလေး ဦးဘကောင်း မခေါ်ရင်တော့ မလိုက်ရဘူး"

"အင်း…အင်းပါ"

ကရင်မလေးစိတ်ဘဝင်မကျတာ ပျော်သွားသည်။ ခဏတော့ စိတ်ချမ်းသာသွားသည်၊

သူတို့နှစ်ဦး စကားကောင်းနေစဉ် ဦးဘကောင်း အနားသို့ ရောက်လာသည်၊

"ဘာတွေများ စကားကောင်းနေကြတာလဲ၊ လုံမလေးက ခြေထောက်နာတာ သက်သာရဲ့လား"

"နည်းနည်းတော့ သက်သာနေပါပြီ"

"မနက်ဖြန်လောက်ဆို တော်တော်သက်သာလာမှာပါ"





"ဒါနဲ့ဦး ငါ တစ်ခုပြောချင်တယ်"

"ဘာများလည်း လုံမလေး…"

"မနက်ဖြန် ခရီးထွက်ရင် ငါလည်း လိုက်ချင်တယ်၊ ဖထီးလည်း လိုက်မှာမဟုတ်လား"

ထိုအခါ ဦးဘကောင်းက စဉ်းစားလိုက်သည်။ ဒါပေမဲ့ ချက်ချင်းပဲ အဖြေပေးလိုက်သည်၊

"လုံမလေး လိုက်လို့မရဘူး၊ ခရီးက ဝေးသေးတယ်၊ ပြီးတော့ ကြမ်းချင်လည်း ကြမ်းလိမ့်မယ်၊ အန္တရာယ်လည်း များပါတယ်၊ ခြေထောက်ကလည်း ကောင်းသေးတာမဟုတ်တော့ ဦးတို့ ခရီးဖင့်နေမှာစိုးလို့ပါ"

ဦးဘကောင်းရဲ့လျှောက်လဲချက်က သူမအဖို့ ပြန်ပြောနိုင်ဖို့အင်အား သူ့မှာမရှိတော့ပါ။ ဦးဘကောင်းကလည်း မိန်းကလေးမို့ မခေါ်ချင်တာလည်း ပါသည်၊

သူတို့သွားရမယ့်နေရာက ဘာတွေများဖြစ်လာအုံးမလဲ၊ ဘာအန္တရာယ်များ တွေ့အုံးမလဲဆိုတာ သူတို့ကိုယ်တိုင်ပင် သူတို့ မသိသေးပါ။ ဒါကြောင့် တခြားသူကို သူ့အနေနဲ့ မခေါ်ချင်ပါ။ ဦးဘကောင်းက လုံမလေးကို ပြောမထွက်ပါ၊ တခြားအကြောင်းအရာကိုတော့ မပြောတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"လုံမလေး မလိုက်ချင်ပါနဲ့၊ အန္တရာယ်များလို့ပါ… လုံမလေးက မိန်းကလေးဆိုတော့ ဦးတို့အတွက်လည်း နှောင့်နှေးနေမှာစိုးလို့ပါ၊ နောက်ပြီး အခုသွားရမယ့်ခရီးကလည်း တစ်ထစ်ချ ယုံကြည်လို့ မရသေးဘူး၊ ပြီးတော့ အန္တရာယ်ဆိုတာကလည်း မမြင်ရတော့ ဦးတို့ကလည်း စွန့်စားရမယ်လေ… ဦးတို့အားလုံး ပြီးစီးအောင်မြင်သွားရင် ပြန်လာခဲ့မယ်… ဟုတ်လား…"

ကရင်မလေးလည်း သူ့ကိုမလိုက်စေချင်၍ ဆုံးမသြဝါဒပေးနေသော ဦးလေး ဦးဘကောင်းကိုကြည့်ပြီး ဘာမှပြန်မပြောတော့ပါ။ ထိုအခါ ဦးဘကောင်းလည်း သူတို့အနားမှ လှည့်ပြန်ခဲ့သည်။

ဧင်းနေရာတွင် သံလုံးနှင့် လုံမလေးနှစ်ဦးသာ ကျန်ခဲ့တော့သည်။ ထိုအခါ သံလုံးက ကရင်မလေးကို သနားသော အကြည့်ဖြင့်ကြည့်ပြီး စိတ်မကောင်း ဖြစ်မိသည်၊ သံလုံးလည်း ဆိတ်ငြိမ်နေသောအချိန်ကို ချေဖျက်လို၍ …

"ညီမလေးရဲ့ခြေထောက် ဘယ်လိုနေသေးလဲ… အစ်ကို့ကို လမ်းနည်းနည်းလျှောက်ပြပါလား…"

ကရင်မလေးလည်း သံလုံးက နိုင်းနေ၍ မငြင်းသာတော့ဘဲ လျှောက်ပြလိုက်ရသည်၊ ဒါပေမဲ့ ခြေထောက်ကတော့ နည်း





နည်း ထောက်နေသေးသည်၊ လမ်းလျှောက်လို့ သိပ်မကောင်းသေးပါ။

ထိုအခါ သံလုံးက ကရင်မလေးရဲ့ ခြေထောက်နားသို့ လာပြီး…

"ညီမ…အစ်ကိုနည်းနည်းကြည့်မယ်နော်…"

ထိုအခါ ကရင်မလေးက အားနာသောအကြည့်ဖြင့်…

"ကြည့်…ကြည့်ပါ…ခွင့်လွှတ်နော်…"

"ရပါတယ်…"

သံလုံးလည်း ခြေထောက်နားတွင် ထိုင်ချလိုက်ပြီး ခြေထောက်ကို ကိုင်ကြည့်သည်၊ ပတ်တီးစည်းထား၍ ဖွင့်တော့ မကြည့်တော့ပါ၊ ပတ်တီးကတော့ ခြောက်စပြုနေပါပြီ၊ လက်ညှိုးလေးဖြင့် နှိပ်လိုက်သည်၊

"နာလား…"

"အင်း… နည်းနည်းတော့ နာတယ်"

"မနက်ဖြန်လောက်ဆိုရင် သက်သာသွားမှာပါ၊ ဒါနဲ့များ လိုက်ချင်သေးတယ်၊ အနာကဖြင့် မသက်သာသေးဘူး"

သံလုံးက ပါးစပ်ကသာပြောပြီး ကရင်မလေးကိုတော့ မကြည့်ပါ၊ အပြစ်တင်သောလေသံဖြင့်လော… ဒါမှမဟုတ် ညီမ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်လို စိတ်ပူပြီး ပြောသော လေသံလော... ဟူသော ဝေခွဲမရဘဲ ကရင်မလေး သံလုံးကို ကြည့်နေမိသည်။

ဒါပေမဲ့ သူမ ကျေနပ်သည်။ သူမအပေါ် ဂရုတစိုက်လုပ်ပေးတာရယ်၊ စိုးရိမ်ပူပန်သောစကားဖြင့် ပြောဆိုနေတာတွေကြောင့် အတိုင်းမသိ ကျေနပ်မိသည်ကတော့ အမှန်ပင်။

"ဒါနဲ့ အစ်ကိုတို့အားလုံးပြီးဆုံးသွားရင်ဒီကိုပြန်လာခဲ့ပါနော်..."

"လာမှာပေါ့ ဒီမှာက ညီမလေးတစ်ယောက် ရှိနေတာပဲ၊ ပြီးတော့ ညီမတို့ကျွေးတဲ့ ထမင်းတစ်လုပ်ကြောင့် အစ်ကိုတို့ ကျေးဇူးတင်နေမှာပါနော်"

သံလုံးက စကားပြောနေရင်း ကရင်မလေးရဲ့ ကျောနောက်သို့ မထင်မှတ်ဘဲ မျက်လုံးက ရောက်သွားသည်၊ ကရင်မလေးရဲ့ ကျောနောက်တွင် ချုံစပ်ပုပုလေးများ ရှိနေသည်၊ ထိုချုံစပ်နံ့ဘေးတွင် မြွေဖြူလေးတစ်ကောင်က သူ့ကိုစိုက်ကြည့်နေတာ မထင်မှတ်ဘဲ မြင်လိုက်သည်။

သူ့ကိုယ်တိုင်ပဲ မျက်စိမှားသွားသလားဆိုတာ သေသေချာချာကြည့်နေမိသည်၊ ဒါကို ကရင်မလေးက သံလုံးကြည့်နေသောနေရာသို့ သူပါလိုက်ကြည့်သည်၊ ပြီးနောက် မြွေဖြူလေးကို





တွေ့၍ ကြောက်ပြီး သံလုံးရင်ခွင်ထဲသို့ တိုးဝင်မိသည်၊ ဒါကို သံလုံးက အလိုက်သင့်ပဲ ဖက်လိုက်မိသည်၊ ကရင်မလေးလည်း ကြောက်စိတ်ကြောင့် ဘာမှ သတိမရတော့ဘဲ ငြိမ်သက်နေမိသည်။

"အဟဲ...အဟဲ...အဟဲ..."

ဘယ်အချိန်က အနားသို့ ရောက်နေမှန်းမသိသော ဖော်ကြီးက ရှက်နေမှာစိုးတဲ့အတွက် ...

"ညီမလေး ဘာဖြစ်လို့လဲဟင်..."

ထိုအခါ ကရင်မလေးက နောက်သို့မကြည့်ဘဲ လက်ညှိုးထိုးပြလိုက်သည်၊ ထိုအခါ ဖော်ကြီးက သူမ ထိုးပြသောနေရာသို့ ကြည့်လိုက်သောအခါ မြွေဖြူလေးတစ်ကောင် သူတို့ဘက်သို့ ကြည့်နေတုန်းဖြစ်သည်၊ ဖော်ကြီး သဘောပေါက်လိုက်သည်၊ မြွေကိုတွေ့၍ ကရင်မလေးက သံလုံးကို ဖက်ထားကြောင်း သိလိုက်ရသည်၊ ခဏကြာတော့ မြွေဖြူလေးလည်း ထွက်သွားတော့သည်။

ထိုအခါ သံလုံးက...

"ညီမ...ညီမ...မကြောက်နဲ့တော့ မြွေလေးမရှိတော့ဘူး သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



ကရင်မလေးလည်း သံလုံးပြောမှ နောက်ပြန်လှည့်ကြည့်မိသည်။ မြွေမရှိတော့မှ သူမလည်း သံလုံး ရင်ခွင်ထဲမှ ဖယ်လိုက်မိသည်။ သံလုံးမှာ ကရင်မလေးရဲ့အထိအတွေ့ကြောင့် ရင်ထဲ ဘယ်လိုဖြစ်သွားမှန်း မသိပါ။

ကရင်မလေးရဲ့ အချစ်များ ဖမ်းစား၊ ပြုစားလိုက်ပြီလား လို့ စိတ်ထဲမှာ ထင်မိသည်။ ဒါပေမဲ့ သူကသာ စိတ်ထဲရှိနေတာ၊ ကရင်မလေးကတော့ သူ့လို ရှိမှရှိရဲ့လား၊ အင်းလေ... သူ ဒါတွေ စိတ်ကူးနေဖို့ အချိန်မဟုတ်သေးပါဘူးလေ၊ သူ့မှာက မိန်းမရှိခဲ့ပြီ မဟုတ်ပါလား။

ဒါပေမဲ့ မိန်းမရှိခဲ့ပေမယ့် နောက်ထပ် မချစ်ရတော့ဘူး လို့ ဘယ်သူက ပြောခဲ့လို့လဲ။ ချစ်မယ်ဆို ချစ်နိုင်တာပဲ မဟုတ်ပါလား။ အချစ်ဆိုတာ ကုန်ခမ်းသွားတာမှ မဟုတ်တာ၊ အချစ်ဆိုတာဟာ အမြဲတမ်း သစ်လွင်နေတယ်ဆိုတာ သူကိုယ်တိုင် ယခု ခံစားလိုက်ရလို့ သိလိုက်ရပြီလေ။

သံလုံး စဉ်းစားနေတာ ဖော်ကြီးက ဘာမှမပြောဘဲ ငြိမ်ပြီး ကြည့်နေမိသည်။ ဒါကို ကရင်မလေးကလည်း သိသည်၊ ဒါ ကြောင့် သူကပဲ စတင်ပြီး ...

"အစ်ကို... အစ်ကို... ဘာတွေ စဉ်းစားနေတာလဲ၊ သတိ





ထားပါဦး"

ကရင်မလေး သတိပေးလိုက်မှ သတိရကာ ရှက်ကိုးရှက် ကန်းဖြင့်...

"သြော်... ခုနက မြွေလေးအကြောင်း စဉ်းစားနေတာပါ"

"ဟင်... ခုနက မြွေက ဘာတွေဖြစ်ခဲ့လို့လဲဟင်"

"ဒီလိုပါ..."

ဟု စတင်ပြီး သူနဲ့ ဦးဘကောင်းတို့ ရေချိုးသွားတုန်းက တွေ့ခဲ့ရသော မြွေဖြူလေးနှင့် မြွေကြီးအကြောင်းကို သံလုံးက ကရင်မလေးနှင့် ဖော်ကြီးကို ပြောပြလိုက်သည်။

ထိုအခါ ကရင်မလေးက အံ့သြကာ...

"ဟာ..."

"ဒါဆို အစ်ကိုက မြွေဖြူနဲ့တွေ့ခဲ့တာ နှစ်ကြိမ် ရှိခဲ့ပြီပေါ့"

"ဟုတ်တယ်... နှစ်ကြိမ်ရှိခဲ့ပြီ"

"ထူးဆန်းတယ်နော်... မြွေဖြူလေးက အစ်ကို့နောက်ကို ပဲ လိုက်နေသလားမသိဘူးနော်၊ အစ်ကိုတို့က ကူညီပေးလိုက်လို့ ကျေးဇူးရှင်ဆိုတဲ့အသိနဲ့များ လိုက်ပြီး စောင့်ရှောက်နေလားမသိ ဘူးနော်"

"ဖြစ်နိုင်တယ်... ဒါပေမဲ့ အစ်ကို စိတ်ထဲမှာ တမျိုးဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေတာ တစ်ခုတော့ ရှိတယ်၊ မြွေဖြူလေးကနေ မြွေကြီး ဘယ်လို ဖြစ်သွားတာလဲ မသိဘူးဆိုတာပဲ"

"ဩော်… အစ်ကိုကလည်း တောထဲမှာက ဒီလို အဖြစ်အပျက်မျိုးတွေက သိပ်မဆန်းတော့ပါဘူး၊ သူတို့ အကူအညီ လိုလို့ အစ်ကိုတို့တွေ့အောင် ဖန်ဆင်းပြီး မြင်အောင်လာပြတာ နေမှာပေါ့"

ကရင်မလေးကတော့ သူလိုရာ ဆွဲသွင်းပြီး ပြောလိုက်သည်၊ ဒါပေမဲ့ သူပြောတာလည်း ဖြစ်နိုင်တာပဲဟု သံလုံးက ကောက်ချက်ချမိပါသည်၊ တောတောင်တွေရဲ့သဘာဝကလည်း ဆန်းကြယ်သား မဟုတ်လား၊ သူ ကြားဖူး ဖတ်ဖူးတဲ့ စာပေတွေထဲမှာ ခဏခဏ ဖတ်ဖူးတယ်၊ တောတွေတောင်တွေရဲ့ မာယာ ပရိယာယ်ဆန်းပြားပုံများ သူတို့လိုက်မမီအောင် များပြားဆန်းပြားလွန်းလှသည် မဟုတ်ပါလား၊

သူ့အနေနဲ့ကလည်း ယုံလိုက်ပါပြီ၊ ဒါပေမဲ့ သူ ကျေနပ်သည်၊ သတ္တဝါတွေ ဒုက္ခရောက်တာ ကယ်တင်လိုက်ရ၍ သူ ကျေနပ်မိပါသည်၊

သူတို့သုံးဦး စကားကောင်းနေတာ အချိန်တောင် တော်တော်ကြာသွားသည်၊





"သမီးရေ… သမီး…"

"ဟော… ဖထီးခေါ်နေပြီ၊ ငါ သွားလိုက်ဦးမယ်"

ကရင်မလေးက ဘေးနားရှိ သစ်ကိုင်းတုတ်ကို လှမ်းယူလိုက်ပြီး ထိုင်ရာမှ ထရန်အလုပ် ခြေထောက်မှာနာပြီး လဲကျရန် ဖြစ်သွားသည်၊ ဒါကို သံလုံးက သတိထားမိ၍ လက်ကို လှမ်းဆွဲလိုက်သည်၊

ဒုတိယအကြိမ် ရင်ခုန်ရပြီ မဟုတ်ပါလား…

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၉)

# အိပ်မပျော်သော ည

လရောင်လေးက မှိန်ပျပျလေး...

ပတ်ဝန်းကျင်မှာကလည်း သစ်ပင်ကြီးများ မရှိ၍ လရောင်လေးကြောင့်လား... ကြယ်တာများကြောင့်လား မသိပါ အလင်းရောင်ကတော့ ရှိနေသည်၊ တဲပတ်ဝန်းကျင်မှာက ဝါးလုံးရှည်ဖြင့် ကရင်မီးတိုင် နှစ်တိုင်ထွန်းထားသည်၊ တဲပတ်ဝန်းကျင်မှာကတော့ အလင်းရောင်လေး ရနေသည်၊ တဲရှေ့မှာက ထင်းတုံးကြီးသုံးတုံးဖြင့် မီးပုံလေးတစ်ခု လုပ်ထားသည်၊ ပြီးနောက် မီးပုံပေါ်တွင် ရေနွေးကရားကို သစ်ကိုင်းတစ်ခုဖြင့် လျှိုကာ ဘေးနှစ်ဘက်တွင် ထောက်တိုင်ဖြင့် ရေနွေးတည်ထားသည်၊ မီးပုံ



ဘေးမှာက ဖထီးနှင့် ဦးဘကောင်းက စကားပြောနေကြသည်၊ မောင်ချို၊ ဇော်ကြီး၊ ဇော်အောင်၊ ဗီမောင်လွင်တို့က တဲနားရှိ ကွက်လပ်ကလေးတစ်ခုတွင် ဖျာကြမ်းလေးခင်းကာ စကားပြောနေကြသည်၊

သံလုံးကတော့ ပျောက်နေသည်၊ ကရင်မလေးကတော့ တဲပေါ်တွင် ဘာတွေ အလုပ်ရှုပ်နေမှန်းမသိပါ၊ ပေါ်မလာသေးပါ၊ အမိုးလည်း ကရင်မလေးနှင့်အတူ ရှိနေသည်၊

ထိုအခါ သံလုံးက တဲ၏ အနောက်ဘက်သို့ ဝင်သွားသည်၊ ခဏကြာတော့ ပြန်ရောက်လာသည်၊

သံလုံးလာနေတာ မောင်ချိုက မြင်လိုက်သည်၊

"အစ်ကို သံလုံးဒီနားလာလေ၊ အစ်ကို့ကိုမေးစရာရှိလို့"

မောင်ချိုက ခေါ်လိုက်၍ သံလုံးလည်း အနားသို့ ရောက်လာခဲ့သည်၊

"အစ်ကို သံလုံး ဇော်ကြီး ပြောပြတာ ဟုတ်လားဟင်"

"ဘာများလဲ"

မောင်ချိုရဲ့ အရင်းမရှိ၊ အဖျားမရှိ စကားကြောင့် သံလုံးက မသိ၍ ပြန်မေးလိုက်ခြင်းဖြစ်သည်၊

"နေ့ခင်းက အစ်ကိုသံလုံး ဇော်ကြီးကို ပြောပြတဲ့ မြွေ



www.burmeseclassic.com

www.burmeseclassic.com



လေးအကြောင်းပါ"

"ဩော်... ဒါက ဘာများဆန်းလို့လဲ"

"ဆန်းတာပေါ့... အစ်ကို သံလုံး နှစ်ခါတောင် တွေ့တယ်ဆိုတော့ ဆန်းတာပေါ့"

"တောထဲမှာဆိုတော့ မြွေတွေ့တာ မဆန်းပါဘူးလေ"

"ဒါနဲ့ အဲလိုနောက်တစ်ခါ မြွေကြီးကိုတွေ့ရင် အစ်ကို သံလုံးမှတ်မိနိုင်ပါ့မလား"

"မှတ်မိနိုင်ပါတယ်... ဘာကြောင့်လဲဆိုတော့ သူ့ရဲ့ကိုယ်လုံးမှာ အနာတွေ ဒဏ်ရာတွေတော့ ကျန်မှာပဲ"

"နောက်တစ်ခေါက် ပြန်တွေ့ရလိမ့်မယ်လို့ အစ်ကို့ ရင်ထဲမှာ ခံစားနေလား"

"မင်းပြောမှပဲ ငါလည်း တွေးမိတယ်၊ ခံစားနေရသလိုပဲ"

ထိုအခါ အနားသို့ လင်ဗန်းတစ်ချပ်ပေါ်တွင် ရေနွေးအိုးနှင့် ဆတ်သားခြောက်ဖုတ်လေးကို တင်ယူလာသော ကရင်မလေးကို တွေ့လိုက်ရသည်။

ပထမဦးဆုံး တွေ့လိုက်သူကတော့ မောင်လွင်ပဲ။ ဘာကြောင့်လဲဆိုတော့ ကရင်မလေး လာတဲ့ဘက် မှာ မောင်လွင်က မျက်နှာမူထား၍ ဖြစ်သည်။





"လာ... ညီမလေး... ပေး... ပေး..."

ဟု မောင်လွင်က ထိုင်ရာမှထပြီး ကရင်မလေးလက်ထဲမှ လင်ဗန်းကိုယူကာ ...

"ရော့... အစ်ကိုတို့ အပျင်းပြေစားဖို့ ဆတ်သားခြောက်ဖုတ်နဲ့ ရေနွေး... စကားပြောရင်း စားဖို့ ငါယူလာခဲ့တာ"

"ကျေးဇူးပါပဲ ညီမရယ်... အစ်ကိုတို့ရဲ့ပါးစပ်လေး အပျင်းပြေသွားတာပေါ့"

"ဟာ... မင်း စကားကလည်း ဘာစကားလဲကွ"

အနားတွင်ရှိနေသော ဇော်အောင်က ပြောလိုက်သည်။

"အေးလေကွ... မင်းပဲစဉ်းစားကြည့် မင်းက စကားပြောနေရင် ငါ့ပါးစပ်က ပျင်းနေမှာပေါ့၊ ဒါကြောင့် အပျင်းပြေ ဆတ်သားခြောက် ဝါးနေမှာပေါ့လို့ ဆိုလိုတာပါ"

"ထိုင်လေ... ညီမ"

"ညီမလည်းပျင်းရင် အစ်ကိုတို့နဲ့ စကားပြောကြတာပေါ့"

သူတို့ရဲ့ ဖိတ်ခေါ်မှုကို ကရင်မလေးက မငြင်းတော့ဘဲ သံလုံးနားတွင် ဝင်ထိုင်လိုက်သည်။ သံလုံးဘေးတွင် ရှိနေသော ဇော်ကြီးက နေရာ ဖယ်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုတို့ မနက်ဖြန် ခရီးထွက်တော့မယ် မဟုတ်လား၊ စောစောမအိပ်ကြဘူးလား"

"ဒီလိုအချိန်မျိုးမှာ စောစောအိပ်ရင် အခုလို အခြေအနေလေး ဆုံးရှုံးသွားမှာပေါ့၊ နောင်လိုချင်လို့ ပြန်ရမှာ မဟုတ်ဘူး၊ အခုဆိုရင် ကျွန်တော်တို့ သူငယ်ချင်းတွေ ပျော်ပျော်ပါးပါး စကားပြောရတဲ့အရသာ ခံစားချင်လို့ပါ"

မောင်ချိုက သူ့ရဲ့ရင်တွင်းခံစားချက်ကို ရင်ဖွင့်လိုက်တာ အားလုံးက သဘောတူကြောင်းထောက်ခံသည့်သဘောဖြင့်...

"ဟုတ်တယ် ညီမရေ... ဒီက အစ်ကိုချို ပြောတာ ဟုတ်တယ်"

"ညီမတို့ဆီရောက်မှ အခုလို လွတ်လွတ်လပ်လပ် ပြောရတာပါ"

ဇော်အောင်က ထောက်ခံသည့်အနေဖြင့် ဝင်ပြောလိုက်သည်။

"ဒါနဲ့ ညီမရဲ့ခြေထောက်အနာ သက်သာရဲ့လား"

"ဟုတ်ကဲ့... သက်သာသလိုဖြစ်နေပါပြီ"

သူတို့အားလုံး သူ့အကြောင်း၊ ငါ့အကြောင်း ပြောကြရင်း အချိန်များ ကုန်လွန်ခဲ့ကြသည်။





ညသည် တဖြည်းဖြည်းနက်လာသည်။

အိပ်ချင်လာကြ၍ ကွပ်ပျစ်များပေါ်နှင့် ထင်းပုံနားတွင် အိပ်လိုက်ကြတော့သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

# မြွေဦးခေါင်းတောင်သို့

သူတို့အားလုံး ခရီးစတင်ထွက်ခဲ့ကြသည်။ ဒီခရီးတွင် ကရင်အဖိုးကြီး ဖထီးပါ လိုက်ပါသည်။ ဖော်ကြီးက ဦးဆောင်နေသည်။ ဖထီးက လမ်းပြဖြစ်၍ ရှေ့ဆုံးမှ ဓားရှည်တစ်ချောင်းဖြင့် ရမ်းကာ သွားနေသည်။

ဖထီးလည်း လမ်းသွားရင်းနှင့် ရှေ့တွင်မမျှော်လင့်ဘဲ မြွေဖြူလေး တွေ့လိုက်ရသည်။

"ဟင်... မြွေဖြူလေးပါလား"

ဖထီးလည်း ရုတ်တရက် လန့်သွားသည်။ ဒါပေမဲ့ မှဆိုးဆိုတော့ လန့်တာကို ပြန်ထိန်းထားနိုင်ခဲ့သည်။ နောက်မှ လိုက်



လာနေသောသူများ အားလုံး ဖထီးကြောင့် ရပ်လိုက်ကြသည်။

ထိုအခါ ဦးဘကောင်းက...

"ဖထီး... ဘာဖြစ်လို့လဲ..."

"ရှေ့မှာ မြွေတစ်ကောင် တွေ့လို့ဝေး"

ထိုအခါ ဦးဘကောင်းက ရှေ့ကို ကျော်တက်လာပြီး ဖထီးပြသောမြွေကို ကြည့်လိုက်သည်။

သူနဲ့ သံလုံးတို့ တွေ့ခဲ့သော မြွေဖြူလေးများလားလို့ စိတ်ထဲမှာတော့ ထင်မိသည်။ သူကြည့်နေတုန်းမှာပဲ မြွေဖြူလေးက ဘေးနားရှိ ချုံထဲသို့ တိုးဝင်ပျောက်ကွယ်သွားလေသည်။

ဦးဘကောင်းရဲ့ စိတ်ထဲမှာ တစ်မျိုးဖြစ်မိသည်။ မြွေဖြူလေးက ဘာကြောင့် သူတို့သွားမယ့်လမ်းမှာ ရှိနေရတာလဲ။ ဦးဘကောင်း စဉ်းစားရင်း အားလုံးကို ဆက်သွားဖို့ အမိန့်ပေးလိုက်သည်။

ဦးဘကောင်းက သံလုံးနားသို့လာပြီး...

"မောင်သံလုံး... မင်း ဘယ်လိုထင်လဲ၊ အခုတစ်ခါ မြွေဖြူလေး ထပ်တွေ့ပြန်ပြီ"

ထိုအခါသံလုံးက ...

"ကျွန်တော်လည်း ဘယ်လိုထင်ရမှာလဲ၊ အင်း... ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့နောက်ကိုလိုက်နေတာတော့ သေချာတယ်၊ အန္တရာယ်ပေးမှာတော့ မဟုတ်ပါဘူး၊ သူ ပါလာတဲ့အကြောင်း ရှေ့က ပြောတာလား မသိဘူး...”

“မောင်သံလုံး ပြောသလို ဖြစ်ပါစေလို့ပဲ ဦး ဆုတောင်းပါတယ်”

သူတို့အားလုံး ခရီးဆက်ခဲ့ရာ တောက နက်နက်လာသည်၊ ကြမ်းလည်းကြမ်းလာ၍ သူတို့အားလုံး မောနေကြသည်၊ ဖထီးလည်း ရှေ့မှသွားပေမယ့် ခရီးတစ်ထောက်နားဖို့ ရှာရင်းရှာရင်းနဲ့ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်၊

သက်တန်းအတော်ရင့်နေပြီဖြစ်တဲ့ အပင်တစ်ပင်ကို တွေ့လိုက်ရသည်၊ ဘာအပင်မှန်း မသိပါ၊ သူတို့အဖို့ကလည်း အပင်ကို သိစရာ မလိုဘူး မဟုတ်ပါလား၊ အရိပ်ကောင်းပြီး နားနားနေနေ နေလို့ရရင် ပြီးတာပဲ မဟုတ်ပါလား၊

ထိုအခါ ဖထီးက...

“ငါ့တူတို့အားလုံး ဒီမှာ ခဏနားကြမယ်”

ဟု ဖထီးကပြောရင်း သူကိုယ်တိုင်ပဲ သစ်ပင်ရဲ့ မြေပြန့်တွင် ထိုင်ချလိုက်သည်၊ တော်တော်မောနေကြသည်၊ ခရီးကို ဆက်တိုက် မနားတမ်းလျှောက်ခဲ့ကြ၍ ခြေထောက်များလည်း





တောင့်တင်းနေကြသည်၊

“ရှူး... ရှူး... ဝေါ... ဝေါ...”

“အားလုံး ငြိမ်ငြိမ်နေကြ၊ ဘာအသံလည်း မသိဘူး”

ဖထီးက ပါးစပ်နားသို့ လက်ညှိုးလေးကပ်ကာ အားလုံးသိအောင် လုပ်ပြလိုက်သည်၊ ပြီးနောက်ဖထီးက ထိုင်ရာမှထကာ သူ ကြားလိုက်သောအသံရှိရာ ချုံနားသို့ တိုးကပ်သွားသည်၊ သူ့နောက်မှ သံလုံးက ကပ်ပြီး လိုက်သွားသည်၊

ပြီးနောက် ဖထီးက ချုံပုတ်လေးကို လက်တစ်ဖက်က ဖြဲပြီး ကျန်လက်တစ်ဖက်က ဓားကိုကိုင်ကာ ရန်သူထွက်လာလျှင် အဆင်သင့်ခုတ်ရန် အသင့်အနေအထား လုပ်ထားသည်၊ ဒါပေမဲ့ ဖထီးမြင်လိုက်ရသောမြင်ကွင်းကိုကြည့်ပြီး အံ့ဩသွားလေသည်၊

ချုံထဲတွင် တောဝက်ပေါက်ကလေးတစ်ကောင် ခြေထောက်နာပြီး မပြေးနိုင်တော့ပါ၊ ဖထီးလည်း တောဝက်ကလေးကို မြင်လိုက်ရပြီး ဝမ်းသာသွားသည်၊ ဘာကြောင့်လဲဆိုတော့ မနက်စာလေး တောကောင်တစ်ကောင် ပင်ပင်ပန်းပန်း မရှာရပဲ အဆင်သင့် ရလိုက်လို့ဖြစ်သည်၊

ထိုအခါ ဖထီးလည်း တောဝက်လေးကို ကြိုးကွင်းစွပ်ကာ ခေါ်လာခဲ့သည်၊ ခြေထောက်တစ်ဖက်က ထောက်ကာထောက်



www.burmeseclassic.com

www.burmeseclassic.com



ကာဖြင့် ပါလာသည်။ ဦးဘကောင်းလည်း ဖထီး ကြိုးကွင်းစွပ်ကာ ခေါ်လာခဲ့သော တောဝက်လေးကို ကြည့်ပြီး…

"ဖထီး ဘယ်က ရလာတာလဲ"

"ဟို ချုံထဲက နာမှတ်သံကြားလို့ ဘာလဲလို့ ဝင်ကြည့်လိုက်တော့ တောဝက်လေးဖြစ်နေတယ်"

"အင်း… မနက်စာတော့ ကောင်းကောင်း ဖူလုံသွားပြီ"

ဖော်ကြီးတို့ အုပ်စုကလည်း မျက်နှာများ ပြုံးပျော်လျှက် တောဝက်သားလေး စားရတော့မည်ဖြစ်၍ ပျော်နေကြသည်။

မကြာခင်မှာပဲ ဖထီးက တောဝက်လေးကို အမဲဖျက်ကာ ကင်ဖို့လုပ်ကြတော့သည်။

ထိုအခါ သံလုံးလည်း တောဝက်လေးကိုကြည့်ကာ သူတို့တွေ ပင်ပင်ပန်းပန်း အမဲမလိုက်ပဲ ရလိုက်တာ ထူးဆန်းနေသလားလို့ ထင်မိသည်၊ အရင်တစ်ခါကလည်း ဂျီ တစ်ကောင် ရခဲ့ဖူးသည်၊ ယခုလည်း တောဝက်လေး ရသည်၊ သူတို့ သွားရာလမ်းတစ်လျှောက် စားဖို့သောက်ဖို့ မပူပင်ရပါ၊ အမဲလည်းမလိုက်ရဘဲ သက်သက်သာသာရနေသည်။

ဘယ်သူကများ လိုက်ပြီး စောင်မနေတာလည်း မသိပါ၊ ခဏကြာတော့ တောဝက်သားလေး ကျက်သွားသည်။ ဖထီးက





တောဝက်သားကို တစ်ဖဲ့ ဖဲ့ကာ တောစောင့်နတ်များကို အရင်ပထမဦးဆုံး တင်မြှောက်လိုက်သည်။ ပြီးနောက် …

"ဝေး…ကောင်လေးတို့ စားလို့ရပြီဝေး"

"လာကြ…လာကြ"

ဖထီးရဲ့ခေါ်သံကြောင့် သူတို့အုပ်စု ဖထီးနားသို့ ရောက်လာကြသည်။ ဖထီးက တောဝက်သားလေးကို ဓားဖြင့်လှီးကာ ဖဲ့ကာ သူတို့လေးယောက်ကို ထည့်ပေးလိုက်ကြသည်။

ဦးဘကောင်းကတော့ နောက်ဆုံးမှ အေးအေးဆေးဆေး လာယူသည်။

သူတို့ အဝစားတာတောင် တောဝက်သားက မကုန်ပါ၊ စားသောက်ပြီး၍အားလုံး ခဏနားကြသည်၊ သံလုံးလည်း တောဝက်သားကြောင့် အဆီရစ်ကာ မှေးခနဲ ပျော်သွားသည်။ ဦးဘကောင်းလည်း သစ်ပင်ရဲ့ခြေရင်းတွင် မှီကာ မှေးခနဲ ဖြစ်သွားပြီး…

"အစ်ကိုကြီး…အစ်ကိုကြီး…ထပါဦး၊ ပြောစရာရှိလို့ပါ"

ဦးဘကောင်းလည်း လန့်ကာ နိုးသွားသည်၊ သူ့ကို လာနှိုးသောသူကို သေသေချာချာ ကြည့်လိုက်သည်။ ဒါပေမဲ့ မျက်နှာကို သေသေချာချာ သိပ်မမြင်ရပါ၊ သူ့ကပဲ အိပ်မှုန်စုံမွှား ဖြစ်နေ့လား မသိပါ၊ လာနှိုးသောသူကို မမှတ်မိဘဲ ဖြစ်နေသည်၊ ထိုအခါ



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ ဖထီးက ခားရှည်ကို မလိုတော့ဘဲ တုတ် တစ်ချောင်း ခပ်ရှည်ရှည်လေးကိုင်ကာ ရှေ့မှ ရမ်းကာ သွားနေ သည်၊ ဖထီးနောက်မှ ဦးဘကောင်းက လိုက်နေသည်၊ ဦးဘ ကောင်းနောက်မှ သံလုံးက လိုက်သည်၊ ကျန်တဲ့သူများကတော့ စီကာ လိုက်လာကြသည်၊ အဲ... နောက်ဆုံးမှာတော့ ဖော်ကြီးက လိုက်ခဲ့သည်၊

ဖော်ကြီးက နောက်ဆုံးဖြစ်နေ၍ စိတ်ထဲမှာတော့ နည်း နည်းကြောက်သလိုတော့ ဖြစ်မိသည်၊ ဘာကြောင့်လဲဆိုတော့ သူ့နောက်မှာက ဘယ်သူမှ မရှိလို့ပဲ၊ ဖော်ကြီးစိတ်ထဲမှာတော့ တစ်ခုခုကို ထင့်နေမိသည်၊

ဒါကလည်း မရေမရာဖြစ်မိသည်၊ သူ့ရဲ့နောက်မှ တစ်ဦးဦး လိုက်လာသလို၊ ပါလာသလိုလို စိတ်ထဲ မှ ထင်နေမိသည်၊ တစ်ခါတစ်ခါ ခြေလှမ်းတွေကို သတိထားမိ၍ ဂရုတစိုက် နားထောင်မိသည်၊

"ချွတ်... ချွတ်... ချွတ်..."

တကယ်တော့ သူ့ရဲ့နောက်က ခြေသံကြားစရာ အကြောင်းမရှိပါ၊ အခုတော့ ခြေသံက ကြားနေရသည်၊ သူ့ရှေ့ သွားနေသောသူကလည်း သူနဲ့က ငါးလှမ်း၊ ဆယ်လှမ်းလော





ကွာနေသည်၊ သူ ဘာလုပ်ရင်ကောင်းမလဲဟု စိတ်ထဲမှတွေးကာ ရှေ့ကလူနောက် မောင်လွင်ဆီသို့ အပြေးကလေးသွားကာ ကပ် လိုက်သည်၊

ရှေ့မှသွားနေသော မောင်လွင်က ဖော်ကြီးကို လှည့် ကြည့်ပြီး...

"ဘာဖြစ်လို့လဲ... ဖော်ကြီး"

ဖော်ကြီးလည်း ပြောသင့်မပြောသင့်စဉ်းစားလိုက်သည်၊ ပြောလိုက်လျှင်လည်း သူ့ကို အထင်သေးမှာ ကြောက်သည်၊ မ ပြောတာဘဲ ကောင်းပါတယ်လေဟု စိတ်ထဲမှဆုံးဖြတ်လေသည်၊

"ဘာမှမဟုတ်ပါဘူး... မင်းတို့နဲ့ လူစုကွဲသွားမှာ စိုးလို့ပါ"

မောင်လွင်လည်း ဖော်ကြီးပြောပုံကို ကြည့်ပြီး ဘဝင် မကျဖြစ်မိသည်၊ ပြီးတော့ ဖော်ကြီးကို ကြည့်ရတာ တစ်ခုခုကို ကြောက်နေသလို ဖြစ်နေသည်၊ ဒါနဲ့ မောင်လွင်လည်း ဖော်ကြီး ကိုဘာမှမပြောတော့ဘဲ ငြိမ်သာနေလိုက်သည်၊ သူ့နေရာကို ဖော်ကြီးကို တင်လိုက်သည်၊ သူက နောက်မှ လိုက်ပေးသည်၊

ဒီလိုနဲ့ ရှေ့ကို ခရီးတော်တော်ရောက်တဲ့အခါ မောင်လွင် လည်း နောက်ကို လှည့်ကြည့်လှည့်ကြည့်ဖြစ်လာသည်၊ ဘာ ကြောင့်လဲဆိုတော့ သူ့နောက်မှာ တစ်ဦးဦးပါလာသလို



www.burmeseclassic.com

www.burmeseclassic.com



ရသည်၊ ကျောမလုံဖြစ်လာမိသည်၊ ဒါပေမဲ့ မောင်လွင်က မကြောက်ပါ။

သူကတော့ သတိထားနေမိသည်၊ မကြာခင်မှာပဲ ရှေ့ဆုံးမှ သွားနေသော ဖထီးက ရုတ်တရက် လန့်သွားသည်၊ လန့်သွားသောကြောင့် ခြေလှမ်းများ ရပ်တန့်ကာ ငြိမ်နေလိုက်သည်၊ ဖထီးရပ်သွား၍ ဦးဘကောင်းပါ ရပ်သွားသည်၊

ထိုအခါ ဦးဘကောင်းက ...

"ဖထီး... ဘာဖြစ်လို့လဲ၊ ဘာတွေ့လို့လဲ"

"ဟိုရှေ့မှာ မြွေဖြူလေး ငါတို့ကို ခေါင်းထောင်ပြီး ကြည့်နေ တယ်၊ မတွေ့ဘူးလား"

ဟုတ်ပါသည်၊ ဦးဘကောင်းကြည့်လိုက်သောအခါ မြွေဖြူက သူတို့ဘက်သို့ ခေါင်းထောင်ကာ ကြည့်နေသည်၊ ဦးဘကောင်းတို့လည်း ဘာဆက်လုပ်ရမှန်းမသိဘဲ မြွေဖြူလေးကို ကြည့်နေမိသည်၊

"ဒါနဲ့ ဦးဘကောင်းလည်း မြွေဖြူလေးရဲ့ အရှေ့ကို လှမ်းကြည့်လိုက်သည်၊ ရှေ့မှာလည်း ဘာမှမတွေ့ပါ၊ ဦးဘကောင်းလည်း မသင်္ကာဖြစ်လာသည်၊ ဒီတစ်ခါ မြွေဖြူလေးက ဆက်ပြီးမသွားဘဲ သူတို့ကိုသာ ကြည့်နေသည်၊ တစ်ခုခုတော့ ထူးခြားနေပြီဆိုတာ သိလိုက်သည်၊ ဒါနဲ့ ဦးဘကောင်းက မြွေဖြူလေးနားသို့တိုးကာ ...





"အသင်မြွေဖြူလေး... ကျွန်တော်တို့ကို ဘာများ ကူညီပေးမှာလဲ... တစ်ခုခု ပြသပါ"

ဟု ပြောလိုက်သည်၊

ထိုအခါ မြွေဖြူလေးက ခေါင်းငုံ့ကာ ရှေ့သို့ ဆက်သွားသည်၊ ဦးဘကောင်းလည်း မြွေဖြူလေးနောက်သို့ ဆက်လိုက်သွားသည်၊ ဦးဘကောင်းနောက်မှ ကျန်လူများက ဆက်ပြီး လိုက်လာကြသည်၊

ထိုအခါမထင်မှတ်သောမြင်ကွင်းတစ်ခုတွေ့လိုက်ရသည်၊

"ဝုန်း..."

"ဖလပ်... ဖလပ်... ဖလပ်..."

"ဟာ... အမလေး..."

ဦးဘကောင်း လန့်သွားသည်၊ သူ၏ရှေ့တည့်တည့် သစ်ပင်ခွကြားတွင် လူ့အရိုးစုတစ်ခု ဘွားခနဲ တွေ့လိုက်ရသည်၊ လူ့အရိုးစုမှာ အသားများ မရှိတော့ပါ၊ ဦးခေါင်းရိုးနှင့် နံရိုး၊ ခြေ လက်ကတော့ စုံနေသေးသည်၊ ခေါင်းပေါ်တွင်လည်း ဦး[illegible]ဘ ဆောင်းလျှက်သား ဖြစ်သည်၊ လည်ပင်တွင် ဆွဲပြား[illegible]တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်ရသည်၊ ဆွဲပြားကတော့ လက်ဝါးကပ်တိုင်လေးပါ၊ ဦးထုပ်ကလည်း သောင်းကျန်းသူများ ဆောင်းသော ပြောက်ကျားဦးထုပ်ဖြစ်သည်၊

ဦးဘကောင်းက လူအရိုးစုကိုကြည့်ပြီး ဒါဟာ သောင်းကျန်းသူတစ်ဦး ထောင်ချောက်မိပြီးသေသွားတာပဲလို့မှတ်ချက်ချလိုက်သည်၊

သူ၏ ရှေ့နားတွင်တော့ နွယ်များ၊ သစ်ရွက်များဖြင့် ဗိုင်းရံလျှက် ကျင်းလေးတစ်ကျင်း တွေ့လိုက်ရသည်၊ ဦးဘကောင်းနှင့် သံလုံးနှစ်ဦး ကျင်းနားသို့ တဖြည်းဖြည်းချင်း ကပ်သွားသည်၊ ကျင်းကိုလေ့လာလိုက်သောအခါ...

မြွေများဖြင့် လုံးထွေးနေသော လူအရိုးစုနှစ်ခု၊ သုံးခုကို တွေ့လိုက်ရသည်၊ မြွေကျင်းဆိုပေမယ့် ကျင်းကတော့ သိပ်မနက်လှပါ၊ ခြောက်ပေ၊ ခုနစ်ပေ လောက်သာရှိသည်၊

ဧင်းလူတွေလည်းသောင်းကျန်းသူတွေသာဖြစ်မည်ဟု ခန့်မှန်းရသည်၊

ဘာကြောင့်လဲဆိုတော့ အရိုးစုများကို လေ့လာလိုက်သောအခါ မကြာသေးသော လများကဖြစ်လိမ့်မည်ဟု ခန့်မှန်းရသည်၊





ဦးဘကောင်းနားသို့ ဖထီးက ကပ်လာပြီး...

"ဦးဘကောင်း... လာ... ဒီလမ်းက မသွားနဲ့တော့၊ အန္တရာယ်များတယ်၊ ဒီကောင်တွေတောင် မရှောင်နိုင်လို့သေကြတာ ခုနက မြွေဖြူလေးပြတာ အန္တရာယ်များလို့ သတိပေးတာ ဖြစ်နိုင်တယ်"

ထိုအခါ ဦးဘကောင်းက...

"ဒါဆို ဖထီး ကျွန်တော်တို့ ဘယ်လမ်းကသွားရမှာလဲ၊ ပြပါဦး"

ထိုသို့ သူတို့ပြောနေစဉ် သံလုံးက...

"ဦးလေး... ဦးလေး... ဟိုမှာ မြွေဖြူလေး"

ဦးဘကောင်းက သံလုံးပြသော နေရာသို့ ကြည့်လိုက်သောအခါ လူတွေ သွားလာထားတာဟု ထင်ရသော လမ်းကြောင်းလေးတစ်ခုဖြစ်နေသော ချုံစပ်တစ်ခုကို တွေ့လိုက်ရသည်၊

ထိုအခါ မြွေဖြူလေးက ဧင်းလမ်းအတိုင်း နောက်ပြန်လှည့်ကာထွက်သွားတာ တွေ့လိုက်ရသည်၊

ဦးဘကောင်းလည်း မြွေဖြူလေး ထွက်သွားတာ တွေ့လိုက်၍ သဘောပေါက်သွားသည်၊



www.burmeseclassic.com

www.burmeseclassic.com



"လာ... ဖထီး... ဒီလမ်းအတိုင်း သွားရအောင်..."

ဟု ဦးဘကောင်းက ဦးဆောင်ကာ မြွေဖြူလေးထွက်သွားသော လမ်းကြောင်းအတိုင်း လိုက်သွားတော့သည်။

❖ ❖ ❖



အခန်း (၂၀)

# မြွေတွေပေါတဲ့ မြွေခေါင်းတောင်

သူတို့အားလုံး မြွေခေါင်းတောင်ခြေသို့ ညနေ နေဝင်ခါနီး ငါးနာရီလောက်တွင် ရောက်လာခဲ့ကြသည်။ ပတ်ဝန်းကျင်ကလည်း အေးစိမ့်လာသည်။ တော၏ သဘာဝ ညနေ နေဝင်ရင် အအေးဓာတ်က ရှိပြီးသား မဟုတ်ပါလား။ ထိုနေရာကလည်း သစ်ကြီးဝါးကြီးများ ပေါသောနေရာလည်းဖြစ်တော့ ပိုပြီး အအေးကပိုလေသည်။

ပြီးနောက် တောင်ကြားတစ်ခုထဲ ဖြစ်နေတော့ ပိုပြီး အေးလာသည်။

ဖထီးက သူတို့အားလုံး နားနေဖို့အတွက် နေရာရှာနေ

www.burmeseclassic.com

www.burmeseclassic.com



သည်၊ အရိပ်ရသော၊ နားနေဖို့ကောင်းသော သစ်ပင်ကြီးတစ်ခုကို တွေ့၍ စခန်းချရန် ပြင်ဆင်ကြသည်။

ထိုအခါ သံလုံးက ဦးဆောင်သူပမာ...

"ကဲ... ညီလေးတို့ ထင်းရှာတဲ့သူက အမြန်ရှာကြ၊ တို့ မီးပုံကြီးတစ်ပုံ အရင်ပုံရအောင်..."

ထိုသို့ပြောနေစဉ်တွင် မောင်ရျှိန်နဲ့ ဇော်အောင်က ပတ်ဝန်းကျင်သို့ ထသွားပြီး သစ်ကိုင်းခြောက်များ၊ ထင်းတုံးများ စုဆောင်းလေသည်။

မောင်လွှင်နဲ့ ဇော်ကြီးကတော့ ရေရှာရန် ပြင်ဆင်ကြသည်၊ ဒါပေမဲ့ ဖထီးများ သိမလားဆိုပြီး ဖထီးကို အကူအညီတောင်းလိုက်သည်၊

"ဖထီး... ဖထီး... ဒီနားမှာ ရေဘယ်မှာ ရှိလဲ"

ထိုအခါ ဖထီးက တောင်၏ အခြေအနေကို ကြည့်ပြီး လမ်းကြောင်းလေးတစ်ခုကို တွေ့လိုက်၍...

"ဟိုမှာ မြင်နေရတဲ့ လမ်းတိုင်းဆင်းသွား၊ စမ်းချောင်းလေးတွေ့လိုက်မယ်"

"ဟုတ်ကဲ့... ဖထီး၊ ကျေးဇူးပါပဲ"

သံလုံးက စခန်းချဖို့အတွက် တဲလေးတစ်လုံး လုပ်နေ





သည်၊ ပြီးနောက် အိတ်ထဲတွင် ပါလာသော စားစရာများကိုချက်ပြုတ်ရန် ကြိုတင်ပြင်ဆင်ထားလေသည်။

မီးပုံကတော့ ပုံလို့ပြီးသွားပါပြီ၊ မီးတောက်များလည်း ရဲပြီး မီးပုံဘေးတွင် ဖထီးက ချိုင်းထောက်လေးနှစ်ခု ပြုလုပ်နေသည်၊ ပြီးနောက် စစ်သုံးချိုင့်ကို သစ်ကိုင်းတစ်ခုထဲလျှိုပြီး ရေနွေးကျိုလိုက်လေသည်၊ ဦးဘကောင်းကတော့ သံလုံးနဲ့ ဖထီး လုပ်နေတာ ကြည့်နေလိုက်သည်၊

မကြာခင်မှာပဲ မောင်လွှင်နဲ့ ဇော်ကြီး ဝါးကျည်တောက်ဖြင့် ရေများပါလာသည်၊ ဖထီးနားရောက်တော့ ...

"ဖထီး ပြောတာ ကွက်တိပဲ၊ လျှိုအောက်ကို ဆင်းတာနဲ့ စမ်းချောင်းလေး တွေ့တာပဲ"

"ဖထီးက ဘယ်လိုသိတာလဲဟင်... ဒီနေရာ ရောက်ဖူးလို့လား"

"ကောင်လေးတွေနော်... ဖထီး ပြောပြမယ်၊ တောင်တွေရဲ့ သဘာဝကို ကြည့်ပြီး စမ်းချောင်းရှိနိုင်တဲ့နေရာကို သိတာက မဆန်းပါဘူး၊ ဖထီးတို့က အမဲလိုက်လာတာ ကြာပြီလေ၊ တောင်တွေနားရောက်ရင် မှတ်သားရတာပေါ့"

"အဲဒီ တောင်ကို မှတ်မိရင် တောင်ခြေနားရောက်ရင်



www.burmeseclassic.com

www.burmeseclassic.com



တောင်တွေရဲ့ရှေ့နောက်တောင်ပြောက်ကိုမှတ်ရတယ်၊ ပြီးတော့ ရေစီးကိုလည်း မှတ်ရတယ်၊ တချို့စမ်းချောင်းတွေက အမြင့်မှ အနိမ့်ကိုစီးတတ်ကြတယ်မဟုတ်လား"

ထိုအခါ ဖထီးက သူတို့ရောက်နေသော တောင်တစ်ခုကိုပြလိုက်သည်။

"အဲဒီတောင်ကိုမြင်တယ်မဟုတ်လား ကောင်လေးတို့၊ အဲဒီတောင်ကိုဘယ်လိုမြင်လဲ"

ထိုအခါ ဖော်ကြီးက ဝင်ပြောလိုက်သည်။

"ကျွန်တော်တို့ကတော့ ဘယ်လိုမှ မမြင်ပါဘူး၊ ဘာကို ပြောတာလဲ ဖထီး"

"ဒီလို ကောင်လေးရဲ့... အဲဒီတောင်ကို သေသေချာချာ ကြည့်၊ တခြားတောင်တွေနဲ့စာရင် အဲဒီတောင်က ပိုပြီးကြီးတယ်၊ ပြီးတော့ ပိုပြီးလည်းမြင့်တယ်၊ နောက်ပြီး တို့ရောက်တဲ့နေရာက လည်း အဲဒီတောင်နဲ့စာလိုက်ရင် အနိမ့်ပိုင်းလေး ဖြစ်နေတယ်၊ နောက်ပြီး တောင်ဘက်မှာဖြစ်နေတာလည်းဖြစ်တယ်၊ ဒါ့အပြင် ကောင်လေးတွေကို လမ်းညွှန်လိုက်တဲ့ နေရာကိုလည်း ပြန်ကြည့်လိုက်ဦး၊ တခြားနေရာထက်စာရင် လမ်းကြောင်းလေး တစ်ခု ဖြစ်နေတာ မတွေ့ဘူးလား"





"ဟုတ်တယ် ဖထီး... ဖထီး ပြောတဲ့လမ်းအတိုင်း ဆင်းသွားတာ လမ်းက ရှင်းနေတာပဲ၊ လူတွေ သွားထားတာလား၊ ဒါမှမဟုတ် တိရစ္ဆာန်များ သွားထားတာလားဆိုတာ မသိဘူး"

"အေး... ဒီလမ်းဟာ တောကောင်တွေ ရေဆင်းသောက်တဲ့လမ်းပဲ၊ ဒါကြောင့်လည်း လမ်းကြောင်းလေး ဖြစ်နေတာပေါ့"

"နင်တို့က မုဆိုးမလုပ်ဘူးတော့ တောတောင်ရဲ့သဘာဝအနေအထား၊ ဓလေ့ထုံးစံတွေဟာ ထူးဆန်းတာတွေ အများကြီးပဲ တချို့ဆိုရင် သဘာဝကပေးတဲ့အသိတွေဟာ ယူလို့ မကုန်ပါဘူး၊ ဒါဟာ ဖထီးတို့အတွက် အသေးအမွှားပါ"

"ဟုတ်ကဲ့ပါ ဖထီး၊ ကျွန်တော်တို့ မှတ်သားထားပါ့မယ်"

ဖော်ကြီးက ဖထီးပြောပြတော့ တောသဘာဝရဲ့ ဗဟုသုတများကို ခေါင်းတညိတ်ညိတ်ဖြင့် မှတ်သားနေမိသည်၊ ထိုအခါ သံလုံးက ဖော်ကြီးတို့ သယ်လာပေးသော ရေကို စစ်ချိုင့်ထဲသို့ ထည့်ကာ ရေနွေးကျိုလိုက်သည်။

မကြာခင်မှာပဲ သူတို့မနက်က မကုန်လို့ကျန်သော တောဝက်သားလေးကို ပြန်ပြီး ထပ်ကင်လိုက်သည်။ ပြီးနောက် ဆတ်သားခြောက်နည်းနည်းကို ယူထုတ်ကာ ထပ်ပြီး ဖုတ်လိုက်သည်။

မကြာသောအချိန်အတွင်းမှာပဲ သူတို့ရဲ့ စားသော



www.burmeseclassic.com

www.burmeseclassic.com



စရာများအားလုံး ပြီးဆုံးသွားသည်။ မောင်ချိုနဲ့ ဖော်အောင်က စားစရာများ ပြင်သည်။

သူတို့အားလုံး၊ စားပွဲဝိုင်းလေးကို မြိန်ရေရှက်ရေဖြင့် စားသုံးကြလေတော့သည်။

ညဥ့်သည် နက်၍ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။ တစ်ခါတစ်ခါ တောခွေးများ၏ အူသံလား၊ ခွေးဟောင်သောအသံတော့ကြားရသည်၊ ဇီးကွက်များ၏အော်သံကတော့ မကြာမကြာ ကြားနေရသည်၊ သူတို့အားလုံး အိပ်စက်အနားယူနေကြသည်၊

ထိုအချိန်တွင်...

"တွမ်...တွမ်...တွမ်..."

မြွေတွန်သံများ ကြားရသည်။ ဦးဘကောင်းကတော့ အိပ်မပျော်ပါ။ သူ့အနေနဲ့ တောထဲမှာ အိပ်ရတာ စိတ်ထဲမှ ဘဝင်သိပ်မကျပါ။ စိုးရိမ်ထိတ်လန့်မှုက စိတ်ထဲမှာ ကြီးစိုးနေမိသည်၊ ဒါကြောင့် အိပ်ယာထဲလှဲကာ ပတ်ဝန်းကျင်ကို အကဲခတ်နေမိသည်၊ အလယ်မှာတော့ မီးပုံကြီးကို ပုံထားသည်၊ ဒါမှလည်း တောကောင်ကြီးများ အနားမကပ်မှာ မဟုတ်ပါလား။

ဦးဘကောင်းလည်း အိပ်ယာထဲတွင် အကြာကြီး မလှဲ





ချင်တော့၍ အိပ်ယာမှ ထလိုက်သည်၊

ကင်းချထားသော ဖော်ကြီးနားသို့ ထလာခဲ့သည်။ ဖော်ကြီးက မီးပုံနားတွင် ထိုင်ကာ ငိုက်နေသည်။ ခပ်လှမ်းလှမ်းသို့ အပေါ့သွားနေသော မောင်ချိုက ဖော်ကြီးကို ကြည့်နေသည်။

ထိုအခါ ဖော်ကြီးနားသို့ ဦးဘကောင်းက ရောက်လာပြီး.

"မောင်ဖော် ငိုက်နေတာလား"

"ဟုတ်ကဲ့ ဦးလေး...စားထားတာ များသွားလို့ ငိုက်လေးနေသလားမသိဘူး"

"ဒါနဲ့ မောင်ချိုလည်း မတွေ့ပါလား"

"အပေါ့သွားတယ်"

"ရောက်နေပါပြီ ဦးလေး... ဘာလိုချင်လို့လဲ"

ထိုအခါ အနားသို့ရောက်နေသော မောင်ချိုကို လှည့်မကြည့်ဘဲ ဦးဘကောင်းက ပြန်ဖြေလိုက်သည်။ ထိုအခါ မောင်ချိုက ဖော်ကြီးနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်သည်၊ ဦးဘကောင်းကတော့ ဖော်ကြီးနား ကပ်ပြီး ထိုင်နေသည်၊

"ဒါနဲ့ ဦးလေးက အိပ်မပျော်ဘူးလား"

ဖော်ကြီးက မေးလိုက်သည်။

"ဟုတ်တယ်...မောင်ဖော်၊ ဦးတို့က လူကြီးတွေဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



အအိပ်ဆတ်တယ်၊ အိပ်လည်းခဏပါပဲ"

"တွမ်...တွမ်...တွမ်..."

ထိုအခါ မောင်ချိုက နားထဲတွင် အသံတစ်မျိုး ကြား လိုက်၍ ပတ်ဝန်းကျင်ကို မသင်္ကာသော မျက်လုံးဖြင့် လိုက်ကြည့် လိုက်ရာနေမိသည်၊ ထင်သည့်အတိုင်းပင် မြွေနစ်ကောင်၊ သုံးကောင် မီးပုံကြီးကြောင့် ပါးပျဉ်းထောင်နေတာ တွေ့လိုက်ရ သည်၊

သူတို့လူများ အိပ်နေသော သစ်ပင်အောက်နှင့် ဆယ် ပေလောက်တော့ ကွာမည်ထင်သည်၊ ထိုအခါ ဦးဘကောင်းက ခြောက်လွှတ်သည်၊ ပါးစပ်မှလည်း တတွတ်တွတ်ပြောပြီး စေ နိုင်းနေမိသည်၊ ဒါပေမဲ့ မရပါ၊ မြွေများက သူတို့နဲ့ လှမ်းနေတော့ ဘာမြွေတွေမှန်းတော့ မသိပါ၊ လောလောဆယ်တော့ သုံး ကောင်တော့ တွေ့ထားသည်၊ တခြားနေရာတွေမှာများ ရှိသေး လား မသိပါ၊ ဦးဘကောင်း သူ့လူများ အိပ်နေတာ စိတ်ပူသွားမိ သည်၊

ထိုအချိန်တွင် မောင်ချိုတစ်ယောက်က အံ့သြကာ...

"ဟာ...ဟင်..."

မောင်ချိုက အံ့သြသော မြင်ကွင်းကြောင့် ဦးဘကောင်း





ဘက်လှည့်ကာ သူ မြင်လိုက်သော မြင်ကွင်းကို လက်ညှိုးထိုးပြ လိုက်သည်၊

သူ လက်ညှိုးထိုးပြလိုက်သော နေရာသို့ ဦးဘကောင်း နှင့် ဖော်ကြီးတို့က ကြည့်လိုက်သောအခါ...

သူတို့လူများ အိပ်နေသော သစ်ပင်ရဲ့ ကိုင်းဖျားတစ်ခု တွင် တွဲလောင်းကျနေသော ဖြူဖြူရှည်ရှည် အရာတစ်ခုကို တွေ့ လိုက်ရသည်၊ သေသေချာချာ အာရုံစိုက်ကြည့်လိုက်သောအခါ...

သစ်ပင်အဖျား အကိုင်းတွင် အမြီးဖြင့်ရစ်ပတ်ပြီး ခေါင်း က လေထဲတွင် တွဲလောင်းကျနေသော မြွေဖြူကြီးတစ်ကောင် ဖြစ်နေတာ တွေ့လိုက်ရသည်၊

ဖော်ကြီးက...

"ဟာ...မြွေဖြူကြီးက ဘယ်တုန်းက သစ်ပင်ပေါ်ရောက် နေတာလဲ မသိဘူးနော်"

ဖော်ကြီးတို့ ပြောနေစဉ်၊ ကြည့်နေစဉ်မှာပင် မြွေဖြူ ကြီးက အပင်ပေါ်မှ အောက်သို့ ဖြုတ်ချလိုက်သည်၊ မြွေဖြူကြီး မြေပြင်သို့ ရောက်သောအခါ တော်ကြာက မြွေများဘက်သို့ လှည့်ကာကြည့်နေလိုက်သည်၊

ထိုအခါ ၎င်းမြွေများက မြွေဖြူလေးကို မြင်လိုက်သော



www.burmeseclassic.com

www.burmeseclassic.com



အခါ ခေါင်းလေးများ အောက်သို့ငုံ့ကာ နောက်ဘက်လှည့်ကာ ခြုံတွေထဲ ဝင်သွားကြလေသည်။ သူတို့ဝင်သွားကြသလို တခြား ချုံတွေလည်း လှုပ်လှုပ်လေးများဖြစ်ကာ မြွေများ ပျောက်သွား ကြလေတော့သည်။

သူတို့သုံးဦးလည်း တခြားနေရာများတွင်လည်း ရှိသေး လားဆိုတဲ့ စိုးရိမ်စိတ်နဲ့ လိုက်ကြည့်နေတုန်း သတိရ၍ မြွေဖြူ လေးရှိရာသို့ပြန်လှည့်ကြည့်လိုက်သောအခါ မြွေဖြူလေးမှာ မူလ နေရာတွင်မရှိတော့ပါ။ ဘယ်အချိန်က ဘယ်လို ထွက်သွားမှန်း မသိလိုက်ပါ။

ဦးဘကောင်းက အံ့သြကာ...

"ကျေးဇူးတင်ပါတယ် မြွေဖြူရယ်... ကျွန်တော့်လူတွေရဲ့ အသက်ကို ကယ်လိုက်တာ အခုအကြိမ်ပါနဲ့ဆို နှစ်ခါရှိပါပြီ၊ ကျွန် တော်တို့ ဘယ်တော့မှ မမေ့ပါဘူး"

မောင်ရှို့နဲ့ ဇော်ကြီးလည်း ၎င်းမြင်ကွင်းကို အံ့သြသော စိတ်နဲ့ နှစ်ဦးသား ဘာမျှမပြောနိုင်တော့ပါ။

ထိုအခါ ဦးဘကောင်းက...

"အင်း... မြွေဖြူလေး တို့ရဲ့အသက်ကို ကယ်တာ နှစ်ခါရှိ သွားပြီ၊ မဟုတ်ရင် တို့လူတွေ မြွေကိုက်လို့သေတာ ကြာပြီ"





သူတို့သုံးဦးလည်း မအိပ်ရဲကြတော့ဘဲ တစ်ညလုံး မီးဖို ဘေးတွင် ထိုင်နေလိုက်ကြတော့သည်။

နံနက်မိုးလင်းတော့ တခြားလူများ အိပ်ရာမှ ထကာ မြွေ ခေါင်းတောင်နားသို့ သွားရန်ပြင်ဆင်ကြတော့သည်။ အခု သူတို့ ရောက်နေသော နေရာနဲ့ မြွေခေါင်းတောင်ခြေက ကပ်နေပါ ပြီ။

ထိုအခါ ဦးဘကောင်းက သူတို့ရဲ့လူများသို့ ပထမဦးစွာ ဝါးပင်များ ခုတ်ခိုင်းသည်၊ ဝါးပင်များမခုတ်ခင် ဦးဘကောင်းက...

"ငါ့တူတို့ကို သတိပေးစရာ တစ်ခုရှိတယ်၊ ဝါးပင်တွေ မခုတ်ခင် အနားပတ်ဝန်းကျင်ကို သတိဝီရိယထားကြနော်၊ မြွေ တွေပေါတယ်၊ မြွေတွေကလည်း မျှစ်စို့တွေနားမှာ အစာချောင်း နေတတ်တယ်၊ သတိထားပြီး ဝါးခုတ်ကြပါ"

ထိုအခါ ဇော်အောင်နဲ့ သံလုံးက နှစ်ဦးသား တီးတိုး တီးတိုးပြောနေကြသည်၊ သူတို့ပြောနေတာက ဘာကြောင့်များ ဝါးတွေခုတ်ခိုင်းတာလဲဆိုတာ စိတ်ထဲမှ မေးနေမိသည်။

ဘာပဲဖြစ်ဖြစ်လေ ဦးဘကောင်းခိုင်းတာ လုပ်ပေးရမည် မဟုတ်ပါလား။ သူတို့လည်း မမေးဘဲ စောဒကမတက်တော့ဘဲ သူတို့ပါ ဝါးခုတ်ရန်သွားကြသည်။ ဦးဘကောင်းနဲ့ ဖထီးကတော့ နွယ်ကြိုးများလိုက်စုကာ အချောသတ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဖထီးက...

"ဝေး... ဘကောင်း ဒီနွယ်ကြိုးတွေက ဘာလုပ်မလို့လဲ"

"သူတို့တွေ သယ်လာတဲ့ ဝါးကို ငြမ်းဆင်ရာမှာ ချည်ဖို့ပါ"

ဖထီးက စဉ်းစားသွားသည်။ ငြမ်းက ဘယ်နေရာမှာ ဆင်

မလို့ပါလိမ့်။ ဘာကြောင့် ငြမ်းဆင်ရတာလဲ။ ရှေးဟောင်းပစ္စည်း

တွေက ဂူထဲမှာလို့လဲ ပြောတယ်၊ ငြမ်းက ဘယ်နေရာကို ဆင်မှာ

လဲ... ဖထီးက စဉ်းစားနေလိုက်သည်။ ဦးဘကောင်းကိုတော့

မမေးတော့ပါ။

မကြာသောအချိန်မှာပဲ မောင်ချို၊ ဖော်အောင်တို့ ဝါးများ

တစ်နိုင်သယ်ကာ ရောက်လာခဲ့ကြသည်။ ဦးဘကောင်းက သူရဲ့

လူများ အားလုံး ရောက်လာကြပြီး ဝါးများလည်း တော်တော်စုမိ

သွားသည်။ ပြီးနောက် သူညွှန်ပြသောနေရာမှစပြီး ငြမ်းကို ဆင်

စေသည်။

တောင်ကမ္ဘူလေးတစ်ခုက ချောက်ဘက်ခြမ်းတွင် တစ်

ခြမ်းပဲ့လေးဖြစ်နေတာ တွေ့ရသည်။ ချောက်ကို မေးတင်ကာ

ဝါးများဖြင့် ငြမ်းဆင်စေသည်။ ဦးဘကောင်း ဆင်စေသော ငြမ်း

စင်လေး ပြီးသွားမှ သံလုံးက သူတို့ငြမ်းဆင်သော တောင်ကို

သတိထားမိသွားသည်။





ဂုင်းတောင်တွင် လူတစ်ရပ်စာအမြင့် ဂူပေါက်ပုံ

သဏ္ဍာန်တစ်ခု အရာလေး တွေ့လိုက်ရသည်။ သူကြည့်နေစဉ်

မှာပဲ ဦးဘကောင်းက...

"မောင်သံလုံး မင်းကြည့်နေတဲ့ နေရာတစ်ဝိုက်ကို ဓား

ယူပြီး ခုတ်ထွင်ရှင်းလိုက်ပါ"

ဦးဘကောင်းပြောမှ သံလုံးလည်း သူလုပ်ရမည့်နေရာ

ကို သေသေချာချာကြည့်နေမိသည်။ ချုံနွယ်၊ သစ်ကိုင်းများဖြင့်

ပြည့်နက်သည်။ နှစ်ကြာနေပြီဖြစ်လို့ နွယ်ကြိုးများက တောင်နံရံ

တစ်လျှောက် ရှုပ်ယှက်ခတ်နေသည်။

ထိုအခါ သူ့အနားသို့ ဖော်ကြီးလည်း ရောက်လာခဲ့သည်။

သူ့လက်ထဲမှာလည်း ဓားတစ်ချောင်းကိုင်ကာ သူနဲ့အတူ ဝိုင်းပြီး

ခုတ်လေသည်။

ကျန်လူများကတော့ တူနဲ့စို့ကို ကိုင်ကာ ကျန်သော

နေရာမှ ဂူကိုဖောက်ရန်ပြင်ဆင်ကြတော့သည်။ သူတို့အားလုံး

ဂူကို တစ်ရက်နဲ့တစ်ည ဖောက်ရသည်။ ဂူပွင့်ရန် နည်းနည်းသာ

ကျန်သော ကျောက်တုံးများကို မဖွင့်တော့ပါ။ ဘာကြောင့်လဲ

ဆိုတော့ ညနေဘက်ရောက်နေ၍ မှောင်လာပြီဖြစ်သောကြောင့်

ခုပ်ထားလိုက်သည်။ အားလုံး နားလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဘကောင်းက သူ့ရဲ့လူများ လုပ်ငန်းခွင်ကိုကြည့်ပြီး ...

"မနက်ဖြန်ဆို ဂူပွင့်ပြီ..."

"တို့ရဲ့လုပ်ငန်းစဉ် ခရီးစဉ်အားလုံး အောင်မြင်ပြီလို့ ပြောလို့ရပါပြီ၊ တို့ရဲ့လုပ်ငန်းစဉ် အောင်မြင်ပြီးရင်တော့ တို့တွေလည်း ချမ်းသာကြပြီပေါ့၊ ဒီတော့ ငါတူတို့ကို တစ်ခုပြောထားမယ်"

"ပစ္စည်းတွေတွေ့ရင် လောဘမတက်ရဘူး၊ သစ္စာမဖောက်ရဘူးနော်၊ အားလုံး ညီအစ်ကိုစိတ်ထားပြီး ပစ္စည်းတွေကို သက်ဆိုင်ရာနေရာကို ပို့ရအောင်"

"ဟုတ်ကဲ့ပါ ဦးလေး... စိတ်ချပါ"

မောင်ချိုက ဝင်ပြီး ထောက်ခံလိုက်သည်။ ပြီးနောက်ဆက်ပြီး...

"ကျွန်တော်တို့ရဲ့ဖခင်လည်း ဒီနေရာမှာ ဆုံးသွားခဲ့တဲ့အတွက် ရရှိလာမယ့်ငွေနဲ့ အမျှဝေပေးမှာပါ၊ ကျန်လူများကိုလည်း အမျှဝေပေးဖို့ ဆုံးဖြတ်ထားပါတယ်"

ထိုအခါ ဇော်အောင်ကလည်း ...

"ဟုတ်ပါတယ် ဦးလေး... ဦးလေးပြောပြလို့ ကျွန်တော်ရဲ့ဖခင်ဖြစ်တဲ့ ဦးဖိုးလုံးကိုလည်း ကျွန်တော် အမျှဝေပေးချင်ပါတယ် ဒါနဲ့ ဦးလေးကို မေးစရာတစ်ခုရှိသေးတယ်"





"ဘာများလဲကွဲ့ မေးပါ"

"ကျွန်တော်တို့ရဲ့ဖခင်ကို ဘယ်နေရာမှာ ဂျပန်တွေ ပစ်သတ်ခဲ့တာလဲ၊ ကျွန်တော်တို့ကို ပြပါဦး"

ထိုအခါ ဦးဘကောင်းက ...

"ပြမှာပေါ့... ဒီကိစ္စတွေအားလုံးပြီးရင် ပြပါမယ်၊ အခုတော့ မိုးချုပ်သွားလို့ မပြတော့ဘူး၊ ဒီနေရာနဲ့တော့ သိပ်မဝေးပါဘူး၊ မနက်မိုးလင်းရင် ပြမယ်"

ဦးဘကောင်းလည်း သူတို့ရဲ့သားသမီးများက မေးလာလို့သာပြရမှာ၊ သူ့အနေနဲ့က မပြချင်ပါ။

ဘာကြောင့်လဲဆိုတော့ ရင်ထဲမှာ ဂျပန်များ ရက်စက်စွာသတ်သွားခဲ့လို့ပဲ။ ယခုလည်း ဂူကို သူတို့ရဲ့လုပ်အားကြောင့် ဂူအသစ်ဖောက်လုပ်ပြီး ပစ္စည်းများ ထည့်ထားခဲ့တာ မဟုတ်ပါလား။

ဦးဘကောင်းလည်း တွေးရင်း စိတ်ထဲမှ ဆုတောင်းနေမိသည်၊

"သူငယ်ချင်းတို့ မင်းတို့ရဲ့ ချွေးနဲ့ သွေးနဲ့ရင်းပြီး ဖောက်လုပ်ခဲ့သောဂူကို ငါတို့ ဖွင့်တော့မည်၊ ငါတို့ နိုင်ငံရဲ့ဥစ္စာရင်းမှန်မှုတို့တွေ ပြန်ရပြီလို့ မှတ်လိုက်ပြီ၊ အားလုံး ပြီးဆုံးသွားရင်မင်းတို့



www.burmeseclassic.com

www.burmeseclassic.com



ကိုအမျှဝေပေးမှာပါ၊ ငါတို့ကိုလည်း ကူညီစောင့်ရှောက်ပေးပါလို့ မင်းတို့ကို တောင်းဆိုပါတယ်"

ဟု ဦးဘကောင်းက စိတ်ထဲမှ သေသွားတဲ့လူများရဲ့ ဝိညာဉ်များကို တောင်းဆိုနေမိသည်။

သူ့အနေနဲ့ကလည်း သေသွားတဲ့လူများရဲ့ဝိညာဉ်များအား ဒီဂူနားတစ်ဝိုက်မှာသာ ရှိချင်ရှိနေမှာပဲလို့ စိတ်ထဲမှ ထင်ကာ ပြောနေခြင်းဖြစ်သည်။

သံလုံးတစ်ယောက် ဦးဘကောင်းကို ဂရုတစိုက် ကြည့်လိုက်သည်။ တစ်ခဏတာ ငြိမ်သက်သွား၍ ဘာများတွေးနေသလဲဆိုတာ သိချင်တာနဲ့...

"ဦးလေး... ဦးလေး ဘကောင်း ဘာတွေများ တွေးနေတာလဲဟင်... ကျွန်တော်တို့ မသိရဘူးလား"

"သိရပါတယ်..."

"သေသွားတဲ့လူများကို သတိရလို့တွေးနေတာပါ။ သူတို့လုပ်ခဲ့ဂူကို တို့တွေ အခုပြန်လည်ဖော်ထုတ်နေရပြီ မဟုတ်လား၊ ပြီးတော့ တို့တိုင်းပြည်ရဲ့ ရှေးဟောင်းပစ္စည်းတွေ အခုဆိုရင် အလဟဿ မဖြစ်တော့ဘူး၊ ရှေးဟောင်းဘုရားပုထိုးတွေလည်း နိုင်ငံခြားမရောက်တော့ဘူးပေါ့၊ ဘာပဲဖြစ်ဖြစ်လေ မနက်ဖြန်





ဆိုရင် တို့တွေရဲ့မျှော်လင့်ချက်ပန်းတိုင်လေး ရောက်တော့မယ်"

"ဒါနဲ့ ဦးဘကောင်း လူတွေကို ပစ်သတ်ခဲ့တဲ့ ဂျပန်တွေ ဘယ်လောက်ရှိလဲဟင်"

"အားလုံး ဆယ်ယောက်ကျော်လိမ့်မယ်၊ ဒါပေမဲ့ သူတို့လည်း အသက်မရှင်ကြဘူး၊ ဘာကြောင့်လဲဆိုတော့ ဒီတောက နတ်ကြီးတယ်၊ ဦးအထင်တော့ သူတို့ ဒီတောထဲမှာပဲ အားလုံး သေကုန်ကြတယ်လို့ထင်တယ်"

"ဒါလည်း ကောင်းတာပဲ၊ ဒါမှ သူတို့စိတ်ထဲမှာ ဒီပစ္စည်းတွေရှိနေသေးတယ်ဆိုတာ မသိတော့ဘူးပေါ့၊ မဟုတ်ရင် ပြန်လာဖော်မှာစိုးရတယ်"

သံလုံးပြောလိုက်သလို ဦးဘကောင်းလည်း စိတ်ပူသွားမိသည်။

ဘာကြောင့်လဲဆိုတော့ ဂျပန်များအားလုံး သေ မသေဆိုတာ သူကိုယ်တိုင်လည်း အတိအကျ မသိပါ။ သူ့စိတ်ထဲမှာ ထင်သည့်အတိုင်း ပြောမိသည်။ တကယ်လို့သာ ဂျပန်ဗိုလ်ကြီးက မသေခဲ့ရင် ...

"အင်း... ဒါပေမဲ့ ဂူကတော့ မူလအတိုင်း မပျက်ပါဘူး"

ဦးဘကောင်း စိတ်ထဲမှတွေးတာ စဉ်းစားနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မနက်ဖြန်ဆိုရင်တော့ အဖြေက သိရပြီမဟုတ်ပါလား။

သံလုံးလည်း ဦးဘကောင်းနှင့် စကားကောင်းနေတာ ညနေစာစားဖို့ ပြင်ဆင်ကြဖို့ လုပ်နေကြတော့သည်။

❖ ❖ ❖



## အခန်း (၂၂)

# ဂူဖွင့်ပွဲ

ပထမ ဇော်ကြီးက ဂူကိုစူးဖြင့် နောက်ဆုံးကျောက်တုံးကို ထုခွဲလုပ်ရမည်ဖြစ်သည်။ ကျန်လူများကလည်း ဇော်ကြီး ထုရိုက်မည့် ကျောက်တုံး ပွင့်သွားခဲ့ရင် အထဲ၌ ဘာများထွက်ပေါ်လာမလဲ၊ ဘယ်လိုများဖြစ်လာမလဲဆိုတာ သိချင်စိတ်များ ဖြင့် အပြင်ဘက်မှ အားလုံးက ငံ့လင့်နေကြသည်။

"ထုတ်... ထုတ်... ထုတ်..."

ကျောက်တုံးကို စူးဖြင့် သုံးချက် ထုရိုက်လိုက်သည်။ ဂူ ဝတော့ ပွင့်သွားသည်။ ပထမဦးစွာ...

"ရှူး... ရှူး..."

www.burmeseclassic.com

www.burmeseclassic.com



ရှူး ဟုသော အသံဖြင့် အပေါက်မှ လေမှုတ်သံတစ်ခု ထွက်လာသည်၊ ဒါကလည်း ဂူထဲ၌ ရှိနေသော လေတို့ ထွက်ပေါက်ရ၍ တွန်းထိုးထွက်လာခြင်းဖြစ်သည်၊

အားလုံး လန့်သွားကြသည်၊ ပထမဦးစွာ လန့်သွားသူမှာ ဖော်ကြီးဖြစ်သည်၊ ကျန်လူများကတော့ နည်းနည်းစီတော့ လန့်မိသည်၊ ဒါပေမဲ့ ဖော်ကြီးလောက်တော့ မလန့်ပါ၊

လေများ ကုန်သွားတော့မှ ဖော်ကြီး၊ မောင်လွင်တို့က ကျန်သော ကျောက်တုံးများကို ဆက်လက်ပြီး ထုရိုက်ကာ ဂူကို အားလုံးပွင့်အောင် လုပ်လိုက်ကြသည်၊ ဂူတော့ ပွင့်သွားသည်၊ အထဲ၌ ပထမတော့ ဘာမှ မမြင်ရပါ၊

နှစ်ပေါင်းများစွာ ပိတ်လှောင်နေ၍ အနံ့အသက်များ မကောင်းပါ၊ ဂူပေါက်ကို တဖြည်းဖြည်းပွင့်သွားတော့မှ သံလုံးကကြည့်မီးတိုင်နှစ်ခုကို မီးညှိလိုက်သည်၊ ပြီးနောက် သူပဲ ဦးဆောင်ကာ စတင်ဝင်သွားသည်၊

ပတ်ဝန်းကျင်ကို မီးတိုင်ဖြင့် ဝှေ့ရမ်းကာ အန္တရာယ်များကို ဖယ်ရှားလိုက်သည်၊

ပထမဦးစွာ ပိုးအိမ်မျှင်များ ရှင်းလင်း လိုက်သည်၊ ပြီးနောက် ဂျပန်များထားသွားသော သေတ္တာများကို ကြည့်လိုက်





သည်၊

ထိုအခါ ဦးဘကောင်းက သေတ္တာများကို သေသေချာချာကြည့်လိုက်သည်၊ သေတ္တာက ငါးလုံးဖြစ်သည်၊ ဦးဘကောင်းက အနားသို့ တိုးလာပြီး သေတ္တာများကို သေသေချာချာ ဒုတိယအကြိမ် ထပ်ပြီး လေ့လာလိုက်သည်၊ သော့များကိုလည်း စစ်ဆေးကြည့်သည်၊ သော့များကို ရိုက်ဖွင့်မှ ရမည်ဆိုတာ သိလိုက်၍…

"ဖော်ကြီးနဲ့ ဖော်အောင်ရေ…တူယူလာပြီး ဖွင့်စမ်းကွာ"

ဟု ပြောပြီး ဦးဘကောင်းက အနားမှ ဖယ်ပေးလိုက်သည်၊

ထိုအခါ ဖော်ကြီးက တူဖြင့် သော့ ၈လောက်အရှားကို ရိုက်ဖွင့်ပေးလိုက်သည်၊

သော့များအားလုံး ပွင့်သောအခါ သေတ္တာများအားလုံး ဖွင့်စေလိုက်သည်၊ ထိုအခါ ဖော်ကြီးက သေတ္တာဖွင့်ရန်အလုပ်မှာ "ရှူး…ရှူး…" ဟု အသံကြားရပြီး ခွေး ကြီးတစ်ကောင်က ဖော်ကြီးကို ပေါက်ရန်လုပ်နေသည်၊ ဒါကို ဦးဘကောင်းက မြင်လိုက်၍ ဖော်ကြီး ပုခုံးကို လှမ်းကိုင်လိုက် သည်၊ ပြီးနောက် မဖွင့်ဖို့ တားလိုက်သည်၊



www.burmeseclassic.com

www.burmeseclassic.com



ပြီး... ဦးဘကောင်းက မြွေကြီးကို ပါးစပ်မှ မေတ္တာပို့ပြီး တောင်းဆိုလိုက်သည်။ ထိုအခါ မြွေကြီးလည်း ဦးဘကောင်းပို့သော မေတ္တာဓာတ်ကြောင့်လားမသိပါ။ သေတ္တာနားမှ တဖြည်းဖြည်းချင်းခွာပြီး သေတ္တာ၏ အနောက်ဘက်သို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။

ထိုအခါ မြွေကြီး ဝင်ရောက်ပျောက်ကွယ်သွားသောနေရာကို မောင်လွင်နဲ့ သံလုံးက မီးတိုင်ဖြင့် လိုက်ရှာကြည့်သည်။ မြွေဝင်သွားတာ ကျင်းလည်းမတွေ့ရပါ။ ဘာမှလည်း မရှိဘဲ မြွေကြီးက ပျောက်ကွယ်သွားသည်ကို အံ့ဩစိတ်ဖြစ်မိသည်။ ပြီးနောက် ဦးဘကောင်းကို...

"ဦးလေး... မြွေကြီးက ဘယ်ကိုပျောက်သွားသလဲ မသိဘူး၊ သေတ္တာနောက်မှ ဘာမှလည်း မတွေ့ရဘူး..."

ထိုအခါ ဦးဘကောင်းက ခေါင်းတညိတ်ညိတ်ဖြင့်...

"ဒါ မြွေအစစ်မဟုတ်ဘူးကွ... အစောင့်အရှောက်လို့ခေါ်တယ်၊ ဒီနေရာမှာ မသမာသူတွေဆိုရင် သေတာကြာလှပြီ၊ တို့တွေက ဘုရားပစ္စည်းကို သူ့နေရာသူ ပြန်ပို့မယ် အစီအစဉ်ထားလို့ မြွေကြီးက ဖယ်ရှားပေးလိုက်တာပေါ့"

"အင်း... ဟုတ်နိုင်တယ်၊ ဦးလေးပြောသလို ဖြစ်နိုင်





တယ်"

ပြီးနောက် ဦးဘကောင်းက...

"ကဲ... ကဲ... ငါတို့ သေတ္တာတွေဖွင့်လိုက်ကြတော့—"

ထိုအခါ သေတ္တာတစ်လုံးစီကို ဖော်ကြီးနဲ့ ဖော်အောင်တာ လိုက်ဖွင့်လိုက်ကြသည်။ ပထမသေတ္တာထဲတွင် ဘုရားပုထိုးတော်ပုံများနှင့် ကြေးသွန်းဘုရားရုပ်ထုအသေးများ၊ ရှေးဘုရင်မင်းများလက်ထက်က ထုလုပ်ပြီး ဌာပနာထားခဲ့သော ဘုရားများဖြစ်ကြသည်။

ရှေးအလွန်ကျပြီး မည်သည့်မင်းလက်ထက်ကမှန်းတောင် မသိတော့ပါ။ သေတ္တာတစ်လုံးအပြည့်ဖြစ်သည်။

ဒုတိယသေတ္တာထဲတွင် ရွှေလင်ပန်း၊ ရွှေခွက်၊ ရွှေဒွန်းကလပ်နှင့် ဆွမ်းအုပ်ဆောင်းများဖြစ်ကြသည်။ ဒါတွေအားလုံးလည်း ရွှေများဖြင့် ပြုလုပ်ထားတာ တွေ့ရသည်။

တတိယသေတ္တာထဲတွင် အုပ်ခွက်ဘုရား၊ ကြေးဆင်းတုတော်၊ ငွေဆင်းတုတော်၊ ငွေများဖြင့် ပြုလုပ်ထားသော ဘုရားပုံအမျိုးမျိုးနှင့် ဆင်မင်းပုံတို့ကို တွေ့ရလေသည်။

စတုတ္ထသေတ္တာတွင်တော့ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားများ အစုံအလင်ဖြင့် သေတ္တာတစ်လုံးအပြည့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပဥ္စမတွင်လည်း ရွှေငွေများဖြင့်-အပြည့်ဖြစ်လေသည်။

ဦးဘကောင်းလည်း သေတ္တာများထဲမှ ပစ္စည်းများကို ကြည့်ကာ ဝမ်းသာနေမိသည်။ ဘာကြောင့်လဲဆိုတော့ နိုင်ငံပိုင် ရှေးဟောင်းပစ္စည်းများနှင့် ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား တိုင်းတစ်ပါးသို့ ပါမသွားတာ ဝမ်းသာနေမိသည်။

ပြီးနောက် ၎င်းဂျပန်များလည်း ဘုရားပစ္စည်းပိုင်များကို မတရား လိုချင်တက်မက်၍ ယူဆောင်ခဲ့ရာ ဘေးအန္တရာယ်မျိုးစုံ ရင်ဆိုင်ခဲ့ရ၍ နောက်ဆုံး အသက်ပါ ပေးလိုက်ရသည် မဟုတ်ပါလား။

သူတို့အုပ်စုကတော့ ထွက်ပြေးခဲ့၍ လွတ်မြောက်ခဲ့သည်။ ဒါကြောင့်မို့လည်း ယခုလို ရှေးဟောင်းပစ္စည်းများ ပြန်လည်ဖော်ယူနိုင်ခဲ့ပြီ။

မိမိခေါ်ဆောင်ခဲ့သော လူငယ်များကလည်း စိတ်နေစိတ်ထားများ မဆိုးပါ။

ဦးဘကောင်း ကျေနပ်နေမိသည်။

"ကဲ…ကဲ…တူတော်မောင်တို့…ပစ္စည်းတွေကိုသူ့အိတ်နဲ့သူ ထည့်လိုက်ပါ…ပြီးရင် တို့တွေ ဒီနေ့တော့ နားကြမယ်၊ မနက်ဖြန်မနက်ကျရင် ခရီးစထွက်ရအောင်…"





ဟု ပြောပြီး သူ ကိုယ်တိုင်ကလည်း ပစ္စည်းများကို အိတ်များဖြင့် ထည့်လိုက်လေတော့သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

# လောဘသားများအပြစ်

သူတို့အုပ်စု မနက်မိုးလင်းတာနဲ့ ခရီးစထွက်ရန်ပြင်ဆင်ကြသည်။ ဦးဘကောင်းနဲ့ သံလုံးက ပစ္စည်းများလိုက်စစ်ကြသည်။ လူများကိုလည်းစစ်ဆေးကြသည်။ ထိုအခါ မောင်လွင်နှင့် ဇော်ကြီး ပျောက်နေသည်။ သူတို့နဲ့အတူ အိတ်နှစ်လုံးလည်း ပါသွားသည်။ သူတို့အိတ်များမှာ ရွှေ၊ ငွေများထည့်ထားသော အိတ်နှင့် ဘုရားရုပ်တုများထည့်ထားသော အိတ်များဖြစ်ကြသည်။

၎င်းတို့နှစ်ဦး ဘယ်အချိန်ကများ တိုင်ပင်လိုက်လည်း မသိပါ။ အကြံတူနှစ်ဦး ဖြစ်နေကြသည်။ နှစ်ဦးပေါင်းပြီး ကြံတာလား။ ဒါမှမဟုတ် တစ်ဦးစီပဲ လုပ်တာလားဆိုတာ မသိပါ။ ဦးဘ



ကောင်းနှင့် သံလုံးက စဉ်းစားလိုက်သည်။ သူတို့ထွက်သွားရာ လမ်းကြောင်းကို ကြည့်လိုက်သည်။ ဘယ်လမ်းကြောင်းကများ ပြန်သွားကြသလဲဆိုတာ သိချင်၍ လိုက်ကြည့်ကြသည်။

ထိုအခါ ဦးဘကောင်းက...

"မောင်သံလုံး သူတို့နောက် မလိုက်နဲ့ တို့တွေလာရာ လမ်းအတိုင်း ပြန်ရအောင်..."

ဖထီးကတော့ သူတို့ ပြုလုပ်ပြောဆိုနေကြတာတွေကို ကြည့်ပြီး...

"လူတွေ... လူတွေ... ပစ္စည်းမြင်တာနဲ့ လောဘ၊ မောဟတွေ တယ်ကြီးပါလား... ကြောက်ဖို့တကယ်ကောင်းတာပဲ၊ သူတို့တွေ ဘုရားပစ္စည်းယူတာ ဘုရားက အပြစ်ပေးမှာပဲ..."

ဟု စိတ်ထဲမှ ပြောနေမိသည်။

ထိုအခါ ဦးဘကောင်းက မောင်ချိုနဲ့ ဇော်အောင်ဘက်သို့ လှည့်ပြီး...

"မောင်ချို... မင်းတို့လည်း မသိဘူးလား"

"မသိပါဘူး ဦးလေး... ကျွန်တော်တို့လည်း ဒီလိုလုပ်မယ်လို့ မထင်မိဘူး"

ဦးဘကောင်းက မောင်ချို ပြန်ပြောလိုက်သော စကား



www.burmeseclassic.com

www.burmeseclassic.com



ကိုးလေးလုံးခြင်းပေါင်းတည်ဤတည်ဤတ်ဖြင့်ဖြစ်နေသည်၊ သံလုံးက တော့အိတ်များကို လိုက်ဖြေပြီး ဘာများပါသွားသလဲ သိချင်၍ လိုက်ကြည့်နေသည်။

ထိုအချိန်တွင် အဝေးတစ်နေရာမှ အသံတစ်ခု ကြားလိုက်ရသည်၊ အသံမှာ လူတစ်ယောက် မချိမဆံ့အော်သံလိုလို နားထဲတွင် ဦးဘကောင်း ကြားလိုက်သည်။

ဒါပေမဲ့ ကျန်လူများကတော့ ဦးဘကောင်း ဘာကြောင့် ငြိမ်နေသလဲဆိုတာ သိချင်၍ ဦးဘကောင်းဆီမှ ဘာစကားသံ ထွက်လာမလဲဆိုတာငံ့လင့်နေကြသည်။

ခဏကြတော့ ဦးဘကောင်းလည်း ထိုင်ရာမှထကာ...

"ကဲ... အားလုံး ငါ့နောက်က လိုက်ခဲ့ကြတော့"

ဟုပြောကာ ရှေ့မှဦးဆောင်ကာ ထွက်သွားသည်၊ ဖထီးက နောက်မှ လိုက်သွားသည်။

သူတို့အုပ်စု တဖြည်းဖြည်းဖြင့် ထွက်လိုက်ရာ ရုတ်တရက် ဦးဘကောင်းက ရပ်လိုက်သည်၊ ဖထီးလည်း ဦးဘကောင်း ဘာကြောင့်ရပ်လိုက်တာလဲ သိချင်၍ မေးလိုက်သည်။

ထိုအခါ ဦးဘကောင်းက ရှေ့တွင် မြွေဖြူလေးတစ်ကောင်က ဦးဘကောင်းတို့လာရာလမ်းတွင် ရပ်ပြီး ဦးဘကောင်း





ကိုကြည့်နေသည်၊

ပြီးနောက် ဘေးက လမ်းချိုးလေးအတိုင်း ဝင်သွားသည်၊ ဒါကို ဦးဘကောင်းက သဘောပေါက်ကာ မြွေဖြူလေး သွားရာနောက်သို့ လိုက်သွားသည်၊ မြွေဖြူလေးက ရှေ့မှသွား ဦးဘကောင်းတို့အုပ်စုက နောက်က လိုက်နေသည်၊

ရှေ့ခပ်လှမ်းလှမ်း ဆယ်မိနစ်ခန့် လျှောက်သောအခါ လူနှစ်ယောက် ချုံထဲ၌ လဲနေတာတွေ့ရသည်၊ ခြေထောက်နှစ်ချောင်းက ချုံပြင်၌ ထွက်နေသည်၊ ချုံထဲရှိ လူခေါင်းပိုင်းကို ဦးဘကောင်းက ကြည့်လိုက်သောအခါ မျက်နှာတစ်ခုလုံး ခါးချည်အုံက အုပ်ထားတာ စားသောက်ထားတာ တွေ့ရသည်၊

အလောင်းရဲ့ဘေးတွင် အိတ်နှစ်လုံး ဒီအတိုင်း ရှိနေတာ တွေ့ရသည်၊ အိတ်များက သူတို့ရဲ့အိတ်များဖြစ်နေသည်ကို တွေ့ရသည်၊ ဦးဘကောင်းလည်း စိတ်မကောင်းစွာဖြင့် မကြည့်ရက်တော့ပါ၊ ညက ထွက်သွားကတည်းက ဘယ်လို ဘယ်လို သေခဲ့ကြသလဲဆိုတာ သူတို့ပဲ သိလိမ့်မည်ဖြစ်သည်၊

"အင်း ကောင်လေးတွေ မိုက်လိုက်ကြတာ၊ လောဘဒေါသ၊ မောဟတွေကြောင့် ယခုလို အသေဆိုးနဲ့ သေခဲ့ကြရပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သတိဝင်လာပြီး သံလုံးကိုခေါ်လိုက်သည်။

"မောင်သံလုံးရေ... သံလုံး..."

"ဟုတ်ကဲ့...ဦးလေး...ပြောပါ"

"မင်းတို့ရဲ့ သူငယ်ချင်းနှစ်ယောက်ရဲ့ အလောင်းကို မြေမြှုပ်လိုက်ပါကွာ၊ သူတို့ကံကြမ္မာက မကောင်းပေမယ့် ဒီအတိုင်း မထားခဲ့ပါနဲ့"

"ဟုတ်ကဲ့ပါ...ဦးလေး"

ထိုအခါ သံလုံး၊ မောင်ချို၊ ဇော်အောင်တို့ မြေကျင်းကို ဒီနားတွင်ပဲ အားချင်းတူးလိုက်သည်။ ပြီးနောက် အလောင်းနှစ်ခုစလုံးကို တစ်ကျင်းထဲမှာ အတူတူမြှုပ်ပေးလိုက်လေသည်။

သံလုံးလည်း သူငယ်ချင်းနှစ်ယောက်ရဲ့ အလောင်းများကို ကြည့်ပြီး စိတ်မကောင်းဖြစ်နေမိသည်။ မင်းတို့ရဲ့ ဝေစုတော့ လျော့သွားပြီပေါ့... ဒါပေမဲ့ မင်းတို့ရဲ့ မိဘများကို ငါတို့ သွားပေးပေးမှာပါ ဟု စိတ်ထဲမှ ပြောနေမိသည်။

ဦးဘကောင်းလည်း သူတို့ရဲ့ အမှတ်တရ ပစ္စည်းများ သိမ်းကာ နောက်ဆုံးနှုတ်ဆက်သောအနေဖြင့် မြေကြီးများ ဖို့ပေးလိုက်သည်။

ထိုအခါ ဖထီးနဲ့ သလုံးကလည်း နောက်ဆုံး မြေကြီးခဲ





များဖြင့် ဆုပ်ကာ ကျင်းထဲသို့ ပစ်ထည့်လိုက်သည်။

ပါးစပ် ကလည်း....

"ငါ့တူတို့ ကောင်းရာမွန်ရာ ရောက်ကြပါစေကွယ်..."

ဟု ဦးဘကောင်းက အသံလေး တိုးညင်းစွာဖြင့် ဆုတောင်းပေးလိုက်သည်။

ကျန်လူများကလည်း မြေကြီးများဖြင့် ဆက်ပြီး ဖို့လိုက်ကြသည်။

အားလုံးပြီးဆုံးသွားသောအခါ သူတို့အားလုံး ခရီးဆက်ရန် ပြင်ဆင်ကြလေတော့သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

# ရှေးဟောင်းစေတီနဲ့ သူတို့

ဦးဘကောင်းတို့ လူငါးယောက် တောလမ်းအတိုင်း လျှောက်လာခဲ့ကြသည်။ ထိုအခါ သံလုံးက ဖထီး နောက်က လိုက်နေရင်း ရှေ့တွင် မြွေဖြူလေးကို လှမ်းမြင်လိုက်သည်။ ပြီးနောက် မြွေဖြူလေး ဘာများလုပ်မလဲဆိုတာ သိချင်၍ ကြည့်နေမိသည်။

ထိုသို့ ကြည့်နေစဉ်တွင် မြွေဖြူလေးက လမ်းကြောင်းလေးတစ်ခုအတွင်း ဝင်သွားသည်။ ထိုသို့ ဝင်သွားတာ ဦးဘကောင်းကလည်း မြင်လိုက်သည်။ ဦးဘကောင်းလိုပဲ ဖထီးလည်း မြင်လိုက်သည်။ ထိုသို့ဖြစ်နေစဉ် ဦးဘကောင်းက သံလုံးဘက်သို့ လှည့်ကြည့်ပြီး "ဘယ်လိုလုပ်မလဲ" ဆိုတဲ့သဘော မေးထိုးပြ



လိုက်သည်။ ထိုအခါ သံလုံးက ခေါင်းညိတ်ပြလိုက်သည်။ ထိုသို့ ပြောရင်း သံလုံးက ရှေ့မှ တက်ကာ မြွေဖြူလေးသွားရာ လမ်းကြောင်းအတိုင်း လိုက်သွားသည်။ ရှေ့သို့ ဆက်ပြီး မသွားရ... မိနစ်နှစ်ဆယ်ခန့် ကြာသောအခါ အဝေးမှပင် စေတီပုထိုးဟောင်းပျက်များ နှစ်ဆူ သုံးဆူခန့် တွေ့ရသည်။ အလယ်မှ ပုထိုးမှာ နည်းနည်းပိုမြင့်သည်။ ဉာဏ်တော် နှစ်ဆယ်လောက်ရှိမည်ဟု ခန့်မှန်းရသည်။

ငုပ်ပုထိုးပျက်နားသို့ သံလုံးတို့အုပ်စု ကပ်သွားကြသည်။ အနားသို့ရောက်သော် မမျှော်လင့်ဘဲ ဘယ်တုန်းက... ရောက်လာမှန်းမသိသော မြွေများကို တွေ့ရသည်။ မြွေများလည်း နီးစပ်ရာချုံထဲမှ အလျှိုလျှိုထွက်လာနေကြသည်။ မြွေများမှာ အကောင်အကြီးအသေး မျိုးစုံလှသည်။

သူတို့အုပ်စုများ ဆက်မသွားတော့ဘဲ ရောက်သည့်နေရာတွင် ရပ်နေလိုက်ကြသည်။ မြွေများမှာ ရောက်လာ... မဆုံးသေးပါ။ ဘယ်ကဘယ်လိုများ ရောက်လာကြသလဲဆိုသည်ကို အံ့သြစွာဖြင့် ကြည့်နေမိသည်။ မြွေများမှာ ဘယ်တို့မှ ... ဘုရားဆီသို့သာ ဦးတည်ရောက်လာနေကြသည်။ ... ဘုရားပုထိုးတော်တွေပေါ်တက်ကာ နေရာယူတဲ့မြွေ ...



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ ကျန်သောမြွေများက ပုထိုးတော် ပတ်ဝန်းကျင်ကို ဝိုင်းပတ်ကာ နေရာယူထားကြသည်။

မြွေများမှာ တကယ်တော့ ပုထိုးတော်ကို ကာကွယ်စောင့်ရှောက်သူများသာဆိုတာ ယုံမှားစရာမရှိပါ။ ဦးဘကောင်းနဲ့ သံလုံးတို့အုပ်စုမှာ အံ့ဩစွာဖြင့် ကြည့်ရင်း သတိများမေ့နေမိသည်။

မြွေများကလည်း သူတို့အုပ်စုကို ခေါင်းလေးတွေမော့ကာကြည့်နေကြသည်။ မြွေများကြည့်နေပုံများမှာ အသည်းယားစရာပင်...

သံလုံး စိတ်ထဲမှာ သတိတစ်ခုဝင်လာသည်။ လမ်းတစ်နေရာမှာ အိပ်မက်မြင်မက်ခဲ့သော ဦးလူလေး ဆိုတဲ့ အဘ အိပ်မက်ပေးဖူးသည်။ သူကိုယ်တိုင် စောင့်ရှောက်ခဲ့တဲ့ ဘုရားပုထိုးတော်တစ်ဆူရှိတယ်ဆိုတဲ့အကြောင်း အိပ်မက်လာပေးဖူးသည် မဟုတ်ပါလား...

ဒါများ ဖြစ်နေမလားပဲ ဖြစ်လည်းဖြစ်နိုင်တယ်... ဘာကြောင့်လဲဆိုတော့ မြွေဖြူလေးက လမ်းကြောင်းပြလို့ လိုက်လာတာ... ၎င်းဘုရားပျက်ကို တွေ့လိုက်ရသည် မဟုတ်ပါလား...

ထိုအခါ သံလုံးက ဦးဘကောင်းဘက်သို့လှည့်ကာ သူ





မြင်မက်သော အိပ်မက်အကြောင်း ပြောလိုက်သည်။ ထိုသို့ပြောနေစဉ်တွင် သူတို့ဘေးနားမှ ချုံပုတ်တစ်ခု ခါယမ်းသွားတာ တွေ့လိုက်သည်။ ချုံပုတ်ယမ်းပုံမှာ ကြောက်စရာပင်...

ဒါပေမဲ့ သူတို့အုပ်စုက ဘာမှမလုပ်နိုင်ဘဲ ကြည့်နေမိသည်။ ထိုအခါ အလွန်ကြီးမားသော မြွေကြီးတစ်ကောင်ကို တွေ့လိုက်ရသည်။ သူတို့နှင့် မလှမ်းမကမ်းမှ ဖြတ်သွားသည်။ ပြီးနောက် သူတို့၏ရှေ့ကိုက် နှစ်ဆယ်အကွာမှ ရှေ့ရှိ ဘုရားပုထိုးဘက်သို့လှည့်ကာ ပါးပျဉ်းထောင်ကာ မြွေများဘက်သို့လှည့်ကာ ကြည့်နေသည်။

ခဏကြာတော့ ပုထိုးတွေပေါ်ရှိ မြွေများနှင့် ပတ်ဝန်းကျင်ရှိ မြွေများ အလျှိုလျှိုဆင်းကာ နီးစပ်ရာချုံထဲသို့ ဝင်သွားကြသည်။ မြွေများအားလုံး ရှင်းသွားတဲ့အခါ မြွေကြီးက သူတို့ဘက်သို့ လှည့်ကာ ပါးပျဉ်းထောင်ကာ ကြည့်နေသည်။

မြွေကြီး ပါးပျဉ်းထောင်နေတာ ဦးဘကောင်းက သေသေချာချာကြည့်လိုက်သောအခါ...

မြွေကြီး၏ ပါးပျဉ်းတွင် ခရင်းခွလေးပုံတစ်ခု တွေ့လိုက်သည်။ ၎င်းခရင်းခွပုံတော်လေးဟာ စေတီပုထိုးတော်တွေ စောင့်ကြပ်နေသော မြွေများသာဖြစ်ကြသည် မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ပါလား…

ထိုအခါ သံလုံးက…

"အဘရေ… အဘ ဖြစ်စေတဲ့ဆန္ဒအားလုံး သားတို့ ဆောင်ရွက်ပေးပါ့မယ်… သားတို့ကို ကူညီစောင့်ရှောက်ပြီး လမ်းပြပေးတော်မူပါ…"

ဟု ပါးစပ်မှ သံလုံး ရွတ်လိုက်သည်။ ဒါကို ဦးဘကောင်းနှင့် သူ၏လူများက အံ့ဩကာ သံလုံးကို ဝိုင်းပြီး ကြည့်လိုက်သည်။ ပြီးနောက် မြွေကြီးဘက်သို့ အားလုံး မျက်လုံးရောက်သွားကြသည်။

သံလုံး၏ ပြောလိုက်သောစကားဆုံးသောအခါ မြွေကြီးမှာ ပါးပျဉ်းထောင်ကာ မြေကြီးပေါ်သို့ ဝပ်ချပြီး ဘုရားပျက်နောက်သို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။

မြွေကြီးပျောက်ကွယ်သွားတော့မှ ဦးဘကောင်းက ဦးဆောင်ကာ ဘုရားပျက်နားသို့ တိုးကာ လေ့လာလိုက်သည်။

ထိုအခါ ဇော်အောင်က…

"အမလေး…"

ဟု အသံပေးလိုက်သောအခါ သူ့နားတွင် လူခေါင်းမှ အရိုးခေါင်းတစ်စု တွေ့လိုက်ရသည်။ ပတ်ဝန်းကျင်တွင်လည်း





အရိုးစု နှစ်ခု၊ သုံးခု တွေ့လိုက်ရသည်။ ဒါတွေ တွေ့လိုက်ရခြင်းအားဖြင့် ဦးဘကောင်း သဘောပေါက်လိုက်သည်။

ဘုရားပျက်နားသို့ မသမာသူများ ရောက်လာကြ၍ မြွေများက ဆုံးမလိုက်ကြခြင်းဖြစ်သည်။ ဘုရားပျက်ထဲမှ ဌာပနာများ မြွေများက စောင့်ရှောက်ထားသည်မှာ သေချာသည်။

ယခုတော့ အဘကိုယ်တိုင်က သူတို့ကို လွှဲပေးလိုက်သည် မဟုတ်ပါလား။ အဘ စောင့်ရှောက်ခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့သည်ဖြစ်၍ ဝဋ်ကျွတ်ချင်၍ ပုခုံးပြောင်းတာဝန် သူတို့အုပ်စုကို ခွင့်ပြုပေးလိုက်သည်။

သံလုံးလည်း ဘုရားပျက်နားသို့ တဖြည်းဖြည်းချင်း လျှောက်လာကာ စေတီပျက်နားသို့ရောက်သော် အတွင်းဘက်သို့ လှမ်းကြည့်လိုက်သည်။ ထိုအခါ ဘုရားပျက်၏ အလယ်ဝဟိုတွင် ခေါင်းလောင်းပေါက်ကို တွေ့လိုက်ရသည်။

အနားသို့လျှောက်လာကာ သေသေချာချာဖြင့် ဓာတ်မီးဖြင့် ထိုးကြည့်လိုက်သည်။

သံလုံး၏ မျက်လုံးများ ဝင်းပကာ အံ့ဩကာ တစ်ဖက်သို့ လှည့်ကာ ဦးဘကောင်းကို ခေါ်လိုက်သည်။

"ဦးလေး… ဦးလေး…"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ...ဘာဖြစ်လို့လဲ သံလုံး"

"ဘုရားမှာ ဌာပနာတွေပေါ်နေပြီ၊ ဒီလောက်နှစ်ပေါင်းကြာတာ ဘာမှမဖြစ်လို့တော်သေးတယ်၊ အင်းလေ...တောထဲမှာဆိုတော့ ဘယ်သူက လာပြုပြင်ကြမလဲ၊ ဒါကြောင့်လည်းအဘက ကျွန်တော်တို့ကို အလဟဿမဖြစ်အောင် ဘုရားပစ္စည်းများမဆုံးရအောင်ဆိုပြီး အိပ်မက်ပေးတာဖြစ်မယ်၊ အဘ ဖြစ်စေချင်သလို ကျွန်တော်တို့ ဖြစ်အောင် ဆောင်ရွက်ရမယ်... ဟုတ်တယ်မဟုတ်လားဦးလေး..."

"ဟုတ်တာပေါ့... ငါတို့ကလည်း ဘုရားပစ္စည်းတွေ တောထဲမှာ မပျက်စီးစေချင်ဘူး၊ မြေကြီးအောက်ကိုလည်း မရောက်စေချင်ဘူး၊ သူ့နေရာ သူ့ဌာနကို ပြန်ပို့ရအောင်... လာကြကောင်လေးတို့ တို့တွေ ဘုရားပစ္စည်း အိတ်ထဲကောင်းကောင်းထည့်ကြပါ၊ မပျက်မစီးကြစေနဲ့..."

ထိုအချိန်တွင် သံလုံးစိတ်ထဲမှာ သိချင်စိတ်တစ်ခု ဖြစ်မိသည်။ ဒါကလည်း "ဒီဘုရားကို ဒီလိုတောထဲမှာ ဘယ်သူ ဘယ်မင်းကများ တည်ထားသလဲ မသိဘူးနော်" ဟု စိတ်ထဲမှ တွေးနေမိသည်။

ထိုအခါ ဇော်အောင်က...





"ကိုသံလုံး...ကိုသံလုံး...အားလုံးပြီးပြီ သွားရအောင်" ဦးဘကောင်းက...

ဘုရားရှေ့တွင် ဒူးတုတ်ထိုင်ကာ ဘုရားမျက်နှာ ဆိုင်ပြီး ကန်တော့နေတာ တွေ့လိုက်ရသော သံလုံးတို့အုပ်စုလည်း သူတို့ ပါ ဝိုင်းပြီး ကန်တော့လိုက်ကြလေတော့သည်။

သူတို့အားလုံး၏ စိတ်ထဲတွင် ယခုမှပင် ပင်ပန်းခဲ့သမျှ ဘုရားကို ဝတ်ပြုလိုက်သောအခါ အလိုလို စိတ်လက်ပေါ့ပါးကာ ရွှင်လန်းပီတိစိတ်များ ဖြစ်သွားသည်။ တစ်ဦးကို တစ်ဦးလည်း အလိုလိုကြည့်မိလျှက် ပီတိများ ဝေဖြာကာ...

အားလုံးရဲ့စိတ်များ ပေါ့ပါးသွက်လက်လျှက် ရှိနေကြတော့မည်မှာ...

စာဖတ်သူများကို လေးစားလျှက်

မင်းစက္က



www.burmeseclassic.com